www.burmeseclassic.com

နေဘုန်းလတ်

# ကျွန်တော်လွတ်ကျခဲ့တဲ့ မြို့တော်

BURMESE CLASSIC .com

www.burmeseclassic.com

www.nayphonelatt.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အတွင်းစာစီ | ♦ | မြစ်ခွဲဇစ်ကွန်ပျူတာ |
| ထုတ်ဝေသည့်လ | ♦ | ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ |
| အကြိမ် | ♦ | ပထမအကြိမ် |
| အုပ်ရေ | ♦ | ၁၀၀၀ |
| ထုတ်ဝေသူ<br>အတွင်းနှင့် | ♦ | ဦးဝင်းသူရလွင်<br>(အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးပုံနှိပ်သူ | ♦ | ဦးဇော်မြင့်ဝင်း<br>(ကာလာဖုံပုံနှိပ်တိုက်) |
| တန်ဖိုး | ♦ | ၁၅၀၀ ကျပ် |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

နေဘုန်းလတ်

ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော်/ နေဘုန်းလတ်။ - ရန်ကုန်၊ မြို့စားကြီးစာပေ၊ ၂၀၁၂။

၁၆၀ စာ၊ ၁၃ × ၂၀.၇ စင်တီ။

(၁) ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော်


BURMESE CLASSIC .com

## မာတိကာ


- ကျွန်တော်လွတ်ကျခဲ့တဲ့ မြို့တော် ၇
- ပြန်တည်ဆောက်ရမယ့် မြို့တော် ၁၇
- မျက်ဝန်းတစ်ညို့ရဲ့ အတိုင်းအတာ ၃၁
- လူနှင့် ခေတ်သစ်ဘီလူး ၃၇
- ဘဝမကူးချင်သူများ ၅၇
- ဘီလူးတစ်ကောင်ရဲ့ ကကြိုး ၆၉
- စိတ်ကူးမယဉ်ဝံ့တဲ့သူ ၇၇
- ကမ္ဘာနှင့် ကိန်းဂဏန်းများ ၈၉
- သက်ရှိကွက်လပ်များ ၉၇
- ကျွန်တော့်ခန္ဓာနှင့် အခြားလူ ၁၀၅
- မင်းသား၊ လက်ခုပ်သံများနှင့် ကိုယ်ဝင်ကြည့်ခဲ့တဲ့ ဇာတ်ပွဲ ၁၁၉
- ကွက်လပ်ဖြည့်လိုက်ရတဲ့ ကွက်လပ် ၁၂၉
- ဒေါ်လာ ၂၀ ၁၄၁
- သဲနှင့် ကျောက်သား ၁၄၉
- တန်ဖိုး ၁၅၃
- အမြင် ၁၅၇


www.burmeseclassic.com


www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်လွှတ်ကျခဲ့တဲ့မြို့တော်

တဖွဲဖွဲကျနေတဲ့ ဆောင်းနှင်းတွေကြားထဲမှာ ကျွန်တော့်ရဲ့မြို့တော်လေးကို ကျွန်တော် သဲသဲကွဲကွဲမြင်ခဲ့ရတာပါ။ နူးညံ့တယ်ဆိုတာထက်ပိုတဲ့ ညင်သာမှုတွေရဲ့ အထိအတွေ့မှာ ကျွန်တော့်ရဲ့လက်ဖဝါးတွေ နွေးထွေးသက်ဝင်လာရာက စခဲ့တယ်။ သူမဟာ ကျွန်တော့်ကို မြို့တော်လေးအကြောင်းတွေ ဖွင့်ဆိုပြခဲ့တဲ့ အသံမဲ့ကဗျာတစ်ပုဒ်ဖြစ်တယ်။ သူမက မိုးရာသီကို ချစ်တယ်။ ကျွန်တော်က မိုးရာသီမှာ မွေးတယ်။ အဲဒီတော့ သူမက ကျွန်တော့်ကိုချစ်တယ်။ သိပ်တော့မဆိုင်လှပေမယ့် အဲဒီအတိုင်းပဲဖြစ်ခဲ့တယ်။ မရေရာမှုတွေသာ တကယ့်ကို သေချာခဲ့တဲ့ လောကထဲမှာ သူမနဲ့ ကျွန်တော် အသေအချာကိုချစ်ခဲ့ကြဖူးပါတယ်။ အသည်းပုံဖဲချပ်လေးတွေကို ဆွဲတိုင်း စပိတ်နဲ့ ညှင်းတွေပဲ ကျကျလာတတ်တဲ့ ဖဲချပ်တွေကို ကျွန်တော်မုန်းတယ်။ ကျွန်တော် သူမကို လွမ်းနေပါတယ်။ လွမ်းတယ်ဆိုတဲ့ စကားကို အပိုစာသားတွေမပါဘဲ ကျွန်တော် ထပ်ပြောပါ့မယ်။ ကျွန်တော် သူမကို လွမ်းနေပါတယ်။ ကျွန်တော်က အပြုံးတုတွေကြားမှာ အတုံးအရှုံးကျဆုံးတယ်။ သူမက ပါးချိုင့်ကလေးပေါ်အောင်ပြုံးရင်း ကျွန်တော့်ကို အားပေးတယ်။

www.burmeseclassic.com



ကျွန်တော်မထင်မှတ်ခဲ့ပေမယ့် ကျွန်တော့်ရဲ့ ရင်ဘတ်ထဲကို သူမရောက်လာတယ်။ အနက်ရှိုင်းဆုံး၊ အနူးညံ့ဆုံး နှလုံးသားရဲ့တစ်နေရာမှာ လှလှပပပဲ သူမ နေရာယူခဲ့တယ်။ သိပ်ကိုသိမ်မွေ့လွန်းတဲ့အတွက် ကျွန်တော် ရုတ်တရက်မသိခဲ့လိုက်ဘူး။ ချစ်စရာပါးချိုင့်လေးအတွက်လို့ ရေးထားတဲ့ ကျွန်တော့်ရဲ့စာသားတွေကို သူမ ဆုတ်ဖြဲပစ်ခဲ့ပြီလား။ ဘာပဲဖြစ်ဖြစ် သူမနဲ့ ကျွန်တော် အတူတူမှန်းမျှော်ခဲ့ကြဖူးတဲ့ ကျွန်တော်တို့ရဲ့မြို့တော်လေးဆီကို အရောက်သွားဖို့ သူမရဲ့နာမည်ကို ကျွန်တော် တိုးတိုးလေးအော်ခေါ်နေမိတယ်။ နားလည်မှုဆိုတဲ့စကားလုံးကိုကြားတိုင်း ကျွန်တော်ပြုံးမိတယ်။ ကျွန်တော်ပျော်နေရင် သူမကျေနပ်တယ်၊ ကျွန်တော်ပြုံးတာကို သူမနှစ်သက်တယ်၊ ကျွန်တော် မျက်ရည်ကျရင် သူမငိုတယ်၊ ကျွန်တော်စိတ်ညစ်တဲ့အခါ ဟင့်အင်း··· မဟုတ်ဘူး။ သူမကြောင့် ကျွန်တော် တစ်ခါမှစိတ်မညစ်ခဲ့ဖူးဘူး။ ကျွန်တော် စိတ်ဓာတ်ကျတဲ့အခါ သူမက အားအင်တွေပေးတယ်။ သူမရဲ့ရင်ခွင်ထဲကို တိုးဝင်ပြီး နားစွင့်ကြည့်လိုက်တဲ့အခါတိုင်း ကြားရတဲ့ ရင်ခုန်သံတွေက ကျွန်တော့်ကို ချစ်ခြင်းမေတ္တာအကြောင်း စာလုံးပေါင်းပြတယ်။ သူမက ကျွန်တော့်ကို ချစ်တယ်။ တူညီတဲ့တုံ့ပြန်မှုပြန်ပေးတာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်လည်း သူမကို သိပ်ချစ်ပါတယ်။ မျက်လုံးကိုမှိတ်ပြီး သူမအကြောင်းကို စဉ်းစားတိုင်း ကျွန်တော့်ရဲ့ရင်ခုန်သံတွေ မြန်မြန်လာတယ်။ အဆုံးအစမရှိဘူးလို့ထင်ရတဲ့ ကျွန်တော့်ရဲ့အတွေးတွေက သူမနဲ့စပြီး သူမနဲ့ ဆုံးတယ်။ သူမသီကုံးဖွဲ့ဆိုခဲ့ဖူးတဲ့ မြို့တော်လေးတစ်ခုရဲ့ အသွင်သဏ္ဌာန်တွေက ကျွန်တော့်ရဲ့စိတ်ကူးပုံရိပ်ထဲမှာ မပီဝိုးတဝါးနဲ့ လှပသက်ဝင်နေတုန်းလေ။ ကျွန်တော်ပြေလျှော့လိုက်တဲ့ လက်တွေကို သူမ



ဘာလို့ပြန်ဆွဲမယူခဲ့လဲလို့ ကျွန်တော်မိုက်မိုက်ကန်းကန်း တွေးဖူးတယ်။ ဝေဒနာဆိုတာ ခံနိုင်ရည်ရှိမှုနဲ့ မဆိုင်ဘူးတဲ့။ နူးညံ့လွန်းတဲ့ သူမရဲ့နှလုံးသားဟာ ကျွန်တော့်ကြောင့် မာကျောသွားခဲ့တာလား။ ရင်ခုန်သံနဲ့ တစ်ထပ်တည်းကျတဲ့ စကားလုံးတွေကို သုံးပြီး သူမ ကဗျာလေးတွေ သီကုံးတတ်တယ်။ သူမ ရွတ်မပြခဲ့ဖူးပေမယ့် သူမရဲ့ကဗျာတွေကိုဖတ်တိုင်း သူမရဲ့အသံကို ကျွန်တော်ကြားတယ်။ ကျွန်တော်တစ်ယောက်တည်းအတွက်ဆိုဟာ အတိအကျကိုသေချာတဲ့ အဲဒီကဗျာလေးတွေထဲမှာ ဖြူစင်အေးမြတဲ့ ချစ်ခြင်းမေတ္တာကို ကျွန်တော် တွေ့ရတယ်။ သူမနဲ့ ကျွန်တော် နှစ်ယောက်အတူရေးစပ်ခဲ့ဖူးတဲ့ ကဗျာလေးတစ်ပုဒ်ထဲက စာသားလေးလိုပေါ့။ ကျွန်တော်က ဖြူလွလွတိမ်စလေးဖြစ်တယ်။ သူမက တိုက်ခတ်လေပြေလေးဖြစ်တယ်။ သူမဟာ ကျွန်တော်နဲ့ပတ်သက်လာရင် အတ္တနည်းလွန်းတယ်။ သူမရဲ့ စိတ်ကျေနပ်မှုအတွက် ကျွန်တော့်ကို စိတ်ညစ်အောင်မလုပ်ဘူး။ သူမရဲ့သာယာပျော်ရွှင်မှုအတွက် ကျွန်တော့်ကို အချုပ်အနှောင်တွေထဲကို မထည့်ဘူး။ ကြားစကားတွေ၊ လေလှိုင်းထဲက အတင်းအဖျင်းတွေကို သူမက ယုံကြည်ချက်တစ်ခုတည်းနဲ့ ရိုက်ချိုးနိုင်စွမ်းတယ်။ သူမဟာ သိပ်ကိုချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ်။ ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော်လေးကို သူမက တည်ဆောက်တယ်။ အဲဒီမြို့တော်လေးမှာ အခြေအမြစ်မရှိတဲ့ သံသယတွေအစား နားလည်ယုံကြည်မှုတွေ ရှိတယ်။ အစွန်းရောက်တဲ့ ချုပ်နှောင်တားမြစ်မှုတွေအစား မျှတပြေပြစ်တဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ရှိတယ်။ မရေရာတဲ့ မေးခွန်းပုစ္ဆာတွေအစား သေချာတဲ့အမှန်တရားတွေ ရှိတယ်။ တစ်ဦးကိုတစ်ဦး အထင်သေးနှိမ့်ချမှုတွေအစား အပြန်အလှန်

www.burmeseclassic.com



ချစ်ခင်လေးစားမှုတွေရှိတယ်။ ကျွန်တော်တို့ရဲ့မြို့တော်လေးမှာ အလှဆုံးဆိုတဲ့ ပန်းတွေသာ ဝေဝေဆာဆာကို ဖူးပွင့်ကြိုင်လှိုင်ခဲ့တာပါ။ ကျွန်တော့်ရဲ့ အားနည်းချက်တစ်ခုမှာ ကျွန်တော် ညင်ညင်သာသာ ကျဆုံးခဲ့ချိန်ပေါ့။ ကျွန်တော့်ခြေလှမ်းတွေက အာသာဆန္ဒတွေနောက်ကို လိုက်တယ်။ ကျွန်တော့်ရဲ့အာရုံတွေက ပြင်းထန်လွန်းကဲတဲ့ ရမ္မက်တွေရှိရာကို ရောက်တယ်။ အနီးဆုံးမှာရှိနေတဲ့ သူမကို ကျောခိုင်းပြီး မာယာတွေအပြိုင်းအရိုင်းထနေတဲ့ လောကထဲကို ကျွန်တော် အရိုင်းအစိုင်းတစ်ယောက်လို ဝင်တိုးမိခဲ့တယ်။ သူမ မကြားချင်ဆုံးဖြစ်တဲ့ ဝေးဆိုတဲ့ စကားတစ်ခွန်းက ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဘဝထဲကို ပြုတ်ကျလာတယ်။ အနမ်းတွေနေရာကို အလွမ်းတွေက အစားဝင်တယ်။ အပြုံးတွေ နေရာကို အရှုံးတွေက အစားဝင်တယ်။ အဲဒီလို အဲဒီလိုနဲ့ ဝေးခဲ့ကြတယ်။ ကျွန်တော်တို့ ဝေးခဲ့ကြတယ်။ လှောင်ရယ်သံတွေကို မုန်းမိတဲ့အခါတိုင်း သူမရဲ့ချစ်စဖွယ်အပြုံးလေးကို သတိရတယ်။ အမိန့်တွေကို စက်ရုပ်တစ်ရုပ်လို နာခံရတိုင်း သူမပေးခဲ့ဖူးတဲ့ အချုပ်အနှောင်ကင်းတဲ့ ချစ်ခြင်းတွေကို တမ်းတတယ်။ ရန်းထွက်ဖို့ခက်တဲ့ ခြပ်မဲ့အကာအရံတွေကြားမှာ ပိတ်လှောင် မွန်းကျပ်မိတဲ့အခါတိုင်း အရာအားလုံးကို မေ့ပျောက်စေတဲ့ သူမရဲ့ရင်ခွင်ကို လွမ်းတယ်။ သူမပေးနိုင်တော့မှာ မသေချာပေမယ့် ကျွန်တော် အားလုံးကို ပြန်လိုချင်နေခဲ့တာကတော့ သိပ်ကို သေချာပါတယ်။ ကျွန်တော်ဟာ ငြိမ်းချမ်းအေးမြတဲ့ မြို့တော်လေးတစ်ခုကို လွှတ်ချမိခဲ့တဲ့ကောင်ပါ။ ကျွန်တော် လွှတ်ချထားခဲ့တဲ့ မြို့တော်လေးရဲ့ တံခါးဝမှာ ချစ်ခြင်းတွေပြည့်သိပ်နေတဲ့ ရင်ခွင်တစ်ခုနဲ့ သူမ ကျွန်တော့်ကို မျှော်နေမှာလား။ ဒါမှမဟုတ် မြို့တော်လေးရဲ့ တံခါးကိုပိတ်၊ အတိတ်တွေ



အားလုံးကို သောနားမှာချိတ်ထားပြီး သူမတစ်ယောက်တည်း နှုးညံ့တိတ်ဆိတ်နေမှာလား။ ဒါမှမဟုတ် မြို့တော်လေးရဲ့ အရေခွံဟောင်းတွေကို ခွာချ၊ အသစ်အသစ်သော ရင်ခုန်သံအပိုင်းအစတွေနဲ့ မြို့တော်အသစ်တစ်ခုကို သူမ တည်ဆောက်စပြုနေပြီလား။ ကျွန်တော်နဲ့ဝေးရာကို ရွက်လွှင့်သွားခဲ့တဲ့ သူမ ကျွန်တော့်မျက်စိရှေ့ကို ပြန်ရောက်လာပါ့မလား။ နှလုံးသားထဲကနေ တမ်းတမိတဲ့အခါတိုင်း စိတ်ထဲကနေ လှမ်းလှမ်းခေါ်နေမိတဲ့ ကျွန်တော့်ရဲ့ အသံမပါတဲ့ ဟစ်အော်မှု တွေကို သူမ လက်ခံချင်စိတ်ရှိမှ ရှိပါ့မလား။ မေးခွန်းတွေရော၊ ပုစ္ဆာတွေရော ကျွန်တော့်ရဲ့အာရုံထဲမှာ ပေါက်ကွဲလွင့်မျောနေကြတယ်။ လွမ်းမိတဲ့အခါတိုင်း ကျွန်တော့်ရဲ့နှုတ်ဖျားကနေ ဖုံးမနိုင်ဖိမရ ထွက်ထွက်ကျလာတတ်တဲ့ သူမရဲ့နာမည်ကို အိမ်ရှေ့ကအုတ်ခုံလေး မှတ်မိနေလိမ့်မယ်။ လွမ်းမိတဲ့အခါတိုင်း ဖွင့်ဖွင့်ဖတ်မိတဲ့ သူမရဲ့ ကဗျာစာအုပ်လေးထဲမှာ ကျွန်တော့်ရဲ့ မျက်ရည်စတွေရှိလိမ့်မယ်။ ဘယ်သူမှမသိပေမယ့် ကျွန်တော် ခိုးခိုးကြည့်နေမိတဲ့ သူမရှိတတ်တဲ့နေရာလေးတွေက ကျွန်တော့်ရဲ့အဖြစ်ကို လှောင်ရယ်နေကြလိမ့်မယ်။ သိပ်မဝေးတဲ့နေရာတစ်ခုမှာ ဟစ်အော်ဆိုညည်းနေမိတဲ့ ကျွန်တော့်ရဲ့သီချင်းသံတွေ သူမ မကြားနိုင်ပေမယ့် ကျွန်တော့်ရဲ့ဂစ်တာလေးကတော့ အလွတ်ရနေလိမ့်မယ်။ ကျွန်တော့်ဘဝတစ်ခုလုံးစာအတွက် သိပ်ကိုသေချာတဲ့ စကားတစ်ခွန်းကို သူမကြားမှာမဟုတ်ပေမယ့် ကျွန်တော် ထပ်ပြီးပြောချင်ပါတယ်။ ကျွန်တော် သူမကိုသိပ်ချစ်တယ်။

နေဘုန်းလတ်

၅.၂.၀၆

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော်

Zin Ko Latt said....

အနမ်းတွေနေရာကို အလွမ်းတွေက အစားဝင်တယ်။ အပြုံးတွေနေရာကို အရှုံးတွေက အစားဝင်တယ်... ဆိုတဲ့ စကားလုံးကို အကြိုက်ဆုံးပဲ။

Ko Phyoe said....

ကျွန်တော်က အပြုံးတုတွေကြားမှာ အတုံးအရုံးကျဆုံးတယ်... တဲ့လား။ ဟုတ်ကဲ့ ကျွန်တော်လည်း ကျဆုံးဖူးပါရဲ့။ ကိုဇင်ကိုလတ် အရမ်းမိုက်တယ်ဗျာ။ ကြိုက်သမျှစာသားသာ ထုတ်ပြရမယ်ဆိုရင်... အကုန်ပဲဗျ။ ကျွန်တော် ဒါမျိုးမရေးတတ်ဘူး။ အရမ်းကြိုက်တယ်။

ကျွန်တော်လွတ်ကျခဲ့တဲ့ မြို့တော် said...

ငါလည်း ဒါမျိုး နောက်တစ်ခါထပ်ရေးနိုင်ဖို့ဆိုတာ မသေချာတော့ဘူး ကိုဖြိုးရေ။ အားပေးတဲ့အတွက် ကျေးဇူးပါ။

တစ်ပြည်သူ အိမ့်ချမ်းမြေ့ said...

သူမပေးခဲ့ဖူးတဲ့ အချုပ်အနှောင်ကင်းတဲ့ ချစ်ခြင်းတွေကို တမ်းတတယ်။ ရုန်းထွက်ဖို့ခက်တဲ့ ဒြပ်မဲ့အကာအရံတွေကြားမှာ ပိတ်လှောင်မှုန်းကျပ်မိတဲ့အခါတိုင်း အရာအားလုံးကို မေ့ပျောက်စေတဲ့ သူမရဲ့ ရင်ခွင်ကို



လွမ်းတယ်။ သူမ ပေးနိုင်တော့မှာ မသေချာပေမယ့် ကျွန်တော် အားလုံးကို ပြန်လိုချင်နေခဲ့တာကတော့ သိပ်ကိုသေချာပါတယ်။

Beautiful!!

ကလိုစေးထူး said...

မိုးမခမှာ ထင်တယ်ဗျာ။ ဖတ်လိုက်ရဖူးတယ်။ မြန်မာဘလော့ဂါတွေအတွက် အချစ်ဆိုတာ ရှားပါးပစ္စည်းတဲ့။ ဒီတစ်ခါဆိုရင် သူတို့ကို ဒီဝတ္ထုလေး အဖတ်ခိုင်းလို့ရပြီ။ စကားမစပ်ပြောရရင် 'ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော်'လို့ ဘလော့ဂ်နာမည်ပေးထားရတဲ့အကြောင်းရင်းကို အခုမှ သိရတယ်ဗျာ။

ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော် said...

ကျွန်တော့်ရဲ့ ရင်ထဲကစကားလုံးတွေကို အခုလိုအားပေးကြတဲ့အတွက် အားလုံးကိုကျေးဇူးပါ ခင်ဗျာ။

SOE ZEYA said...

အင်း... လွတ်ခဲ့တဲ့မြို့ဆိုတာ ဒါကြောင့်ဖြစ်လာတာကိုး။

Nay Nay said...

စကားလုံးတွေ အရမ်းကြိုက်တယ်...

www.burmeseclassic.com

www.burmeseclassic.com



Khunmyahlaing said...

လွှတ်ကျသွားတာ ခံလိုက်ရတဲ့ မြို့တော်လေး ကျိုးပဲ့ ကြေမွ ထိခိုက် ပွန်းရှမှုမဖြစ်ပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါတယ်။

Totto Chan said...

အရမ်းသဘောကျပါတယ်။ စာသားတွေက အရမ်းကောင်းတာပဲ။ ရင်တွင်းခံစားချက်မို့လို့ ထင်တယ်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# ပြန်တည်ဆောက်ရမယ့်မြို့တော်

သူမကို ကျွန်တော် စတွေ့ခဲ့တာ မြစ်တစ်ခုရဲ့ ကမ်းနံဘေးမှာပါ။ ဘာရယ်ညာရယ်မဟုတ်ဘဲ ကျွန်တော့်ဘာသာကျွန်တော် ထိုင်နေတဲ့အချိန် သူမကလည်း လက်ထဲက ဘာမှန်းမသိတဲ့ ပစ္စည်းလေးတစ်ခုနဲ့ အလုပ်တွေရှုပ်နေခဲ့တယ်။ သူမကို ကျွန်တော်သတိထားမိချိန်မှာ သူမကတော့ ကျွန်တော့်ကို သတိမထားမိသေးဘူး။ သူမလက်ထဲက ပစ္စည်းလေးကို မြစ်ထဲပစ်ချလိုက်ဖို့ လက်ကိုလွှဲလိုက်တယ်။ ပြီးတော့ မပစ်လိုက်သေးဘဲ လွှဲလိုက်တဲ့လက်ကို လမ်းတစ်ဝက်မှာတင် ရပ်လိုက်ပြီး ပစ္စည်းလေးကို တမြတ်တနိုးနဲ့ ပြန်ကြည့်နေပြန်တယ်။ နေရောင်တစ်ချက်အဝင်မှာ လက်ခနဲဖြစ်သွားတဲ့အရောင်ကြောင့် ရွှေနဲ့လုပ်ထားတဲ့ တစ်ခုခုဖြစ်လိမ့်မယ်လို့ ကျွန်တော် တွေးမိတယ်။ ကျွန်တော် သူမအနားကို တိုးကပ်သွားတာတောင်မှ သူမက ကျွန်တော့်ကို ဘယ်လိုမှ သတိပြုမိပုံမရဘူး။ ဖြစ်နိုင်တာက သူမရဲ့ အသိတရားတွေအားလုံးဟာ သူမလက်ထဲကိုင်ထားတဲ့ ပစ္စည်းလေးက လွဲလို့ အခြားဘယ်အရာတွေဆီမှာမှ ရှိမနေတာ နေမှာ။ တိုးတိုးလေး

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရုံနဲ့ သူမ ကြားရနိုင်လောက်တဲ့ အကွာအဝေးအရောက်မှာ လှမ်းခေါ်မနေတော့ဘဲ ကျွန်တော် တိုက်ရိုက်ပဲ မေးလိုက်တယ်။

'ဘာဖြစ်လို့လွှင့်ပစ်မှာလဲ'

သူမ ကျွန်တော့်ကို လှည့်မကြည့်ပေမယ့် ကျွန်တော့်အမေးကိုတော့ ကြားပုံပေါ်ပါတယ်။ သူမလက်ထဲက ပစ္စည်းလေးကို လက်ဖဝါးပေါ် ဖြန့်တင်ထားရင်းက ကျွန်တော့်မေးခွန်းကို ဖြေဖို့ သူမ စဉ်းစားနေတယ်။ စဉ်းစားနေပုံရတယ်။ အခုမှပဲ ကျွန်တော်လည်း သူမရဲ့ လက်ဖဝါးပေါ်က သူမလွှင့်ပစ်ချင်နေတဲ့ပစ္စည်းလေးကို သေသေချာချာကြည့်ခွင့်ရတော့တယ်။ ရွှေလက်စွပ်မောင်းကွင်းလေးပဲ။ တစ်ခုခုရေးထွင်းထားပုံပေါ်ပေမယ့် ဘာလဲ ဆိုတာကိုတော့ သေချာမမြင်ရဘူး။

'လွှင့်ပစ်ပါတယ်ဆိုမှ မလိုချင်တော့လို့ပေါ့၊ ဘာဖြစ်လို့ မလိုချင်တော့တာလဲဆိုတော့ ကျွန်မအတွက် အသုံးမဝင်တော့လို့ ကျွန်မအတွက် အဓိပ္ပာယ်မရှိတော့လို့'

သူမက ကျွန်တော့်ရဲ့အမေးကို ဆောင့်ကြီးအောင့်ကြီးနဲ့ ဖြေတယ်။ ဒါပေမဲ့ သူမရဲ့တုံ့ပြန်မှုက ကျွန်တော့်ကို ရန်တွေ့ပြီး မောင်းထုတ်တာမျိုး မဟုတ်တဲ့အတွက် တော်သေးတယ်။

'ဒီမြစ်က ရေစီးသန်တယ်၊ အခု မင်းပစ်ချလိုက်ပြီဆို ဒီလက်စွပ် လေးကို မင်းနောက်ထပ် ဘယ်တော့မှတွေ့ရတော့မှာမဟုတ်တော့တာ ကျိန်းသေတယ်၊ မင်းအမြတ်တနိုးထားတဲ့ ပစ္စည်းတစ်ခုကို အပြီးအပိုင် စွန့်လွှတ်ပစ်ဖို့အတွက် မင်း တကယ်အဆင်သင့်ဖြစ်နေပြီဆိုတာ သေချာ လား'



ဒီတစ်ခါတော့ သူမ ကျွန်တော့်ကို တအံ့တဩနဲ့ လှည့်ကြည့် တယ်။ သူမရဲ့ အပြုအမူတွေကို ငေးကြည့်နေရင်း သူမရဲ့ စိတ်တွေကိုပါ မှန်းဆကြည့်မိတာပါ။ သူမရဲ့ လက်သူကြွယ်အရင်းနားလေးမှာ သာမန် အသားအရေထက် အနည်းငယ်ပိုဖြူနေတဲ့အရစ်လေးက ဒီလက်စွပ်လေးကို သူမ မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားဝတ်ဆင်ခဲ့တဲ့ ကာလတွေ ကြာခဲ့ပြီဆိုတာ ကို ပြနေတယ်လေ။ ပြီးတော့ သူမရဲ့ တွေဝေတွန့်ဆုတ်နေတဲ့ အမူအရာ တွေကလည်း သူမစိတ်ထဲက ဒွိဟတွေကို လှစ်ဟပြနေတယ်။ သူမက ကျွန်တော်မေးတာကို မဖြေဘဲ လက်စွပ်လေးကို သူမရဲ့လက်သူကြွယ်မှာ ဝတ်လိုက်၊ ပြန်ချွတ်လိုက်လုပ်ရင်း စိတ်တွေရှုပ်နေတယ်။ ကျွန်တော် သူမ အနားမှာ ဝင်ထိုင်လိုက်ပြီး သူမအဖြေကို စောင့်မနေတော့ဘဲ ဆက်ပြော လိုက်တယ်။

'ကိုယ် မြတ်နိုးတန်ဖိုးထားရတဲ့ အရာတစ်ခုခုကို အကြောင်းအမျိုး မျိုးကြောင့် လောလောဆယ် အနားမှာမရှိစေချင်လို့ အချိန်မရွေးပြန်ယူနိုင် တဲ့နေရာတစ်ခုမှာ ခဏသိမ်းထားလိုက်တာနဲ့ ဘယ်တော့မှ ပြန်ယူလို့မရ တော့အောင် အပြီးအပိုင်စွန့်လွှတ်ပစ်လိုက်တာနဲ့ အဲဒီအခြေအနေနှစ်ခုကနေ ပေးတဲ့ ခံစားချက်တွေမှာ မတူညီတဲ့ပြင်းအားတွေ ရှိနေတယ်။ တချို့တွေ ကျတော့ ခဏဖယ်ထား၊ သိမ်းထားရင်းနဲ့ပဲ အပြီးအပိုင်ဆုံးရှုံးလိုက်ရတာ မျိုးတွေ ရှိတတ်တယ်။ အဲဒီအခါ ကြိုတင်မျှော်လင့်မထားခဲ့တဲ့ ခံစားချက် အသစ်တွေထဲ နောင်တတွေပါ ရောပါလာပြန်ရော။ ဒီပစ္စည်းလေးကို မင်း သိပ်မြတ်နိုးတယ်၊ သိပ်တန်ဖိုးထားတယ်ဆိုတာ သေချာရင်တော့ မင်းရဲ့လက် ချောင်းလေးမှာပဲ အမြဲတမ်းဝတ်ထားသင့်ပါတယ်။ နောင်တဆိုတဲ့ သစ်သီး

www.burmeseclassic.com

www.burmeseclassic.com



က မြည်းစမ်းကြည့်စရာမလိုအောင်ကို ခါးသက်ပြင်းရှမှုက သိသာလွန်းပါတယ် ကောင်မလေးရယ်'

ကျွန်တော့်ရဲ့စကားတွေကို သူမ ငြိမ်ငြိမ်လေး နားထောင်နေတယ်။ ဝဲနေတဲ့မျက်ရည်တွေ ပါးပြင်ပေါ် လိမ့်ဆင်းမလာစေဖို့ သူမက ဦးခေါင်းကို ကောင်းကင်ပေါ်မော့ပြီး မျက်လုံးတွေကို မှိတ်ပစ်လိုက်တယ်။ သူမရဲ့လက်သူကြွယ်လေးမှာ ဝတ်လျက်သား ပြန်ရှိနေတဲ့ လက်စွပ်လေးကို ကျွန်တော် သေသေချာချာစိုက်ကြည့်လိုက်မိတယ်။ နေ့စွဲတစ်ခုပဲ။ သူမ ပျော်ရွှင်ကြည်နူးခဲ့ဖူးတဲ့ အထိမ်းအမှတ်နေ့လေးတစ်ခုပဲ ဖြစ်ရမယ်။ သိပ်ပျော်စရာကောင်းခဲ့တဲ့ အထိမ်းအမှတ်နေ့စွဲလေးတစ်ခုကို ရေးထွင်းထုဆစ်ထားတဲ့ ဒီလက်စွပ်လေးက သူမအတွက် ဘာကြောင့်များ အသုံးမကျတော့တာလဲ။ ဘာကြောင့်များ အဓိပ္ပာယ်တွေ မဲ့သွားခဲ့ရတာလဲ။ ကျွန်တော့်စိတ်ထဲမှာ တွေးမိနေတာတွေကို ထုတ်မမေးလိုက်ပေမယ့် သူမကတော့ တိကျတဲ့အဖြေတွေ ပေးခဲ့တယ်။

'ဒါ ကျွန်မရဲ့ စေ့စပ်လက်စွပ်ပေါ့၊ ဒီမှာ ရေးထွင်းထားတဲ့ နေ့စွဲလေးက ကျွန်မတို့စေ့စပ်တဲ့နေ့လေ၊ နှစ်ယောက်ပုံစံတူလုပ်ထားတဲ့ လက်စွပ်လေးဆိုတာက နှစ်ယောက်စလုံး အတူတူဝတ်ထားကြမှ အဓိပ္ပာယ်ပြည့်ဝတာလေ။ အခုတော့ သူက ကျွန်မတို့နှစ်ယောက်လုံးရဲ့ ဘဝအတွက် သိပ်အရေးကြီးတဲ့ လက်စွပ်လေးကို ချွတ်ပစ်ပြီး သီးခြားဘဝတစ်ခုကို စတင်ဖို့ ခြေလှမ်းပြင်နေပြီ၊ သူ ဆက်လက်ဝတ်ဆင်ချင်တဲ့စိတ် မရှိတော့တဲ့ လက်စွပ်လေးနဲ့ ခွဲမရအောင် ပုံစံတူတဲ့ လက်စွပ်တစ်ကွင်းကို ကျွန်မတစ်ယောက်တည်း ဆက်ဝတ်ထားမယ်ဆိုရင် အဲဒီအပြုအမူရဲ့ အဓိပ္ပာယ်က အရင်တုန်းကနဲ့ မတူတော့ဘဲ ကွဲပြားသွားတော့တယ်လေ'



နှစ်ယောက်အတူတူဝတ်ဆင်ဖို့ လုပ်ထားတဲ့ လက်စွပ်လေးတွေ နှစ်ယောက်စလုံးရဲ့ လက်မှာ ရှိနေခြင်းဟာ မြတ်နိုးခြင်း၊ ချစ်ခြင်းမေတ္တာ၊ နှောင်ဖွဲ့သောတွယ်တာမှုနဲ့ နှစ်ယောက်တစ်ဘဝဆိုတဲ့ အဓိပ္ပာယ်တွေကို ဆောင်ပေမယ့် အဲဒီလက်စွပ်လေးတွေကိုပဲ တစ်ယောက်ယောက်က ချွတ်ပစ်ပြီး အခြားတစ်ယောက်ကပဲ ဝတ်ဆင်ထားမယ်ဆိုရင်တော့ အဲဒီအခြေအနေဟာ ခွဲခွာခြင်း၊ ဒဏ်ရာ၊ ဖြတ်တောက်ပြယ်လွင့်သော အကြင်နာတရားနဲ့ တစ်ယောက်တစ်ဘဝစီဆိုတဲ့ အဓိပ္ပာယ်တွေအဖြစ် ပြောင်းလဲဖြစ်တည်သွားကြမှာလေ။ သူမပြောချင်နေတဲ့ စကားတွေကို ကျွန်တော် နှလုံးသားနဲ့ ခံစားနားလည်နေမိတယ်။ သူမက လက်စွပ်လေးကို ပြန်ချွတ်လိုက်ပြီး လက်ထဲမှာ ဆုပ်ကိုင်ထားပြန်တယ်။

'သူ မင်းဆီ ဘယ်တော့မှ ပြန်မလာတော့ဘူးဆိုတာ သေချာလို့လား၊ တစ်ခါတစ်ခါ ကိုယ်တို့တွေက တကယ်မပြီးဆုံးသေးတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြီးပါပြီလို့ စာတန်းထိုးမိတတ်ကြတယ်၊ အဲဒီလိုနဲ့ပဲ အရာရာကို မလိုအပ်ဘဲ အသစ်ကပြန်စကြရရော။ အချိန်ကာလတွေကို ဖြတ်သန်းပြီး မှတ်ကျောက်တင်ခံထားပြီးသားဖြစ်တဲ့ အချို့သောတန်ဖိုးတွေဆိုတာက အချိန်ကာလတစ်ခုကို ထပ်စောင့်ပြီးမှ ပြန်ရနိုင်တာလေ။ ဘဝကို ခဏခဏ တစ်စပြန်စနေကြရတဲ့သူတွေမှာ တန်ဖိုးထားမြတ်နိုးစရာတွေ ရှားပါးနေတတ်တယ်။ မင်းပြန်စဉ်းစားပါဦး'

ကျွန်တော့်စကားကို ကြားတော့ သူမက နှုတ်ခမ်းကိုကိုက်ပြီး နာနာကြည်းကြည်းပြုံးတယ်။ မျက်ရည်ဝဲနေတဲ့ မျက်လုံးတွေရဲ့ လွမ်းဆွတ်မှု၊ သွားနဲ့ဖိကိုက်ထားတဲ့ တုန်ယင်နှုတ်ခမ်းနှစ်လွှာရဲ့ ပြင်းရှသော နာကျင်

www.burmeseclassic.com



ကြေကွဲမှု၊ ဖိစီးသောဝေဒနာတို့ရဲ့ ပြင်းထန်သော ထိုးနှက်ချက်တို့အောက်မှာ တဆတ်ဆတ်တုန်ခါမောပန်းနေရှာတဲ့ ဒဏ်ရာရနှလုံးသားတစ်ခု၊ အဲဒီအကြောင်းတရားတွေရဲ့ ပေါင်းဆုံထိစပ်မှုရလဒ် သူမရဲ့ နာကြည်းခံပြင်းသောအပြုံးဟာ ကျွန်တော့်အတွက်တော့ အနိုက်အတန့်လေးတစ်ခုစာ ပါးရှားတဲ့အနုပညာပစ္စည်းလေးတစ်ခု ဖြစ်နေခဲ့တယ်။ တုန်ယင်နေတဲ့ သူမရဲ့ နှုတ်ခမ်းဖျားလေးတွေ သက်ဝင်လာတယ်။ နှုတ်ခမ်းတစ်စုံဟာ တူရိယာပစ္စည်းတစ်ခုဖြစ်နိုင်သလို နှုတ်ထွက်စကားတွေဟာလည်း ဂီတဖြစ်နေနိုင်တာပဲလို့ သူမရဲ့စကားတွေကို နားထောင်နေရင်း ကျွန်တော် တွေးမိတယ်။

'ပြန်ဆက်ထားပြီဆိုမှတော့ အဲဒီကြိုးမှာ ဆက်ထုံးတစ်ခုရှိနေမှာပဲ၊ နားလည်ခွင့်လွှတ်ခြင်းဆိုတဲ့ စကားကို အခါခါကြားဖူးပေမယ့် တကယ်တမ်းကျတော့ ကျွန်မတို့ရဲ့စိတ်ထဲမှာ ဘယ်လိုအစိုင်အခဲမျိုးမှမကျန်ဘဲ တကယ့်ကို နားလည်လိုက်တာ၊ ခွင့်လွှတ်လိုက်တာမျိုးတွေ ဟုတ်ကြလို့လား။ သူ ကျွန်မဆီ ပြန်လာနိုင်ပါတယ်။ အဲဒီအခါ ကျွန်မကလည်း နားလည်ပါတယ်၊ ခွင့်လွှတ်ပါတယ်ဆိုတဲ့ စကားကို ပြောပြီး သူ့ကို ပြန်လက်ခံလိုက်မှာပဲ။ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်စလုံးရဲ့ စိတ်တွေ အရင်လိုပြန်ဖြစ်လာနိုင်ဖို့ဆိုတာ သေချာပါ့မလား။ ပြီးပြည့်စုံနေတဲ့ ပန်းချီကားတစ်ချပ်ဟာ မလိုအပ်တဲ့ ဆေးစက်လေးတစ်စက် စွန်းထင်းသွားရုံနဲ့ အလှပျက်သွားနိုင်တယ်၊ ပျက်စီးသွားတဲ့အရာတစ်ခုဟာ ပြန်ပြင်လိုက်လို့ အကောင်းပကတိအတိုင်း ပြန်ဖြစ်သွားနိုင်ပေမယ့် ဒီအရာဟာ ပြန်ပြင်ထားတာပါဆိုတဲ့ အသိစိတ်လေးတစ်ခုကို ကျွန်မတို့ရဲ့စိတ်ထဲကနေ အပြီးအပိုင်ပျောက်ဖျက်ပစ်ဖို့ကတော့ အဲဒီလောက်မလွယ်ဘူးလေ'



ပြီးပြည့်စုံခြင်းဆိုတဲ့အရာက ဘာလဲ၊ လူလူချင်းဆက်ဆံရေးမှာ ပြီးပြည့်စုံမှုဆိုတဲ့ အရာကို ကျွန်တော်တို့ မျှော်လင့်အပ်လို့လား၊ မလိုအပ်တဲ့ ဆေးစက်တစ်စက်ကျလို့ အလှပျက်သွားတယ်ဆိုတဲ့ ပန်းချီကားတစ်ချပ်၊ ကျလာတဲ့ဆေးစက်လေးနဲ့မှ အလှတရားဟာ ပိုပြီးပြည့်စုံသွားတယ်ဆိုတဲ့ ခံစားချက်၊ ဒါတွေအားလုံးဟာ စိတ်ကြောင့်ဖြစ်တဲ့ အကန့်အသတ်တွေပဲ မဟုတ်ဘူးလား။ လူနှစ်ယောက်ပေါင်းပြီး ဘဝတစ်ခုကို တည်ဆောက်တာဟာ ပန်းချီကားတစ်ချပ်ဆွဲနေတာမှ မဟုတ်တာလေ။ မာယာများတဲ့ လောကကြီးထဲမှာ ကျင်လည်လှုပ်ရှားနေကြရတဲ့ လူသားတွေပီပီ အခန့်မသင့်တဲ့အခါ မိသားစုပုံကားချပ်ကို စွန်းထင်းညစ်ပေသွားစေနိုင်တဲ့ အပြစ်အနာအဆာလေးတွေ ရှိလာတတ်တာပဲ။ တိမ်ညိုတိမ်ပုပ်တွေရဲ့ လွှမ်းအုပ်မှုကို အနိုက်အတန့်လေးတစ်ခုစာ ခံရရုံနဲ့တော့ ကောင်းကင်ကြီးရဲ့ ဂုဏ်ကျက်သရေဟာ ထာဝရစာ မည်းညစ်စုတ်ပြတ်မသွားသင့်ပါဘူး။ စွန်းထင်းသွားတဲ့ အမည်းစက်သေးသေးလေးထက် လှပသက်ဝင်နေတဲ့ လက်ကျန်အလှတရားတွေကို ကျွန်တော်တို့ ပိုပြီးအာရုံမစိုက်သင့်ဘူးလား။

ကျွန်တော့်စိတ်ထဲ စီးမျောဖြန့်ကျက်နေတဲ့ အတွေးကွန်ရက်ကို သူမသိအောင် ပြောပြမနေတော့ပါဘူး။ သူမက ကိုယ်တိုင်ကိုယ်ကျ နာကျင်ခံစားနေရသူလေ။ ကျွန်တော်ကတော့ ဘေးက ရပ်ကြည့်နေရသူ။ ကိုယ့်ရင်ဘတ်ထဲက ခံစားချက်တွေကို ကိုယ်တိုင် ဘေးကနေ ထွက်ကြည့်နိုင်ဖို့ကိုတော့ သူမကို အချိန်ပေးရဦးမယ်။ သူမက ကျွန်တော့်ကို စကားတွေပြောနေရင်း သူမချခဲ့တဲ့ ဆုံးဖြတ်ချက်အတွက် သေချာသထက်သေချာသွားတယ် ထင်ပါရဲ့။ စိတ်ကို လုံးဝပိုင်းဖြတ်လိုက်တဲ့ မျက်နှာထားမျိုးနဲ့ လက်စွပ်

www.burmeseclassic.com

www.burmeseclassic.com



လေးကို လွှင့်ပစ်ဖို့ လက်ကိုမြှောက်လိုက်တယ်။ ဒီတစ်ခါ ကျွန်တော် မတားရင်တော့ သူမ တကယ်ပဲလွှင့်ပစ်လိုက်တော့မှာ။ ကျွန်တော် သူမရဲ့ လက်ကို လှမ်းဆွဲလိုက်တယ်။

'နေပါဦး၊ မင်းအတွက် ဘာအဓိပ္ပာယ်မှ မရှိတော့ပေမယ့် ဒီလက်စွပ်လေးဟာ အခြားတစ်ယောက်ယောက်အတွက် အဓိပ္ပာယ်တစ်စုံတစ်ရာ ရှိနေနိုင်သေးတယ်လေ'

သူမ ကျွန်တော့်ဘက်ကို ဆတ်ခနဲ လှည့်ကြည့်တယ်။ သူမရဲ့ မျက်ဝန်းတွေထဲမှာ ဒေါသအရိပ်အယောင်တွေ မတွေ့ရပေမယ့် သူမ စိတ်တော့ရှုပ်နေပုံပဲ။ သူမရဲ့လက်ကို လွှတ်မပေးသေးဘဲ ကျွန်တော် သူမရဲ့ မျက်လုံးတွေထဲ စိုက်ကြည့်နေလိုက်တယ်။

'စိတ်အေးအေးထားပြီး ကိုယ်ပြောတာကို ခဏလောက်နားထောင်ကြည့်ပါဦး'

သူမက သက်ပြင်းဖွဖွချရင်း ခေါင်းညိတ်ပြတော့မှ ကျွန်တော် သူမရဲ့လက်ကို လွှတ်လိုက်တယ်။ သူမက စိတ်ကိုလျှော့ပြီး မြစ်ရေပြင်ကို ငေးကြည့်နေရင်းက ကျွန်တော့်ကို လှမ်းမေးတယ်။

'ဒီလက်စွပ်လေးကို တစ်ယောက်ယောက်ဆီ ပေးပစ်လိုက်ဖို့ ရှင်ပြောမလို့လား'

'တကယ်စွန့်လွှတ်လိုက်နိုင်ပြီဆိုတာ သေချာရင်တော့ မင်း အဲဒီလိုလုပ်ပစ်နိုင်ရလိမ့်မယ်'

ကျွန်တော် သူမအမေးကို ဖြေပြီးပြီးချင်းပဲ သူမ ဘာပြန်ပြောမလဲဆိုတာကို အကဲခတ်ရင်း စောင့်နေလိုက်တယ်။ သူမက လက်စွပ်လေးကို



ကိုင်ကြည့်နေရင်း တိတ်ဆိတ်စွာနဲ့ စဉ်းစားနေတယ်။ သူမ ဘာမှပြန်မပြောသေးဘဲ ငြိမ်နေတဲ့အချိန်မှာပဲ ကျွန်တော် ဆက်ပြောလိုက်တယ်။

'ကိုယ်မြတ်နိုးတဲ့အရာတစ်ခုကို ကိုယ့်လက်ထဲ မထားချင်တော့ဘူးဆိုတဲ့ စိတ်နဲ့အတူ အခြားသူတစ်ယောက်ယောက်ရဲ့ လက်ထဲကို ရောက်သွားမှာစိုးရိမ်နေတဲ့ စိတ်ပါ တွဲလျက်ရှိနေပြီဆိုရင်တော့ အဲဒါ အပြီးအပိုင် မစွန့်လွှတ်နိုင်သေးတဲ့ သဘောပဲ။ ကိုယ်က မလိုချင်တော့လို့ စွန့်ပစ်ထားတဲ့ ပန်းတစ်ပွင့်ကို အခြားသူတစ်ယောက်ယောက်က တမြတ်တနိုးနဲ့ ကောက်ယူနမ်းရှိုက်တဲ့အခါ တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်ငေးကြည့်နေနိုင်တဲ့သူ ရှားပါတယ်။ ဘာဖြစ်လို့ အဲဒီလိုဖြစ်ရတာလဲ။ ကိုယ်ထင်တာကတော့ အနည်မထိုင်သေးတဲ့ ခံစားချက်တွေကို လျစ်လျူရှုပြီး ပြီးပါပြီလို့ အလောတကြီး ခေါင်းစဉ်တပ်၊ အဲဒီနည်းနဲ့ ရင့်ကျက်ချင်ယောင်ဆောင်ခဲ့ကြလို့ပဲ ဖြစ်မယ်'

မြစ်ရေပြင်ကို ငေးကြည့်နေတဲ့ သူမရဲ့ မျက်ဝန်းတွေ ကျွန်တော့်ဘက်လှည့်လာတယ်။ ပြီးတော့ ကျွန်တော့်ကိုပဲ မေးသလို သူမကိုယ်သူမပဲ မေးသလိုနဲ့ . . .

'ကျွန်မ သူ့ကို တကယ်ပဲ အပြီးအပိုင်စွန့်လွှတ်လိုက်နိုင်ပြီလား၊ ကျွန်မ ရင့်ကျက်ချင်ယောင်ဆောင်နေတာလား။ ဒီလုပ်ရပ်ဟာ အတိတ်ကာလတစ်ခုမှာ ကျွန်မကို နောင်တရကြေကွဲနေစေမယ့် ဆုံးဖြတ်ချက်တစ်ခု ဖြစ်လာမှာလား'

ကျွန်တော်လည်း ဘယ်သိမှာလဲ။ သူမလည်း သိချင်မှ သိလိမ့်မယ်။ အသိတရားဆိုတာတွေက ခံစားချက်လောက် မြန်မြန်မမြန်တာလေ။

'မင်းနဲ့ တိုက်ရိုက်ပတ်သက်တဲ့ မေးခွန်းတွေအတွက် မင်းကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



ကပဲ အဖြေပေးနိုင်လိမ့်မယ်၊ ကိုယ့်အနေနဲ့တော့ ထင်မြင်ယူဆချက်တွေနဲ့ အကြံဉာဏ်လောက်ပဲ ပေးနိုင်မှာ၊ ကိုယ့်အထင်တော့ မင်းနှလုံးသားက သူ့ကိုမပြတ်နိုင်သေးတာ သေချာပါတယ်၊ ဒါပေမဲ့ မင်းရဲ့မာန၊ မင်းရဲ့ဂုဏ်သိက္ခာတွေကလည်း မင်း သူ့ကို ပြတ်စဲပစ်လိုက်ဖို့ တွန်းအားပေးနေကြတယ်၊ အဲဒီလိုမျိုး ခံစားချက်နှစ်ခု ဒွန်တွဲနေတတ်ကြတဲ့ အခြေအနေမျိုးမှာ ခံစားချက်တစ်ခုကို အပြီးသတ်ချေမှုန်းပစ်မယ့် ဆုံးဖြတ်ချက်မျိုးတွေ မချမိဖို့ သိပ်အရေးကြီးတယ်၊ နို့မို့ဆို တစ်ဘဝလုံး နောင်တရနေလိမ့်မယ်'

'ကျွန်မ ဘာလုပ်ရမလဲ၊ ကျွန်မ ဘာလုပ်သင့်သလဲ၊ အခုလောလောဆယ်တော့ ဒီလက်စွပ်လေးကို ကျွန်မဆီမှာ မထားချင်တာ၊ သူ့ကိုလည်း ပြန်ပြီး မျှော်လင့်မနေချင်တာတော့ အသေအချာပဲ'

သူမ ဘာလုပ်သင့်သလဲတဲ့ ကျွန်တော့်ကိုမေးနေပြီ။ လုပ်သင့်တာတစ်ခုခုကို အလွယ်တကူပြောလိုက်နိုင်ပေမယ့် အဲဒီလုပ်ရပ်ရဲ့ အကျိုးဆက်ကိုတော့ သူမကိုယ်တိုင်ကပဲ တာဝန်ယူရင်ဆိုင်ရမှာလေ။ သူမအတွက် ဘယ်လိုပြဿနာမျိုးမှ ဖြစ်မလာနိုင်တဲ့ လုပ်ရပ်တစ်ခုခုကို ကျွန်တော် အသည်းအသန်စဉ်းစားနေမိတယ်။ ကျွန်တော် ဘာစကားမှမပြောဘဲ အကြာကြီးငြိမ်နေမိတာနဲ့ သူမက သူမရဲ့ သဘောထားကို ထုတ်ပြောတယ်။

'ဒီလက်စွပ်ကို ဒီအတိုင်းကြီးတော့ ဘယ်သူ့ကိုမှ မပေးပစ်နိုင်ဘူး၊ နောက်ပြီး ဒီလက်စွပ်လေးမှာ ရေးထွင်းထားတဲ့ နေ့စွဲလေးကလည်း သူနဲ့ ကျွန်မနဲ့အတွက်က လွဲလို့ အခြားသူတွေအတွက် ဘာမှအဓိပ္ပာယ်ရှိနိုင်မှာမဟုတ်ဘူး၊ ဒီလက်စွပ်ကို ရောင်းပြီး ရတဲ့ပိုက်ဆံနဲ့ တစ်ခုခုလုပ်ပစ်မယ်၊ ဟုတ်တယ်၊ အဲဒီအကြံ ကောင်းတယ်၊ ရှင်ဘယ်လိုသဘောရလဲ'



ကျွန်တော် ဘာအကြံမှမပေးရဘဲ သူမဘာသာသူမ အကြံရသွားတဲ့အတွက် ကျွန်တော်လည်း ဝမ်းသာသွားတယ်။ ကျွန်တော်ပေးချင်တဲ့အကြံဉာဏ်ကလည်း ဒီအတိုင်းပါပဲ။ ဒါပေမဲ့ ပြောရမှာ ကိုယ်ချင်းမစာရာ ကျနေမှာကြောင့် ပြောဖို့တွန့်ဆုတ်နေခဲ့တာ။

'ကောင်းတာပေါ့၊ မြစ်ကြမ်းပြင်တစ်နေရာမှာ အဓိပ္ပာယ်မဲ့ လဲလျောင်းနေရမှာထက်စာရင် ငွေကြေးအဖြစ် အသွင်ပြောင်းသွားပြီး အခြားတစ်ယောက်ယောက်အတွက် တစ်စုံတစ်ရာ အဓိပ္ပာယ်ရှိသွားတဲ့ အခြေအနေက အများကြီးပိုကောင်းတာပေါ့'

သူမမျက်နှာလေး နည်းနည်းလန်းဆန်းလာတယ်။ လက်စွပ်လေးကို လွှင့်လည်းမပစ်၊ လက်မှာလည်း ပြန်မဝတ်တော့ဘဲ သူမက အင်္ကျီအိတ်ကပ်လေးထဲ ထည့်လိုက်တယ်။ ပြီးတော့ တက်တက်ကြွကြွပဲ မတ်တတ်ထရပ်တယ်။

'ဘယ်လဲ'

ကျွန်တော်လည်း သူမနဲ့အတူ ထရပ်လိုက်ပြီး မေးတော့ သူမက အူကြောင်ကြောင်မျက်နှာလေးနဲ့ ကြည့်ရင်း ပြန်ဖြေတယ်။

'လက်စွပ်သွားရောင်းမယ်လေ၊ ရလာတဲ့ပိုက်ဆံကို ဘာလုပ်ပစ်ရင် ကောင်းမလဲဆိုတာကိုတော့ လမ်းလျှောက်ရင်းနဲ့ စဉ်းစားမယ်၊ လာလေ'

သူမက ကျွန်တော့်ကိုပါ လိုက်ခဲ့ဖို့ အတင်းခေါ်နေတယ်။ ကျွန်တော် သူမနဲ့အတူ လိုက်လာလိမ့်မယ်လို့လည်း ယုံကြည်နေပုံပဲ။ ခက်တာက ကျွန်တော့်မှာ ထွက်ရမယ့်ခရီးတစ်ခုက ရှိလာခဲ့ပြီ။ ကျွန်တော် စိတ်မကောင်းစွာနဲ့ပဲ သူမကို ငြင်းရတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်လိုက်ဖို့ မလိုတော့ဘူး ထင်ပါတယ်၊ မင်းကို ကိုယ် စာသွားသင်ပေးနေကျ မိဘမဲ့ကလေးကျောင်းလိပ်စာတော့ ပေးလိုက်မယ်။ မင်းစိတ်ဝင်စားမယ်ဆိုရင် မင်းရဲ့လက်ဖွပ်လေးကို ရောင်းရတဲ့ငွေနဲ့ အဲဒီကကလေးတွေရဲ့ ကွက်လပ်တချို့တစ်ဝက်ကို ဖြည့်ဆည်းပေးလို့ရတာပေါ့၊ ကြည်နူးပျော်ရွှင် စရာကောင်းပါတယ်၊ ပြီးတော့ မင်းရဲ့ချစ်သူကောင်လေး မင်းဆီပြန်လာတဲ့အခါ ပြန်ပြောပြလို့လည်း ကောင်းတာပေါ့'

သူမက ကျွန်တော်ကမ်းပေးတဲ့ လိပ်စာကတ်လေးကို လှမ်းယူရင်း အလိုမကျဖြစ်နေတယ်။

'ဘယ်လိုဖြစ်ရတာလဲ၊ ခုနကတော့ ကျွန်မနဲ့ အကြာကြီး စကားတွေထိုင်ပြောနေရက်နဲ့၊ အခုကျတော့ ချက်ချင်းကြီးပဲ မအားပြန်တော့ဘူးလား'

'ဟုတ်တယ်၊ ကိုယ်နဲ့ စကားတွေပြောနေရင်းက မင်းအကြံရသွားသလိုပဲ၊ မင်းနဲ့ စကားတွေပြောနေရင်းကပဲ ကိုယ့်နှလုံးသားထဲမှာ အသိတစ်ခုလင်းလက်သွားခဲ့တယ်၊ မင်းနဲ့မလိုက်နိုင်တဲ့အတွက် ဝမ်းနည်းပါတယ်၊ ကိုယ် ဒီနေ့ပဲ ခရီးတစ်ခုကို စထွက်တော့မယ်၊ တစ်လက်စတည်းပဲ မင်းကိုလည်းနှုတ်ဆက်ခဲ့ပါတယ်၊ မင်းရဲ့ ရှေ့ဆက်ရမယ့်ဘဝခရီးမှာ နောင်တတွေကနေ ကင်းဝေးနိုင်ပါစေ'

ကျွန်တော် သူမနဲ့အတူ မလိုက်တော့ဘူးဆိုတာ သေချာသွားတဲ့အခါ သူမရဲ့မျက်နှာလေး နည်းနည်းညှိုးသွားတယ်။ ဒါပေမဲ့ ခဏပါပဲ။ သူမရဲ့မျက်နှာမှာ အပြုံးပန်းလေး ပြန်လန်းလာပြီး ကျွန်တော့်ကို နှုတ်ဆက်တယ်။ ခဏလေးတွေ့လိုက်ရပေမယ့် နှလုံးသားချင်းနားလည်ပြီး ကျွန်တော်နဲ့ သူမ သူငယ်ချင်းတွေလို ဖြစ်သွားကြတယ်။



'ကျွန်မ ရှင့်ကို အမြဲတမ်းသတိရနေမှာပါ။ ကျွန်မနဲ့ ခဏတစ်ဖြုတ် စကားတွေပြောသွားခဲ့ဖူးတဲ့ မိတ်ဆွေကောင်းတစ်ယောက်အဖြစ်နဲ့ပေါ့၊ အခွင့်ရှိမယ်ဆိုရင်တော့ ရှင်နဲ့ ပြန်ဆုံချင်ပါသေးတယ်၊ ဒါနဲ့ ရှင်က ခရီးထွက်မယ်ဆိုတော့ ဘယ်ကိုသွားပြီး ဘာ~တွေလုပ်မှာလဲ'

'ကိုယ်လွှတ်ကျခဲ့တဲ့ မြို့တော်လေးကို တစ်စစီလိုက်ကောက်ပြီး ပြန်တည်ဆောက်ရဦးမယ်'

နေဘုန်းလတ်

**27.4.2011 (Wednesday)**

□ □ □

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## မျက်ဝန်းတစ်စုံရဲ့ အတိုင်းအတာ

ဟိုးရှေးရှေးတုန်းကပေါ့။ ပုံပြင်မဟုတ်ခဲ့တဲ့ အခိုက်အတန့်လေးတစ်ခုမှာ သောကအရိပ်တချို့ရဲ့ အထိအတွေ့တို့ကြောင့် မျက်ဝန်းတစ်စုံညှို့သွားခဲ့ဖူးတယ်။ ခဏလေးပါပဲ။ ဒါပေမဲ့ ရာဇဝင်တစ်စောင်လုံးကိုထိုးခွဲမယ့် ခံစားချက်ရောင်စဉ်တွေ ဖြာထွက်ခဲ့တယ်။ အဲဒီအခိုက်အတန့်ကလေးမှာ… အဲဒီမျက်ဝန်းတစ်စုံရဲ့ အညှို့မှာ…

လေးကိုင်းကို ဆွဲထားတဲ့ 'ဒဿ'ရဲ့လက်တွေက မယိမ်းမယိုင်သိပ်ကိုခိုင်မာလွန်းနေတယ်။ ချစ်သောသီတာရဲ့ ရွှေရုပ်လွှာကို သူ့ဆီအရောက်သယ်ဆောင်လာခဲ့တဲ့ စမ်းချောင်းလေးရဲ့ တလွင်လွင်စီးဆင်းနေသံက အခုထိ သူ့နားထဲမှာ ညံနေတုန်း။ ကျေးဇူးတင်တယ်။ စမ်းချောင်းလေးကိုသိပ်ကျေးဇူးတင်တယ်။ အတွေးတွေက အတိတ်ကို ခဏပြန်အရောက်အချစ်စိတ်တွေက မီးပွင့်တစ်ခုလို ထောက်ခနဲပြန်တောက်လာတယ်။ နှလုံးသားရဲ့တစ်ထောင့်မှာ ပူပူလောင်လောင် ပြင်းပြင်းရှရှ သူ… ဖရိုဖရဲဖြစ်သွားတဲ့ ရင်ခုန်သံအပိုင်းအစတွေကို အနိုင်နိုင်လိုက်ကောက် စိတ်ကို တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တည်းသော အာရုံအဖြစ် ပြန်ဆောက်တည်လိုက်တယ်။ လေးကိုင်းက သူ့လက်ထဲမှာ ပေါ့ပေါ့ပါးပါး။ သူ့ပုံဟန်က ဝံ့ဝံ့ကြွားကြွား။ သူ လေးကြိုးကို ယူငင် လေးညို့ကို ဆွဲအတင်မှာ သီတာရှိနေတဲ့ နန်းစင်မြင့်ထက်က ဇာပဝါပါးပါး ဖျတ်ခနဲလှုပ်ရှားသွားတယ်။ သူ့ရဲ့မျက်ဝန်းနီနီတွေက သီတာရှိရာ နန်းစင်မြင့်ဆီ…

'အလို…'

အတိုင်းတိုင်းအပြည်ပြည်က အစားစားသောဘုရင်တွေလည်း ကုန်ခဲ့ပြီ။ ဘယ်သူတစ်ဦးတစ်ယောက်မှ လေးတော်ကိုတင်နိုင်ဖို့ ဝေးစွ။ ကြွအောင်ပင် မမနိုင်ခဲ့ကြ။ အခုတော့ သန်မာထွားကျိုင်းတဲ့ လက်အစုံမှာ လေးတော်ဟာ အလိုက်သင့်ပါခဲ့ပြီ။ ရိုင်းစိုင်းခက်ထန်တဲ့ ဒဿဘုရင် သူ သာလေးတော်ကို တင်နိုင်ခဲ့ရင်…

'အို…'

သီတာရဲ့ ချစ်ဖွယ်မျက်နှာမှာ သောကအရိပ်တွေ ဖြတ်ပြေးသွားတယ်။ နှုတ်ခမ်းလွှာဖူးဖူးက အပြုံးတစ်ပွင့်ကို မဆောင်နိုင်တော့ဘဲ ပွင့်အာမှင်သက် တဒိတ်ဒိတ်ခုန်နေတဲ့ နှလုံးသားအစုံဟာလည်း ရုတ်တရက် အံ့သြထိတ်လန့် ခံစားချက်တွေ အလွှာလွှာအထပ်ထပ်နဲ့ သီတာရဲ့ မျက်ဝန်းလေး မှိုင်းညို့သွားခဲ့တယ်။ အဲဒီမျက်ဝန်းလေးတစ်ချက်အညို့ကို ခဏာပွင့်အာလာတဲ့ ဇာပဝါခပ်ပါးပါးကြားကနေ သူအသေအချာမြင်လိုက်ရတဲ့အခါ…

'ဘာဖြစ်လို့လဲ… မင်းရဲ့ ရှင်းသန့်တဲ့မျက်နှာပေါ်က မဟာဆန်တဲ့ အလှ ဘာဖြစ်လို့ လွင့်စင်ကျသွားရတာလဲ။ အဲဒီလောက်တောင်ပဲလား… သီတာ။ ငါ့ရင်ထဲက ချစ်မေတ္တာကို အပေါ်ယံအမြင်တွေ ဘေးဖယ်၊



မြင်အောင်ကြည့်လှည့်စမ်းပါ သီတာရယ်၊ ငါ အရာရာကို အပိုင်ယူခဲ့ဖူးတယ်။ အခုတော့ ငါ့ရဲ့ချစ်မြင်းမေတ္တာကို ငြင်းပယ်တဲ့ မင်းရဲ့ မပျော်ရွှင်မှုမှာ ငါ့ရဲ့ အောင်မြင်မှုတွေအားလုံး အရောင်ပြယ်ခဲ့ပြီ၊ နေတော့ သီတာ၊ နေပါတော့ သီတာ'

ငါဟာ ဘုရင်တစ်ပါးပါဆိုတဲ့ ရာဇမာန်က သူ့ရင်ကို လှိုင်းထစေတယ်။ ချစ်သူကို ပိုင်ဆိုင်ချင်တဲ့ အတ္တ အထိပါးခံရလို့ ခေါင်းထောင်ထလာတဲ့ ယောကျ်ားတစ်ယောက်ရဲ့ မာန်မာန စိတ်နှစ်ခွ၊ ဒွိဟ လေးတော်တင်မယ့်သူ့လက်တွေ နှေးကွေးတွန့်ဆုတ်နေကြတယ်။ ပြန်ပွင့်မလာတော့တဲ့ ခန်းဆီးပဝါနောက်ကွယ်က သီတာရှိရာကို လှမ်းငေးရင်း သူ့သွေးတွေ တပွက်ပွက်ဆူ နောက်ဆုံးမှာ သူ့ကို မာန်မာနက အနိုင်ယူသွားတယ်။ လေးကိုင်းနဲ့ လေးကြိုးကို နေရာတကျပြန်ထားရင်း သူ နောက်ကိုခြေတစ်လှမ်းဆုတ်လိုက်တယ်။

'ရပါတယ် သီတာ၊ အခုတော့ ထားလိုက်ပါ။ တစ်နေ့နေ့မှာတော့ ငါ့ရဲ့ ချစ်ခြင်းမေတ္တာကို မင်းနားလည်လာမှာပါ၊ အဲဒီအခါ…'

'ရာမ'

လေးတော်တင်ဖို့ ကြိုးစားနေတဲ့ သန်မာထွားကျိုင်းတဲ့ လူရိုင်းကြီးရဲ့အသွင်အပြင်ကို ဆရာသခင်ရဲ့ နောက်နားကနေ သူငေးကြည့်နေမိတယ်။ အဲဒါ ဘယ်သူလဲ။ နာမည်က ရာဝဏ။ ဘွဲ့ထူးဂုဏ်ထူးတဒဿဂီရိ၊ ဒြာဝိဒီယမ်လူမျိုးတို့ရဲ့ အရှင်ဘုရင်။ ဒီလူက ပြစ်မျိုးမဲ့မယ်တင်တဲ့ သီတာဒေဝီကို သိမ်းပိုက်ချင်သတဲ့လား။

'ဩော်… သူသည်လည်း ယောကျ်ားသားပဲလေ'

www.burmeseclassic.com

www.burmeseclassic.com



ဆေးရာနေရာမှာ ဣန္ဒြေရရနဲ့ အကျအနငြိမ်သက်နေတဲ့လေးကိုင်းဟာ ရာဝဏရဲ့ လက်ထဲကို အလိုက်သင့်ပါသွားခဲ့ပြီ။ ဒါဟာ ဒီနေ့တစ်နေ့တာအတွက် ဒီလေးကိုင်းရဲ့ ပထမဦးဆုံးကြွလာခြင်းပဲ။ သူ… မတ်တတ်ထရပ်လိုက်မိတယ်။

'အင်း… လက်ရည်ကတော့ တကယ့်ကို အံ့စရာပဲ'

ရာဝဏက လေးညှို့ကို ငင်ဖို့ သူ့ရဲ့လက်တစ်ဖက်နဲ့ လေးကြိုးကို ဆွဲတင်လိုက်တယ်။ ပြီးတော့ တစ်ရစ်၊ နှစ်ရစ်၊ သုံးရစ် အဲဒီအချိန်မှာပဲ သီတာဒေဝီရှိနေတဲ့ နန်းရင်ပြင်ဆီက ဇာပဝါပါးပါးရဲ့ လှုပ်ရှားမှုဆီကို ရာဝဏရဲ့ အကြည့်တွေအရှေ့ သူ့ရဲ့မျက်လုံးတွေကပါ လိုက်ရွှေ့သွားတယ်။ အဲဒီမှာ သီတာ။ အလှနတ်သမီးရုပ်ပုံလွှာ အလှတရားရဲ့ သိမ်မွေ့တဲ့ ဆွဲငင်ညှို့ယူမှုမှာ သူ့အာရုံတွေ အလိမ်းလိမ်းမျောပါသွားခဲ့ပြီ။ အခိုက်အတန့်လေးမှာ ဖျတ်ခနဲလင်းတဲ့အလင်း။ ပြီးတော့ အဲဒီအခိုက်အတန့်လေးအတွင်းမှာပဲ မှေးမှိန်ပျောက်သွားတဲ့ အလင်းရောင်။

'မမှောင်လိုက်ပါနဲ့ အလင်းရယ်၊ မမှောင်လိုက်ပါနဲ့'

သူ့ရင်ခွင်ရဲ့ အနက်ရှိုင်းဆုံးနေရာက စိမ့်ထွက်လာတဲ့ ခံစားမှုနဲ့ သူ တိုးတိုးလေးညည်းမိတယ်။ ပြီးပြည့်စုံတဲ့အလှတရားတစ်ခုဟာ လောကအတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာပဲလေ။ အဲဒီအလှတရားဟာ ဘယ်လိုအကြောင်းကြောင်းနဲ့မှ ယုတ်လျော့ဖျော့တော့မသွားသင့်ပါဘူး။ အလှနတ်သမီးရေ သိပ်လှတဲ့ မင်းရဲ့မျက်ဝန်းလေးဟာလည်း ဘယ်လိုအကြောင်းကြောင်းနဲ့မှ ညှိုးရော်မှုန်ပျမသွားသင့်ပါဘူး။

ရာဝဏရဲ့ လေးကြိုးတင်နေတဲ့ လက်တွေကို ရပ်တန့်သွားစေတဲ့



အဲဒီအခိုက်အတန့်လေးက ရာမရဲ့စိတ်ကို လှုပ်ရှားစေခဲ့ပြီ။ ရာဝဏရဲ့ တင်ထားပြီးသားလေးကြိုးတွေ တစ်ရစ်ပြီးတစ်ရစ် ပြန်လည်ပြေလျော့နေချိန်မှာပဲ ရာမရဲ့နှလုံးသားဟာ မေတ္တာနှောင်ကြိုးတွေနဲ့ တစ်ရစ်ပြီးတစ်ရစ်တင်းခဲ့ပြီ။

'ရာဝဏရေ… အလှတရားကို မြေမြှုပ်သင်္ဂြိုဟ်မယ့် ခင်ဗျားရဲ့ လက်တွေကို ပြန်ရုပ်လိုက်ပါ'

အလှတရားကို ကာကွယ်ဖို့အတွက်ဆိုရင် အရာရာဟာ တရားပါတယ်။ ရာဝဏရဲ့ အပြင်းအထန်ကန့်ကွက်မှုတွေက သူ့ကို မြူတစ်မှုန်စာလောက်တောင် မတွန့်ဆုတ်စေတော့ပါဘူးလေ။ သူ့ရဲ့ ရင်ခွင်တစ်ခုလုံးက တစ်ခုတည်းသောဆန္ဒနဲ့ ပြတ်သားတောက်ပနေခဲ့ပြီပဲ။

'အလှတရားတစ်ခုရဲ့ ဈာပနကို ငါ့ရှေ့မှာ ဘယ်တော့မှ အချမခံဘူး၊ အိုကွာ… ပြီးပြည့်စုံနေတဲ့ အလှတရားတစ်ခုကို ငါ ဘယ်လိုမှ အထိအပါးမခံနိုင်ဘူး၊ ရာဝဏရေ ဒီနေရာမှာ ကျုပ်ရှိနေတာတော့ ခင်ဗျားအတွက် မှားပြီ'

အဲဒီနောက်မှာ…

အဲဒီနောက်မှာ…

ရာမဟာ လေးကိုင်းကို ကိုင်ဆွဲ မြားတစ်စင်းနဲ့ လေထုကိုပစ်ခွဲပြီး မယ်သီတာရဲ့လက်ကို ခိုင်ခိုင်တွဲ ဒဿရဲ့အသည်းကို ကွဲစေခဲ့တယ်။

ပြီးတော့ တိုက်ပွဲတွေအလီလီ ရင်ဆိုင်မှုအချီချီနဲ့ ရာဇဝင်တွေရဲ့ ရင့်ရင့်နီခဲ့တယ်။

ပြီးတော့ မြို့တစ်မြို့… မီးတောက်တွေကြားထဲ ပျွန်းပိုခံခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



သီတာ...

ချစ်စရာမယ်သီတာ...

သူ့ရဲ့ မျက်ဝန်းလေး တစ်ချက်ညို့ခဲ့ရုံလေးပါ။

10.2.09 (Tuesday)

12:45

□ □ □



www.burmeseclassic.com



# လူနှင့် ခေတ်သစ်ဘီလူး

သောင်းပြောင်းထွေလာမဂ္ဂဇင်းမှာ ဖော်ပြခဲ့ဖူးတဲ့ ဝတ္ထုတိုလေးပါ။ ဘဝကို စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့ လူတစ်ယောက် မီးခွက်လေးတစ်ခုကို ကောက်ရပြီး ခေတ်သစ်ဘီလူးတစ်ကောင်နဲ့ တွေ့ကြုံပုံလေးကို ဇာတ်လမ်းဆင်ထားပါတယ်။ ဖတ်ပြီး ဝေဖန်ပေးကြပါဦး ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

## လူနှင့် ခေတ်သစ်ဘီလူး

သူဖြစ်စေချင်တာတွေ တစ်ခုမှဖြစ်မလာဘဲ သူ့ဘာသာသူ ဖြစ်ချင်တာတွေဖြစ်နေတဲ့ လောကကြီးကို မကျေမနပ်နဲ့ တတွတ်တွတ်ကျိန်ဆဲနေရင်း သူဦးတည်ရာမဲ့ လျှောက်သွားနေမိတယ်။

'ဟွန်း... စေတနာကို ဝေဒနာဖြစ်အောင်လုပ်ရုံနဲ့ အားမရဘူး၊ ကရေကရာပါလုပ်ပြီး စားကြဦးမလား မသိဘူး'

ရှုသိုးသိုးမျက်နှာပေါက်နဲ့ သူ တောက်တခေါက်ခေါက်လုပ်ရင်း လျှောက်လာလိုက်တာ တစ်နေရာအရောက်မှာ ခလုတ်တိုက်ပါလေရော။

'ဖုန်း'

သူ့ရဲ့ဒေါသတွေအားလုံး သူ့ကို ဟပ်ထိုးလဲသွားစေတဲ့ မြေပြင်ပေါ် ငေါထွက်နေတဲ့ အရာတစ်ခုဆီကို ရောက်သွားတယ်။ ခန္ဓာကိုယ်မှာ ကပ်ငြိနေတဲ့ ဖုန်တွေကို တဖုတ်ဖုတ်ခါရင်း သူ အဲဒီအရာကို ရှုံ့စိုက်ကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပါလိမ့်'

သူသိချင်ဇောနဲ့ မြေကြီးတွေကို တူးဆွကြည့်လိုက်တော့ ချေးအထပ်ထပ်တက်နေတဲ့ ဆီမီးခွက်လေးတစ်ခု။ သူ အဲဒီမီးခွက်လေးကို ကိုင်ကြည့်နေရင်း ငယ်ငယ်တုန်းက သင်ခဲ့ဖူးတဲ့ အာလာဒင်နဲ့ မီးခွက်စောင့်ဘီလူးဆိုတဲ့ ပုံပြင်လေးကို သွားသတိရလိုက်မိတယ်။ ဒါ အာလာဒင်ရဲ့မီးခွက်လေးများလားလို့ သူ့စိတ်ထဲမှာ မဝံ့မရဲတွေးမိတယ်။ ဘာပဲဖြစ်ဖြစ်ပွတ်တိုက်ကြည့်လိုက်တာ မမှားပါဘူးလေလို့တွေးပြီး သူ့အင်္ကျီစနဲ့ မီးခွက်လေးကို အသားကုန်ပွတ်လိုက်တယ်။ ဘာမှမထူးဘူး။ သူ့အင်္ကျီသာ မီးခွက်က ချေးတွေကြောင့် မည်းညစ်သွားတယ်။ ဘာဘီလူးမှ ထွက်မလာဘူး။ သူ တော်တော်စိတ်တိုသွားတယ်။ မဆီမဆိုင် အခုမှ မြေကြီးထဲကနေထွက်လာတဲ့ မီးခွက်ကိုများ အာလာဒင်ရဲ့မီးခွက်လေလားလို့ ထင်မိတဲ့သူ့ကိုယ်သူလည်း ပြန်အပြစ်တင်နေမိတယ်။

'သွားစမ်းကွာ ဒီမီးခွက်'

သူ ဘာမှအသုံးမဝင်တဲ့မီးခွက်ကို မြေကြီးပေါ်ကို ဆောင့်ကြီးအောင့်ကြီးနဲ့ ကောက်ပေါက်လိုက်ပြီး လှည့်ထွက်လာခဲ့တယ်။

'ဟေ့လူ… ဟေ့လူ နေဦးလေ'

သူ့နောက်ကနေ လူတစ်ယောက်က သူ့ကို လှမ်းခေါ်နေတဲ့အသံကို ကြားလိုက်မိတာနဲ့ သူ နည်းနည်းတွေဝေသွားတယ်။ ခုနက ဒီလွင်တီးခေါင်ကြီးထဲမှာ သူတစ်ယောက်တည်းပါ။ ဘယ်သူက ဘယ်ကနေ ဘယ်လိုရောက်လာပါလိမ့်ဆိုပြီးတော့လည်း သူ ဇဝေဇဝါဖြစ်သွားတယ်။ သူ့နားကို သူ မယုံကြည်စွာနဲ့ပဲ လှည့်ကြည့်လိုက်တော့ ရုပ်ဆိုးဆိုးနဲ့ လူတစ်ယောက်



က သူ့နောက်ကို တကောက်ကောက်လိုက်လာနေတာကို တွေ့လိုက်ရတယ်။ အဲဒီလူရဲ့ လက်ထဲမှာက သူခုနက လွှင့်ပစ်လိုက်တဲ့ မီးခွက်ကလေး။

'နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ၊ ဘယ်ကရောက်လာတာလဲ'

သူ အဲဒီလိုမေးလိုက်တော့…

'ငါက ဘီလူးလေ၊ ဒီမီးခွက်ထဲကနေ ထွက်လာတာ'

အဲဒီသူက သူ့ကိုယ်သူ ဘီလူးလို့ ပြောနေပေမယ့် သူ ဘယ်လိုမှယုံလို့မရဘူး ဖြစ်နေတယ်။ ဘီလူးကို မှတ်ပုံတင်တောင်းကြည့်ရအောင်ကလည်း အခက်သား။ အဲဒီလူက ရုပ်တော်တော်ဆိုးတာနဲ့ သေသေချာချာကြည့်ရင် အစွယ်လေးခပ်ရေးရေးမြင်နေရတာက လွဲလို့ ကျန်တာ ဘာတစ်ခုမှ ဘီလူးအရည်အသွေး မမီဘူး။ ဒါပေမဲ့ ဒီဘီလူးက ဒီမီးခွက်ထဲကနေထွက်လာတာဆိုလို့ သူ နည်းနည်းတော့ စိတ်ဝင်စားသွားတယ်။ သူ အရင်က တွေးထားသလိုမျိုး အာလာဒင်ရဲ့ လိုတရမီးခွက်ဖြစ်နေနိုင်သေးတယ်လေ။ အကယ်၍သာ ဒီဘီလူးဆီက ဆုတွေတောင်းလို့ရခဲ့ရင် ဒါ သူ့အတွက်မဟာအခွင့်အရေးပဲပေါ့။ လောကကြီးတစ်ခုလုံးကို စိတ်ပျက်လက်ပျက်ဖြစ်ပြီး လောကသစ်တစ်ခုကို ပြန်လည်မွေးဖွားပေးချင်နေတဲ့ သူ့ရဲ့စိတ်ကူးကို ဒီမှာ အကောင်အထည်ဖော်လို့ ရမယ်လေ။ သူ အဲဒီလိုတွေးကြည့်မိပြီး ကျေနပ်သွားတယ်။

'ကဲ… ဟုတ်ပါပြီ၊ ခင်ဗျားက ဒီမီးခွက်စောင့်ဘီလူးဆိုရင် ခင်ဗျားကို အပြင်ထွက်လာနိုင်အောင် ကျွန်တော်က လုပ်ပေးခဲ့တဲ့အတွက် ကျွန်တော့်ကျေးဇူးတွေ ခင်ဗျားအပေါ်မှာ ရှိသွားပြီ၊ အဲဒီတော့ ခင်ဗျား ကျွန်တော့်ကို ဘယ်လိုကျေးဇူးဆပ်မှာလဲ၊ ပြော'

www.burmeseclassic.com

www.burmeseclassic.com



သူ ဘီလူးရဲ့အပြောကိုတောင် မစောင့်နိုင်တော့ဘဲ ဖွတ်ရော၊ အတင်းရော ဘီလူးကို ကျေးဇူးဆပ်ဖို့ ပြောလိုက်မိတယ်။ သူထင်ထားတဲ့ အတိုင်းပါပဲ။ ဘီလူးက သူ့ကို မင်းလိုရာဆု သုံးခုကို တောင်းနိုင်တယ်တဲ့။ သူအရမ်းပျော်သွားတယ်။ ဒီလိုကျတော့လည်း ဒီဘီလူးက ဘယ်ဆိုးလို့လဲ လို့ သူတွေးမိတယ်။ သူ ဘယ်လိုဆုမျိုးတောင်းရင် ကောင်းမလဲလို့ စဉ်းစား နေတုန်းမှာပဲ ဘီလူးက စကားဆက်တယ်။

'နေဦးကွ၊ နေဦး၊ မင်းကို ပြောစရာတစ်ခုကျန်သေးတယ်၊ ခေတ် တွေက ပြောင်းကုန်ပြီဆိုတော့ကွာ ဘီလူးလည်း စိတ်တွေနည်းနည်းပြောင်း သွားပြီကွ'

မုန်းစရာကောင်းတဲ့ အိုက်တင်နဲ့ ဘီလူးက အဲဒီလိုပြောတော့ သူ စိတ်မရှည်ဖြစ်သွားတယ်။

'ပြောစရာရှိ မြန်မြန်ပြောဗျာ၊ ဒီမှာ ကျွန်တော် ဆုစတောင်းတော့ မှာဗျ'

'အရင်ကလို အလကားမရတော့ဘူးကွ၊ ငါက အယူအဆသစ် တွေနဲ့ ခေတ်သစ်ဘီလူးဖြစ်သွားပြီလေ၊ ဟဲ… ဟဲ… ဟဲ…'

ဆိတ်တစ်ကောင်လို တဟဲဟဲရယ်ရင်း ပြောနေတဲ့ ဘီလူးရဲ့စကား ကို ကြားတော့ သူ ဆုတောင်းရမှာတောင် နည်းနည်းတွန့်သွားတယ်။ အေးလေ… ဟုတ်တော့လည်း ဟုတ်တာပဲ။ ဒီလောကကြီးမှာ ဘာမှ အလကားမရနိုင်တာ။ အပေးအယူတော့ ရှိရမှာပေါ့။ ဒါပေမဲ့…

'ကျွန်တော်က ခင်ဗျားရဲ့ကျေးဇူးရှင်လေဗျာ၊ ခင်ဗျား ကျွန်တော့်ကို ကျေးဇူးဆပ်ရမယ်လေ'



သူ အဲဒီလိုပြောတော့လည်း ဘီလူးက သူ့စကားကို မငြင်းပါဘူး။

'အေးပါ၊ ငါနားလည်ပါတယ်၊ ငါက ကျေးဇူးမသိတတ်တဲ့ ခပ်ရိုင်းရိုင်းဘီလူး မဟုတ်ပါဘူးကွာ၊ မင်းက ငါ့ကျေးဇူးရှင်ဖြစ်တဲ့အတွက် မင်းကို ငါက အခွင့်အရေးပေးမှာပါ၊ မင်းဆုတစ်ခုတောင်းတိုင်း မင်း ငါ့ကို တစ်ခုပြန်လုပ်ပေးရမယ်။ ဒါပေမဲ့ မင်းပြန်လုပ်ပေးရမယ့်အရာဟာ မင်းတောင်းတဲ့ဆုရဲ့ တန်ရာတန်ဖိုးအောက်ကို အများကြီးလျှော့နည်းစေ ရမယ်။ အဲဒါ မင်းကို ကျေးဇူးရှင်မို့လို့ တောင်းဆုတွေကို လျှော့ဈေးနဲ့ ရောင်းပေးတဲ့သဘောပဲ၊ ကဲ… မင်းသဘောတူလား'

သူတွေဝေသွားတယ်။ သူ့စိတ်ထဲမှာတော့ အဲဒီမျိုးမစစ်ဘီလူးကို နည်းနည်းအောင့်သက်သက်ဖြစ်နေမိတယ်။ ဒါပေမဲ့ ဒီအခွင့်အရေးကိုလည်း သူလက်မလွှတ်ချင်ပြန်ဘူး။ ဘီလူးပြောပုံအရဆို သူ့ဘက်က နည်းနည်း သာပုံရတယ်လို့ စဉ်းစားမိတာနဲ့ပဲ ဘီလူးရဲ့ကမ်းလှမ်းချက်ကို သူ လက်ခံ လိုက်တယ်။

'ကဲဗျာ… ခင်ဗျားပြောတာကို ကျွန်တော် သဘောတူတယ်။ ကဲ… ကျွန်တော် ဆုတောင်းလို့ရပြီလား'

'ရပြီ၊ ဒါပေမဲ့ အဲဒီဆုပြည့်ပြီးတာနဲ့ မင်း ငါ့ကို တစ်ခုခုပြန်လုပ် ပေးရမယ်ဆိုတာကိုတော့ မမေ့နဲ့နော်'

ဆုစတောင်းတော့မယ့်သူတောင် နည်းနည်းလန့်သွားတယ်။ ဒါပေမဲ့ သူ့ရင်ထဲက တောင်းချင်နေတဲ့ဆုကလည်း ပါးစပ်ဖျားကနေ တစ်လစ်တစ် လစ်နဲ့ ထွက်တော့မယ်။ နောက်ဆုံး သူ ဘာကိုမှမစဉ်းစားတော့ဘဲ ဆု တစ်ဆုကို တောင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို ဧဒင်ဥယျာဉ်ကြီးထဲကို ပြန်ပို့ပေးဗျာ'

သူ့ဆုတောင်းကိုကြားတော့ ဘီလူး မျက်လုံးပြူးသွားတယ်။ ဒါပေမဲ့ မကြာပါဘူး။ ဒါလေးများလို့ပြောပြီး သူ့လက်ဝါးနှစ်ဖက်နဲ့ ပတ်ဝန်းကျင်ကြီးတစ်ခုလုံး ဖြည်းဖြည်းလေး သပ်ချလိုက်တယ်။ သူဆို အသက်တောင် မရှူရဲဘူး။ တစ်မဟုတ်ချင်းပါပဲ။ ခုနက သူရောက်ရာပေါက်ရာ လျှောက်သွားနေမိတဲ့ လွင်တီးခေါင်ကြီးဟာ သစ်ပင်ပန်းမန်တွေ၊ စမ်းချောင်းလေးတွေ၊ ကျေးငှက်သာရကာတွေနဲ့ စိမ်းစိုစည်ကားလှပနေတဲ့ ဥယျာဉ်ကြီးတစ်ခုဖြစ်ကို ပြောင်းသွားတယ်။ သူ အများကြီးအံ့သြသွားတယ်။ ဒီဘီလူးရဲ့ အစွမ်းကလည်း မသေးပါလား။ သူ အံ့သြဝမ်းသာစွာနဲ့ ကျေနပ်အားရနေတုန်းမှာ…

'ကဲ… ကဲ… မင်းရဲ့ဆုတစ်ခုကို ငါဖြည့်ပေးပြီးပြီ၊ အဲဒီတော့ မင်း ငါ့ကို တစ်ခုပြန်လုပ်ပေးပေတော့'

ဘီလူးက အထက်စီးလေသံနဲ့ အဲဒီလိုပြောလိုက်တယ်။ သူကလည်း အစကတည်းက သဘောတူပြီးသားမို့ ဘာမှရှည်ရှည်ဝေးဝေးပြောမနေတော့ဘဲ ဘာလုပ်ပေးရမလဲလို့ မေးလိုက်တော့ ဘီလူးက…

'ဘာမှထွေထွေထူးထူးမဟုတ်ပါဘူးကွာ၊ မင်း ဒီစမ်းချောင်းလေးဘေးမှာ ငါပေးတဲ့ သစ်ပင်လေးကို စိုက်ပေးရမယ်၊ ဒါပါပဲ'

ခုနက နည်းနည်းရင်မောနေမိတဲ့သူ ဘီလူးရဲ့ အဲဒီစကားကိုကြားတော့ တော်တော်လေးရင်အေးသွားတယ်။ လွယ်သားပဲပေါ့။ ပထမဆုံးတောင်းဆုကတော့ တန်သွားပြီလို့ သူစဉ်းစားမိတယ်။ ဒါပေမဲ့ သူနားမလည်တာတစ်ခုက ဒီလောက်သစ်ပင်တွေအများကြီးရှိနေပြီးသားကို ဘာဖြစ်လို့



များ ထပ်စိုက်ခိုင်းရလဲဆိုတာပဲ။ သူ့အတွေးကို ဘီလူးက ရိပ်မိတယ်နဲ့ တူပါတယ်။ သူဘာမှမမေးရသေးခင်မှာပဲ…

'အခုရှိပြီးသားသစ်ပင်တွေက စားလို့ရဟဲ့အသီး ဘာအသီးမှ သီးမှာမဟုတ်ဘူးကွ၊ မင်းကို အခု ငါစိုက်ခိုင်းတဲ့ အပင်ကမှ စားလို့ရတဲ့ အသီးတွေ သီးမှာ၊ ဘာသီးတွေသီးမှာလဲဆိုတာတော့ မမေးနဲ့၊ အစုံသီးလိမ့်မယ်၊ စားကောင်းတဲ့အသီးရော မစားကောင်းတဲ့အသီးရော အစုံပဲ။ ဘယ်လိုအသီးမျိုးပဲသီးသီး အဲဒါ မင်းရဲ့ကံပဲ၊ အကောင်းအဆိုး ခွဲခြားပြီးစားဖို့ကတော့ မင်းရဲ့ဉာဏ်က အရေးကြီးတယ်'

ကိစ္စမရှိပါဘူး။ အကောင်း အဆိုးကို ခွဲခြားတတ်တဲ့ အသိဉာဏ်တွေ သူ့ဦးနှောက်ထဲမှာ အပြည့်အသိပ်ပဲလေ။ အရင်ကဆို သူ အဲဒီအသိဉာဏ်တွေနဲ့ အရာရာကို အကောင်းအဆိုးလိုက်ခွဲနေခဲ့လို့လည်း လောကနဲ့ သူနဲ့ အကြောမတည့်တာပေါ့။ အခုတော့ လောကသစ်ထဲမှာ အဆိုး၊ အကောင်းဆိုတာတွေအားလုံးကို သူကိုယ်တိုင်ခွဲခြားဆုံးဖြတ်ပြီး အကောင်းဆုံးဆိုတဲ့ အရာတွေကိုပဲ သူဖန်တီးခွင့်ရတော့မယ်လေ။ သူပျော်ပျော်ရွှင်ရွှင်ပဲ ဘီလူးပေးတဲ့ သစ်ပင်ကို စမ်းချောင်းလေးဘေးမှာ စနစ်တကျစိုက်ပေးလိုက်တယ်။

ပြီးတော့ သူ နောက်ဆုတစ်ခုကိုတောင်းဖို့ စဉ်းစားရတော့တယ်။ ဘာတောင်းမလဲ။ ကမ္ဘာလောကကြီးကို အသစ်ပြန်လည်တည်ဆောက်ဖို့ အလိုအပ်ဆုံးက ဘာလဲ။ စဉ်းစား… စဉ်းစား… မိန်းမပေါ့။ အဲဒီအဖြေကို သူသိပ်မကြိုက်ပေမယ့် ဒီထက်ကောင်းတဲ့အဖြေကို သူ စဉ်းစားလို့မရဘူးဖြစ်နေတယ်။ အဲဒါနဲ့ပဲ…

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို နောက်ဆုတစ်ခုအနေနဲ့ မိန်းမတစ်ယောက် ဖန်ဆင်းပေးဗျာ၊ ချောချောလေးနော်'

နှစ်ယောက်တည်း ဒီတောကြီးထဲမှာ ဘဝစရမှာဆိုတော့ ရုပ်ဆိုးဆိုးကြီးဖြစ်မနေဖို့ အရေးကြီးတယ်လေ၊ သူ့ရဲ့ဆုတောင်းကို ကြားတော့ ဘီလူးက ခေါင်းကို တဖျင်းဖျင်းကုတ်ပြီး ပြောတယ်။

'သက်ရှိတစ်ယောက်ကို ဖန်ဆင်းပေးရမယ်ဆိုတာကတော့ သိပ်မလွယ်ဘူးကွ၊ အာဒမ်က ဧဝကိုရဖို့အတွက် နံရိုးတစ်ချောင်းပေးခဲ့ရတယ်ဆိုတာကို မင်းကြားဖူးတယ်မဟုတ်လား၊ အဲဒီတော့ မင်းကလည်း မိန်းမတစ်ယောက်ကို ဖန်ဆင်းပေးဖို့အတွက် ငါ့ကို တစ်ခုခုပေးရလိမ့်မယ်'

သူနည်းနည်းစိတ်ညစ်သွားတယ်။ ဘီလူးပြောတာကလည်း အကျိုးအကြောင်းညီညွတ်နေတော့လည်း သူငြင်းရခက်နေတယ်။

'ဟုတ်ပြီဗျာ၊ ဒါဆို ကျွန်တော်က ခင်ဗျားကို ဘာပေးရမှာလဲ၊ နံရိုးတစ်ချောင်းပဲလား'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ နံရိုးတစ်ချောင်းတည်းနဲ့ ဒီခေတ်မှာ ဘာမှလုပ်လို့မရတော့ဘူးကွ၊ အဲဒီတော့ မင်းက ငါ့ကို ဦးနှောက်တစ်ခြမ်းပေးရမယ်၊ ဒါကလည်း မင်းရဲ့ခေါင်းကို ခွဲစိတ်ထုတ်ပြီးပေးစရာ မလိုပါဘူး၊ ငါ့တန်ခိုးနဲ့ ငါ့ဘာသာငါ ထုတ်ယူလို့ရပါတယ်၊ ကဲ… ပြော၊ မင်းသဘောတူတယ်ဆိုရင် အခုပဲ ငါ မင်းအတွက် မိန်းမချောချောလှလှလေး တစ်ယောက် ဖန်ဆင်းပေးမယ်'

မိန်းမတစ်ယောက်ရဖို့အရေး ဦးနှောက်တစ်ခြမ်းတောင် ထုတ်ပေးရဦးမယ် ဆိုပါလား။ သူ အတော်လေးကို အကျပ်ရိုက်သွားတယ်။ ဒီဆု



က သူ့ဆန္ဒတွေအတွက် မရှိမဖြစ်ကို လိုအပ်နေတော့လည်း အခက်သား။ ပေါက်မယ့်နဖူး မထူးတော့ပါဘူးလေဆိုပြီး သူ လက်ခံလိုက်တယ်။ အဲဒီမှာ ဘီလူးက တစ်ခုခုကိုထုတ်ယူနေသလိုမျိုး သူ့ခေါင်းကို လက်နဲ့ပွတ်ဆွဲပြီး မြေပြင်ပေါ်ကို ကိုင်ပေါက်ချလိုက်တယ်။ အဲဒီလိုလည်းလုပ်လိုက်ရော ဝုန်းဆိုတဲ့အသံနဲ့အတူ မီးခိုးလုံးတွေကြားကနေ မိန်းကလေးတစ်ယောက် ထွက်လာတော့တာပဲ။ မိန်းကလေးရဲ့ အလှကိုကြည့်ပြီး သူ ဦးနှောက်တစ်ခြမ်းထုတ်ပေးလိုက်ရတယ်ဆိုတာကို မေ့သွားတယ်။

'ကဲ… မင်းရဲ့ဆုတောင်း နောက်တစ်ခုပြည့်သွားပြန်ပြီ၊ အဲဒီတော့ မင်း ငါခိုင်းတာကို လုပ်ပေးပေတော့'

သူလည်း မိန်းကလေးရဲ့လက်ကိုကိုင်ဆွဲပြီး ပေါ့ပေါ့ပါးပါးပဲ ဘာလုပ်ပေးရမလဲလို့ ဘီလူးကို မေးလိုက်တယ်။

'ဒီတစ်ခါလည်း သိပ်မခက်ပါဘူးကွာ၊ မင်း ဒီနားမှာ ငါ့ကို ရေတွင်းတစ်တွင်း တူးပေးရမယ်'

ဘီလူးက နေရာတစ်ခုကို ညွှန်ပြပြီး အဲဒီလိုပြောတော့ သူ အံ့ဩသွားတယ်။ ဒီဘီလူး ပြန်လုပ်ခိုင်းနေတာတွေက ငါတို့အတွက် ကောင်းတာတွေချည်းပါပဲလားလို့လည်း စဉ်းစားမိတယ်။ ဒါပေမဲ့ ဘီလူး ထပ်ပြောတဲ့ စကားကိုကြားတော့မှ သူစိုးရိမ်စိတ်တွေ ဝင်လာတယ်။

'မင်း အဲဒီနေရာမှာ ရေကြောကို တွေ့တဲ့အထိ တူးရမယ်။ ဘယ်လို ရေကြောမျိုး တွေ့မယ်ဆိုတာကတော့ မင်းရဲ့ကံပဲ၊ သောက်သင့် မသောက်သင့်ဆုံးဖြတ်ဖို့ကတော့ မင်းရဲ့ဉာဏ်ပဲပေါ့'

သူ ဘီလူးကို နည်းနည်းသံသယတွေဝင်လာတယ်။ အဲဒီ ကံ

www.burmeseclassic.com

www.burmeseclassic.com



က်ဆိုတဲ့စကားကို ဘီလူးပြောပြောနေတာ နှစ်ခါတောင်ရှိသွားပြီ။ လောကသစ်တစ်ခုကို ကိုယ့်စိတ်ကြိုက်ဖန်တီးချင်ပါတယ်ဆိုမှ အဲဒီကံကြမ္မာဆိုတာကြီးနဲ့က ဘယ်လိုမှ ရှောင်လွှဲလို့မရဖြစ်နေတယ်။ ဒါပေမဲ့ ရပါတယ်လေ။ ဘယ်လိုရေကြောမျိုး တွေ့တွေ့ပေါ့။ သူနဲ့ မိန်းကလေးမှာရှိတဲ့ နှစ်ယောက်ပေါင်း ဦးနှောက်တစ်ခုနဲ့ သောက်သင့်၊ မသောက်သင့်ကို သူတို့ ဆုံးဖြတ်နိုင်မှာပဲလို့ တွေးမိပြီး ဘီလူးညွှန်ပြတဲ့နေရာမှာ သူ ရေတွင်းတစ်တွင်းတူးပေးလိုက်တယ်။

'ကဲ··· ပြီးရင် မင်းရဲ့ နောက်ဆုံးဆုတစ်ခုကို တောင်းပေတော့၊ စဉ်းစဉ်းစားစားတော့ လုပ်နော်၊ နောက်ဆုံးပဲ'

သူ သေသေချာချာစဉ်းစားနေတုန်းမှာ ဘီလူးက သူ့ကိုကပ်ပြီး သတိပေးနေသေးတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ဒီနောက်ဆုံးဆုက အရမ်းအရေးကြီးတယ်။ သူ ဘယ်လိုကြီးကြီးမားမားဆုမျိုးကို တောင်းရပါ့မလဲလို့ အတော်စဉ်းစားယူရတယ်။ ပြီးတော့မှ···

'ကျွန်တော့်ကို ဘယ်တော့မှမကုန်ဆုံးနိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ဖန်ဆင်းပေးဗျာ'

'ဟိုက်···'

သူ့ဆုတောင်းကိုကြားတော့ ဘီလူး မျက်ဖြူဆိုက်သွားတယ်။ သူကတော့ ဒီဘီလူးကို ဒီလိုနှိပ်စက်လိုက်ရလို့ တော်တော်ကျေနပ်နေမိတယ်။ ဒီဆုတောင်းကို ဖြည့်မပေးနိုင်လို့ကတော့ ဒီဘီလူးကို ရစရာမရှိအောင်ကို ပြောပစ်လိုက်ဦးမယ်လို့ စိတ်ထဲမှာ ကြိမ်းဝါးနေမိရဲ့။

'မင်းဆုတောင်းကလည်း တကယ့်ကို ဈေးမကြီးပါလားကွာ၊ လုပ်



မပေးနိုင်ပြန်ရင်လည်း ဘီလူးသိက္ခာကျဦးမယ်။ ကဲ··· လာလေရော့ လဟယ်'

ဘီလူးက သူ့ရှိသမျှအစွမ်းတွေ အကုန်ထုတ်သုံးလိုက်ပုံပါပဲ။ ပတ်ဝန်းကျင်တစ်ခုလုံး ၃ မိနစ်လောက် တုန်ခါယိမ်းထိုးသွားပြီးတဲ့နောက်မှာ သူတို့ရဲ့ရှေ့ကို ကျယ်ဝန်းလှတဲ့ ခြံကြီးတစ်ခုနဲ့ ခမ်းနားလှတဲ့အိမ်ကြီးတစ်လုံး ဖြုန်းခနဲရောက်လာတော့မယ်။ သူက ပါးစပ်အဟောင်းသားနဲ့ အံ့သြနေတုန်းမှာ သူ့ဘေးနားက မိန်းကလေးက ဝမ်းသာအားရနဲ့ ထခုန်နေတယ်။ ဘီလူးကတော့ ပင်ပန်းသွားဟန်နဲ့ သူ့ကို လှမ်းပြောတယ်။

'ငါ့ကို ရေတစ်ခွက်လောက်တိုက်ပါလားကွာ'

သူလည်း မိန်းကလေးကို ရေတစ်ခွက်အမြန်သွားယူခိုင်းပြီး စမ်းချောင်းလေးထဲက ရေကိုပဲ ဘီလူးကို ခပ်တိုက်လိုက်တယ်။ အမောပြေသွားတော့ ဘီလူးက သူ့ကို တစ်ခုခုခိုင်းဖို့ ပြင်တယ်။

'ခင်ဗျား ကျွန်တော့်ကို တစ်ခုခုထပ်ခိုင်းဖို့ မပြင်နဲ့တော့၊ ခုနက ကျွန်တော် ခင်ဗျားကို ရေတစ်ခွက်ခပ်တိုက်ပေးပြီးသွားပြီ၊ အဲဒီတော့ ခင်ဗျားကို ကျွန်တော် ဘာမှထပ်လုပ်ပေးစရာမလိုတော့ဘူး'

သူ အဲဒီလိုပြောလိုက်တော့ ဘီလူး အိုးတိုးအမ်းတမ်းနဲ့ ခုနက သောက်ထားတဲ့ ရေတွေကိုပဲ ပြန်ထွေးထုတ်ရမလို ဖြစ်သွားတယ်။ သူမှားသွားမှန်းလည်း အခုမှ သူပြန်သိသွားပုံပဲ။ သူလည်း လိုချင်တာတွေ အကုန်ရပြီးပြီဆိုတော့ ဘီလူးကို မခံချင်အောင် ထပ်ပြောလိုက်တယ်။

'ခင်ဗျားက လည်မလိုလို့နဲ့ တော်တော်အတာပဲနော်၊ ဟဲ··· ဟဲ··· ဟဲ···'

www.burmeseclassic.com

www.burmeseclassic.com



'မင်းတော်တော်လည်တဲ့ကောင်ပဲ၊ မင်းက လည်တာမဟုတ်ပါဘူး၊ ငါကိုက မှားတာပါ'

ဘီလူးလည်း စိတ်ပျက်လက်ပျက်နဲ့ ဆီမီးခွက်ထဲပြန်ဝင်မယ်လုပ်ရင်း မဝင်ခင်မှာ သူ့ကို တစ်ခွန်းလှမ်းပြောသွားသေးတယ်။

'နေဦး၊ မင်းကို အရေးကြီးတာတစ်ခု ပြောစရာကျန်သေးတယ်။ ဒါတွေအားလုံးဟာ မင်းဆန္ဒရှိလို့သာ ငါဖန်ဆင်းပေးနိုင်ခဲ့တာဆိုတော့ မင်းကသာ ဒါတွေကိုမလိုချင်တော့ဘူးဆိုရင် အားလုံးပြန်ပျောက်ကွယ်သွားလိမ့်မယ်နော်၊ အဲဒီတော့ ဒါတွေအားလုံးဟာ အလကားပါတို့၊ ငါ ဘာမှမလိုချင်တော့ပါဘူးဆိုတဲ့ စကားတွေ မပြောမိဖို့အရေးကြီးတယ်၊ သိလား'

ဘီလူးက သူ့ကို နောက်ဆုံးအနေနဲ့ အဲဒီလိုပြောပြီး ဆီမီးခွက်လေးထဲကို ပြန်ဝင်ပျောက်ကွယ်သွားတယ်။ သူလည်း မိန်းကလေးရဲ့လက်ကိုဆွဲပြီး အိမ်ထဲကို ဝင်မယ်အလုပ်မှာ ထူးခြားမွှေးပျံ့တဲ့ အနံ့တစ်ခုက သူ့နှာခေါင်းထဲကို ဝင်လာတယ်။

'ဟယ်… ဟိုမှာကြည့်စမ်း၊ အသီးလေးတစ်လုံး သီးနေပြီ၊ မွှေးလိုက်တာ'

သူ့ဘေးနားမှာ မိန်းကလေးက မြူးထူးခုန်ပေါက်ရင်း ခုနက ဘီလူးစိုက်နိုင်းခဲ့တဲ့ အပင်အောက်ကို ပြေးသွားတယ်။ သူလည်း အမြန်လိုက်သွားပြီး အဲဒီအသီးကို ခူးပေးလိုက်တယ်။ ခူးနေရင်း ဒါဟာ မစားကောင်းတဲ့အသီးများ ဖြစ်နေဦးမလားလို့ စဉ်းစားမိတယ်။ ဒါပေမဲ့ သေချာတဲ့အဖြေတစ်ခုကို သူမထုတ်နိုင်ခဲ့ဘူး။ သူ့ဦးနှောက်တစ်ခြမ်းကို မိန်းကလေးကို ပေးလိုက်ရပြီလေ။ အဲဒါနဲ့ သူလည်း မိန်းကလေးကိုပါ ကူပြီးစဉ်းစားနိုင်းရတယ်။



'စားကောင်းလား၊ မစားကောင်းလားတော့ မသိဘူး၊ မွှေးတော့ အရမ်းမွှေးတယ်၊ အသီးကလည်း အရမ်းလှတယ်၊ ဒီလိုအသီးမျိုး မစားကောင်းဘူးဆိုရင်ရော လွှင့်ပစ်လိုက်ဝံ့တဲ့သတ္တိ ရှင့်မှာရှိလို့လား'

မိန်းကလေးရဲ့အမေးက သူ့ကို မှိုင်တွေငေးသွားစေတယ်။ အရင်ကလိုစိတ်မျိုးနဲ့ဆိုရင်တော့ ဘယ်လောက်ပဲအနံ့အရသာရှိရှိ မစားကောင်းတဲ့အသီးဆိုရင်တော့ လွှင့်ပစ်လိုက်ရမှာပဲလို့ သူပြောမိမှာပဲ။ ဒါပေမဲ့ အခု သူ စွန့်အနေတယ်။ အဆိုးလား၊ အကောင်းလားဆိုတာကို အပြတ်သားဆုံးဆုံးဖြတ်လိုက်ဖို့လည်း သူ့ဦးနှောက်တစ်ခြမ်းတည်းနဲ့ မသေချာဘူးဖြစ်နေတယ်။ သူ ဘာမှမပြောရသေးခင်မှာပဲ မိန်းကလေးက အဲဒီအသီးကို ကိုက်စားလိုက်တယ်။

'အား… ချိုနေတာပဲ၊ ကောင်းလိုက်တာ'

သူ့ကိုယ်သူ မရိပ်မိလိုက်ခင်မှာပဲ သူလည်း အဲဒီအသီးကို တစ်ကိုက်စားပြီးဖြစ်နေတယ်။ အဲဒီအချိန်မှာပဲ အဲဒီအပင်က အသီးတွေတစ်လုံးပြီးတစ်လုံး တဖျစ်ဖျစ်နဲ့ သီးလာလိုက်တာ သူတို့နှစ်ယောက်လည်း ဘာကိုမှ စဉ်းစားမနေကြတော့ဘဲ သစ်ပင်အောက်မှာ ငြိမ့်ငြိမ့်လေးထိုင်၊ သစ်သီးတွေတစ်လုံးပြီးတစ်လုံးစား၊ ဓဒင်ဥယျာဉ်ကြီးရဲ့အလှကို အပြည့်အဝခံစားနေလိုက်ကြတယ်။ သူ့ကိုယ်တိုင် သူ့ကိုယ်သူ ပြန်အံ့သြယူရလောက်တဲ့ အခြေအနေပါပဲ။ သူဘာဖြစ်သွားတာလဲ သူ့ကိုယ်သူ ပြန်မေးကြည့်ဖို့တောင် သူ့မှာ စိတ်ကူးမရှိတော့ပါဘူး။ မိန်းကလေးက ရေသောက်ချင်တယ်ဆိုတာနဲ့ ခုနက ဘီလူးတူးခိုင်းသွားတဲ့ ရေတွင်းထဲက ရေတစ်ဂျားသွားခပ်ပြီး သူတို့နှစ်ယောက် သောက်လိုက်ကြတယ်။ ဘီလူးပြောခဲ့တဲ့စကားကိုလည်း သူ

www.burmeseclassic.com

www.burmeseclassic.com



မေ့သွားပါပြီ။ ဒီရေတွေကို သောက်သင့် မသောက်သင့် စဉ်းစားဖို့ကိုလည်း သူ သတိမရတော့ပါဘူး။ စားလို့ သောက်လို့အပြီး မိုက်ဝသွားတဲ့အချိန်မှာ ဘေးနားက မိန်းကလေးကို ကြည့်ပြီး သူ့ရဲ့အချစ်စိတ်တွေ နိုးထလာတယ်။ သူ အရင်က စိတ်ကူးယဉ်ခဲ့တဲ့ လောကသစ်တစ်ခုကို သူတို့နှစ်ယောက် စတင်ဖန်တီးရမယ်ဆိုတဲ့အသိကိုတော့ သူ သတိရနေလို့ တော်သေးတယ်။ အဝေးကိုငေးနေတဲ့ မိန်းကလေးရဲ့မျက်နှာကို ဆွဲလှည့်ပြီး နမ်းဖို့ကြိုးစားလိုက်တယ်။

'ဟင်... ရှင်... ရှင် ဒါဘာလုပ်တာလဲ၊ လူကိုဘာများမှတ်နေလဲ'

'ဖြန်း'

သူ့ပါးပြင်တစ်ခုလုံး ပူနွေးသွားတယ်။ ဘာတွေဖြစ်ကုန်တာလဲ။ သူ ပြူးကြောင်ကြောင်မျက်လုံးတွေနဲ့ မိန်းကလေးကို စိုက်ကြည့်နေရင်း...

'မင်းကို ငါ လက်ထပ်ဖို့ ငါ့ဦးနှောက်တစ်ခြမ်းလုံးကို ထုတ်ပေးပြီး ရယူခဲ့ရတာလေ၊ မင်းက ဘာဖြစ်လို့ အခုမှ ငါ့ကို ငြင်းဆန်နေရတာလဲ၊ မင်းဟာ ငါနဲ့လက်ထပ်ပြီး လောကသစ်တစ်ခုကို စတင်ဖန်တီးရမယ့် မိန်းကလေးလေ'

သူ တုန်တုန်ယင်ယင်နဲ့ အဲဒီလိုပြောတော့ မိန်းကလေးက ဒေါသမျက်လုံးတွေနဲ့ သူ့ကိုကြည့်တယ်။ ပြီးတော့...

'ဒီက ကိုယ့်ကျေးဇူးရှင်ဆိုပြီး ပစားပေးမိပါတယ်၊ သူက အခွင့်အရေးယူဖို့ စဉ်းစားနေပြီ၊ ရှင့်ကို ကျွန်မက ဘာဖြစ်လို့ယူရမှာလဲ'

မိန်းကလေးက အဲဒီလိုပြောတော့ သူတော်တော်စိတ်ညစ်သွားတယ်။ ဒေါသလည်း ထွက်လာတယ်။ ဒီလိုဆို စိတ်ကူးယဉ်ခဲ့တာတွေ အကုန်သွားပြီပေါ့လို့လည်း ဝမ်းနည်းပက်လက်ခံစားလိုက်ရတယ်။ သူ့ငိုချင်စိတ်ကို မနည်းထိန်းထားရတယ်။



'ငါက လောကသစ်တစ်ခုကို ငါကိုယ်တိုင် စတင်ပြီးဖန်တီးချင်တာလေ၊ အဲဒါကြောင့်လည်း ဘီလူးကို ဧဒင်ဥယျာဉ်ကြီးထဲကို ပြန်ပို့နိုင်ပြီး သားသမီးတွေမွေးဖို့ မင်းကို ငါ့ရဲ့ဇနီးမယားတစ်ယောက်အဖြစ်နဲ့ တောင်းဆိုခဲ့တာလေ။ နောက်ပြီး မင်းနဲ့ ငါနဲ့ အတူတူနေကြဖို့ မကုန်နိုင် မခမ်းနိုင်တဲ့ စည်းစိမ်ဥစ္စာတွေကိုလည်း ဘီလူးဆီကနေ ငါတောင်းခဲ့တာ မင်းအမြင်ပဲလေ။ ငါ့ကို မရက်စက်ပါနဲ့ မိန်းကလေးရယ်၊ ငါ အနှစ်နှစ်အလလကတည်းက ရူးခဲ့ရတဲ့ အဲဒီစိတ်ကူးလေးကို မင်း မဖျက်ဆီးစမ်းပါနဲ့ကွာ'

သူ့အသံကို အတတ်နိုင်ဆုံးလျှော့ပြီး မိန်းကလေးကို တိုးလျှိုးတောင်းပန်နေရမယ့် မိန်းကလေးကတော့ ခပ်တင်းတင်းပါပဲ။

'ရှင် ဘာမှလာရှင်းပြမနေနဲ့၊ ကျွန်မ ရှင့်ကိုမယူနိုင်ဘူး၊ ဒီနေရာမှာ ရှင်နဲ့ ကျွန်မ နှစ်ယောက်တည်းရှိတဲ့အတွက် ဒီပစ္စည်းတွေအားလုံးကိုလည်း တစ်ယောက်တစ်ဝက်ပိုင်တယ်၊ ဒါပဲ'

မိန်းကလေးက အဲဒီလိုပြောပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ အိမ်ကြီးပေါ်ကို ပြေးတက်သွားတယ်။ သူ့ရဲ့ ဒေါသတွေနဲ့ စိတ်ပျက်အားလျှော့မှုတွေကို သူထိန်းမထားနိုင်တော့ဘူး။ အဲဒါနဲ့ မိန်းကလေးကြားအောင် သူ လှမ်းအော်ပြောလိုက်တယ်။

'မင်းသာ ငါ့ကို လက်မထပ်ရင် ငါတောင်းထားတဲ့ ဒီဆုတွေအားလုံးကို ငါဘာသွားလုပ်ရမှာလဲ၊ အားလုံးအလကားပဲပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း…'

အရာအားလုံး သူ့မျက်စိရှေ့ကနေ ဟုတ်ခနဲပျောက်ကွယ်သွားကြတယ်။ မီးခွက်ကို ဘယ်လိုပဲထပ်ပွတ်ပွတ် ဘီလူးကလည်း ပြန်ထွက်မလာတော့ဘူး။ ပူပြင်းခြောက်သွေ့တဲ့ ဟင်းလင်းပြင်တစ်ခုထဲမှာ ဖုန်အလူးလူးနဲ့ လမ်းလျှောက်နေရင်း သူစဉ်းစားတယ်။

'ငါ မစားကောင်းတဲ့အသီးကို စားခဲ့မိလို့လား'

'ငါ မသောက်ကောင်းတဲ့ရေကို သောက်ခဲ့မိလို့လား'

'ဒါမှမဟုတ် ငါ့ရဲ့ ဒုတိယဆုတောင်းကပဲ မှားခဲ့တာလား'

ဘာကြောင့်ပဲဖြစ်ဖြစ် သူကတော့ အရင်ကအတိုင်းပဲ ပြန်ဖြစ်နေခဲ့ပြီလေ။ ဆုံးရှုံးမှုခပ်ကြီးကြီးတစ်ခုကို ထပ်မံတွေးပိုက်လိုက်ရတာတစ်ခုပိုလာတာက လွဲရင်ပေါ့။

**နေဘုန်းလတ်**

**Monday, June 25, 2007**



**လူနှင့် ခေတ်သစ်ဘီလူး**

MELODYMAUNG said...

ကောင်းလိုက်တဲ့ ခေတ်သစ်ဘီလူးဝတ္ထုတိုလေး။ ဇာတ်သိမ်းကတော့ သမြောစရာကြီးနော်။

Khunmyahlaing said...

သယ်ရင်းက ဈေးဆစ်ဖို့ မေ့သွားထင်ပါ့။ ဒုတိယဆုတောင်းအတွက် ဘီလူးကို ပြောကြည့်ခဲ့ရင် အကောင်းသား။ မိန်းမကို တောင်းတာချစ်ဖို့။ ချစ်တယ်ဆိုတာ နှလုံးသားထဲက ချစ်တာ ဦးနှောက်ထဲက မဟုတ်လို့ နှလုံးသားတစ်ခြမ်းယူ၊ ဦးနှောက်တော့ မထိနဲ့လို့လေ။

Mr. Pooh said...

မဂ္ဂဇင်းထဲပါမယ်ဆိုလည်း ပါသင့်တဲ့ ဇာတ်လမ်းကောင်းလေးပါ။ အနက်ပေါ်မှာ အဖြူနဲ့ အများကြီးဖတ်ရလို့ နည်းနည်းတော့ မျက်စိကြောင်သွားတယ်။

Ko Phyoe said...

ဟိုက်… သောက်ကျိုးနည်း ကောင်းလိုက်တဲ့ဇာတ်လမ်းကွာ။ နေဘုန်းလတ်ရော၊ မောင်ပွတ်ရော အစွမ်းတွေ လိမ့်ပြနေကြပါလားဟ့။ စာရေးဆရာတွေ ငတ်ကုန်တော့မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်တူး gyit-tu said...

နေဘုန်းလတ်ရဲ့ ခေတ်သစ်ဘီလူးက ကောင်းပါ့။ စာပိုဒ်တွေ နောက်တစ်ခါစာရိုက်ရင် ခွဲရိုက်လို့ဖြစ်မလား... မောင်ပွတ်ပြောသလို ဖတ်ရတာ နည်းနည်းကြောင်ချင်လာပြီ။

□ □ □


www.burmeseclassic.com

www.burmeseclassic.com



## ဘဝမကူးချင်သူများ

ကျွန်တော် မှတ်မိနေသေးတယ်။ အဲဒီနေ့က မိုးတွေ သဲကြီးမဲကြီး ရွာနေခဲ့တယ်။ အုံလိုက်ကျင်းလိုက်နဲ့ ရွာသွန်းဆင်းသက်လာတဲ့ မိုးရေတွေက အမှိုက်သရိုက်တွေနဲ့အတူ ကျွန်တော့်ကိုပါ တိုက်စားသယ်ဆောင်သွားကြတယ်။

'ကျွီ… ဒုံး'

အဲဒီနောက်မှာ မယုံနိုင်စရာကောင်းတဲ့ တကယ့်အဖြစ်အပျက်တွေ ဆက်တိုက် ဆက်တိုက် ဖြစ်လာခဲ့တယ်။

❖ ❖ ❖

ကျွန်တော့်ရဲ့ရုပ်ခန္ဓာကြီး မရှိတော့ဘူး။ သုံးလို့မရတော့ဘူးဆိုတာကို ကျွန်တော်မြင်နေရသလို ကျွန်တော် ရှိနေသေးတယ်ဆိုတာကိုလည်း ကျွန်တော်သိနေရတယ်။ စိတ်တစ်ခုတည်း လွင့်မျောနေသလိုပဲ။ အဲဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း လေနဲ့အတူ ပေါ့ပေါ့ပါးပါးပဲ လျှောက်စီးမျောနေလိုက်တယ်။ အဲဒီလိုနဲ့ ကျွန်တော် အိမ်ကြီးတစ်အိမ်နားကို ရောက်သွားတယ်။ အိမ်ကြီးက အရမ်းလှတယ်။ အဖြူရောင်တွေ နှင့်နှင့်သီးသီးသုတ်ထားပုံက အဝေးက ကြည့်ရတာတောင် လင်းတောက်နေသလိုမျိုးပဲ။ ခြံထဲက မြက်ပင်တွေကလည်း စိမ်းစိုလန်းဆန်းနေလိုက်တာ။ ဘောလုံးကွင်းကြီးလားအောက်မေ့ရတယ်။ အဲ... ထူးခြားတာက အဲဒီအိမ်ကြီးကို သော့တွေအများကြီးနဲ့ ဆင့်ခတ်ထားတာပဲ။ ပြတင်းပေါက်တွေက အစ အပေါက်တွေအားလုံးကို တစ်ခုမကျန် သော့တွေ သော့တွေနဲ့ ခတ်ထားတယ်။ အဲဒီလောက်အထိ အလုံခြုံဆုံးဖြစ်အောင် သိမ်းထုတ်ထားခြင်းခံရတဲ့ အဲဒီအိမ်ကြီးထဲမှာ ဘာတွေများရှိနေမလဲလို့ ကျွန်တော်သိချင်လာခဲ့တယ်။ ကျွန်တော့်ကိုတော့ အဲဒီသော့အထပ်ထပ်တွေကလည်း မတားနိုင်ခဲ့ပါဘူး။ အဲဒီလိုနဲ့ပဲ ကျွန်တော် အိမ်ကြီးထဲကို ရောက်သွားခဲ့တယ်။ ဘယ်လိုပရိဘောဂပစ္စည်းမှ ရှိမနေတဲ့ အိမ်ကြီးရဲ့ အတွင်းခန်းတွေကို ကျွန်တော် လှည့်ပတ်စပ်စုနေတုန်းမှာ...

'မင်းက ဒီအထဲကို ဘာကိစ္စဝင်လာရတာတုံး'

ကျွန်တော် ရုတ်တရက်လန့်သွားတယ်။ ကျွန်တော်က အဲဒီအိမ်ကြီးထဲမှာ တစ်ယောက်ယောက် ရှိနေလိမ့်မယ်လို့မှ တွက်မထားတာလေ။ အဲဒါနဲ့ ကျွန်တော်လည်း အသံလာရာဘက်ကို ကြောက်ကြောက်နဲ့ပဲ လှည့်ကြည့်လိုက်တယ်။

ဟိုက်... ဦးဘောဂ၊ 'အန်ကယ်ကရော ဒီအိမ်ကြီးထဲကို ဘယ်လိုလုပ်ရောက်နေရတာလဲ' ဦးဘောဂဆိုတာ ကျွန်တော်တို့ရပ်ကွက်ထဲက သူဌေး



ကြီးပါ။ သူက တစ်နှစ်လောက် လေဖြတ်နေပြီး ဟိုတလောကမှ ဆုံးပါးသွားတာလေ။

'ငါက ဒီမှာလာပုန်းနေတာကွ'

'ဘယ်သူ့ကို ပုန်းနေတာလဲ'

'ငါ့ကို ဘဝကူးခိုင်းမယ့်သူတွေကို'

သူတို့ရဲ့အဖြေကြောင့် ကျွန်တော် နည်းနည်းလည်ထွက်သွားတယ်။ သေပါပြီဆိုမှ သံသရာမဆုံးသရွေ့တော့ ဘဝတွေ တစ်ခုပြီးတစ်ခု ကူးပြောင်းနေရမှာပဲလေ။ အဲဒါကို ဘာဖြစ်လို့ ရှောင်လွှဲချင်နေရတာလဲ မသိဘူး။

'အန်ကယ်က ဘာဖြစ်လို့ ဘဝမကူးချင်ရတာလဲ'

တကယ်တမ်းက သူအခုရောက်နေတာကလည်း ဘဝတစ်ခုထဲမှာပါပဲ။ အခြားဘဝတစ်ခုကို မကူးဘဲ ဝိညာဉ်ဘဝနဲ့ အကြာကြီးရှောင်လွှဲနေလို့မှ မရနိုင်တာ။

'ငါက ကောင်းကောင်းမွန်မွန်နဲ့ သေခဲ့ရတာ မဟုတ်ဘူးကွ။ အသာတွေ၊ အမုန်းတွေ၊ နာကြည်းမှုတွေ တနင့်တပိုးနဲ့ လောကထဲက ထွက်လာခဲ့ရတာလေ။ သေချာတယ်။ ငါ ကောင်းတဲ့ဘဝကို ဘယ်လိုမှ ရောက်မှာမဟုတ်ဘူး။ အဲဒါကြောင့် ဘဝမကူးချင်တာ'

ဦးဘောဂက သူ့မယားကြီးဆုံးသွားတော့ မယားငယ်ငယ်လေးကို ကောက်ယူထားတာလေ။ သူ့ဘဝက အပြင်ပန်းက ကြည့်ရင်တော့ သိပ်ကို ကျေနပ်အားရစရာကောင်းပါတယ်။ ဘာကြောင့်များ သူက အဲဒီလိုဖြစ်နေရတာလဲ မသိဘူး။

'အန်ကယ့်ဘဝက အစစအရာရာ အဆင်ပြေနေတာပဲ။ စည်းစိမ်

www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာဆိုလည်း အလျှံအပယ် ဇနီးငယ်ငယ်အချောအလှလေးကလည်း ရှိသေးတယ်။ ဘာစိတ်ညစ်စရာရှိလဲဗျာ'

'ဟုတ်ပါတယ်။ မင်းပြောသလိုပါပဲ။ ငါလေမဖြတ်ခင်အထိတော့ အဲဒီလိုပဲ ပြေပြေလည်လည် ပျော်ပျော်ရွှင်ရွှင်ပေါ့ကွာ။ လေဖြတ်ပြီးအချိန်ကစလို့ အကုသိုလ်တွေ အတုံးလိုက် အတစ်လိုက်ကို ဝင်တော့တာပဲ။ မင်းလည်း သိမှာပေါ့။ ငါ့မိန်းမက သူတို့မြို့က အမျိုးပါဆိုပြီး ကောင်လေးငယ်ငယ်လေးတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်လာတာလေ' 'ဟုတ်တယ်လေ။ အားလုံးသိနေကြတာပဲ။ သူတို့က မောင်နှမတွေမဟုတ်လား'

ကျွန်တော် အဲဒီလိုပြောလိုက်တော့ ဦးဘောဂက ဒေါသတွေ တလိပ်လိပ်တက်လာပြီး မကျေမနပ်လေသံနဲ့ ဆက်ပြောပါတယ်။ 'ပတ်ဝန်းကျင်မှအမြင်မှာတော့ မောင်နှမတွေပေါ့ကွာ။ ငါ့အိမ်ထဲမှာတော့...'

ဦးဘောဂဟာ သူ့စကားကို မဆက်နိုင်တော့ပါဘူး။ အဲဒါနဲ့ ကျွန်တော်ကပဲ အလိုက်တသိနဲ့ စကားလွှဲပေးလိုက်ရတယ်။ 'ဒါနဲ့ နေပါဦး။ ဒီအိမ်ကြီးထဲမှာ အန်ကယ်တစ်ယောက်တည်း ရှိတာလား။ ဒါမှမဟုတ် အခြားတစ်ယောက်ယောက်များ ရှိနေသေးလား'

'ရှိတယ်။ ရှိတယ်။ ဟောဟိုထောင့်စွန်းက အခန်းထဲမှာ သူရဆိုတဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ သူက ဒီအိမ်ကြီးကို စရောက်ကတည်းက ရှက်တယ် ရှက်တယ်လို့ အော်ရင်း အဲဒီအခန်းထဲကကို မထွက်တော့ဘူး။ နောက်တစ်ယောက်လည်း ရှိသေးတယ်။ သူက ဟိုးအပေါ်ထပ်မှာ ဘယ်တော့မှ အောက်ဆင်းမလာဘူး'

အဲဒီလိုနဲ့ ကျွန်တော်လည်း ဦးဘောဂနဲ့ စကားဖြတ်ပြီး ထောင့်စွန်း



ခန်းထဲက သူရဆီကို လျှောက်လာခဲ့တယ်။ သူရက သင်္ဘောသားလေ။ ကျွန်တော်တို့ရဲ့ တစ်လမ်းကျော်ကပေါ့။ ဟိုအရင်တစ်ခေါက် ဒီကောင် သင်္ဘောလိုက်ရာက ပြန်လာပြီး အိမ်တွင်းပုန်းနေလိုက်တာ သေမှပဲ အိမ်ထဲက ပြန်ထွက်လာတော့တယ်။ ကျွန်တော်အခန်းထဲဝင်သွားတော့ အခန်းရဲ့ ထောင့်မှာ သူရက သူ့ဒူးသူဖက်ပြီး ထိုင်ထိုင်နေတယ်။ ကျွန်တော် သူ့အနားကို ကပ်သွားတော့ သူက ကမန်းကတန်းလက်ကာပြီး 'ခင်ဗျား ကျွန်တော့်အနားမကပ်နဲ့၊ ကျွန်တော့်ဆီက HIV ပိုးတွေ ခင်ဗျားဆီကူးကုန်လိမ့်မယ်' သူက စေတနာနဲ့ပြောတာပါ။ ဒါပေမဲ့ ကျွန်တော် နည်းနည်းဒေါသထွက်သွားတယ်။

'မင်းကလည်း ရူးနေလား။ စကားပြောရုံနဲ့ ဘယ်လိုလုပ်ပြီး ရောဂါကူးမှာလဲကွ။ နောက်ပြီး ငါတို့က သေပြီးသားလူတွေ။ မင်းဆီကရောဂါတွေ ဘယ်သူ့ဆီကိုမှ မကူးနိုင်တော့ပါဘူး' ကျွန်တော် အဲဒီလိုပြောလိုက်မှ သူနည်းနည်းငြိမ်သွားတယ်။ ပြီးတော့ ကျွန်တော့်ကိုမေးတယ်။

'ခင်ဗျားက ဒီကို ဘယ်လိုလုပ်ရောက်လာတာလဲ၊ ဘာရောဂါနဲ့ သေတာလဲ'

'ကားတိုက်တာကွ၊ မိုးရွာထဲ လမ်းလျှောက်နေတုန်း ကားက လမ်းချော်ပြီး ငါ့ကိုဝင်တိုက်တာ'

ကျွန်တော့်အဖြေကို ကြားတော့ သူရက အားကျတဲ့လေသံနဲ့ ပြောတယ်။

'ကျွန်တော်လည်း ခင်ဗျားလို သေချင်လိုက်တာဗျာ။ အခုတော့...'

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း ခေါင်းငိုက်စိုက်ကျသွားတဲ့ သူရကို ကျွန်တော် မေးခွန်းတစ်ခု မေးလိုက်တယ်။

'မင်းက ဘာဖြစ်လို့ ဒီအိမ်ကြီးထဲမှာ လာပြီး ထိုင်နေရတာလဲကွ၊ ငါတို့တွေ အခြားဘဝတစ်ခုကို ကူးပြီး လုပ်စရာရှိတာတွေ ဆက်လုပ်ဖို့ရှိသေးတယ်လေ။

'ကျွန်တော် မကူးချင်ဘူးဗျာ။ ကျွန်တော်ကြောက်တယ်။ ဒီဘဝမှာဆို အသိုင်းအဝိုင်းတွေက အတင်းစီစဉ်လို့ ကျွန်တော် သဘောလိုက်ခဲ့ရတယ်။ သူတို့က ပိုက်ဆံတွေ ဖောဖောသီသီရတာကိုပဲ မြင်ကြတာလေ။ ကျွန်တော်တစ်ယောက်တည်း ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးထဲမှာ အထီးကျန် အဖော်မဲ့နေရတဲ့ ခံစားချက်တွေကိုကျတော့ ဘယ်မြင်ကြမှာလဲ။ အခုဆိုလည်း ကျွန်တော် တစ်ခေါက်တစ်ခါလေး မဆင်ခြင်မိတဲ့ အမှားတစ်ခုကနေ ဒီရောဂါရခဲ့ပြီ။ ရှက်ဖို့ကောင်းလိုက်တာဗျာ။ ကျွန်တော် တကယ်စိတ်ကူးယဉ်ခဲ့တဲ့ ဘဝက ဒီလိုမဟုတ်ဘူးဗျ'

သူရက မိဘနှစ်ပါးမရှိတော့လို့ ဦးလေးတွေ၊ အဒေါ်တွေနဲ့ နေရတာလေ။ သူက ဆယ်တန်းအောင်ပြီး စက်မှုတက္ကသိုလ်ဝင်ခွင့်ရခဲ့ပေမယ့် သူ့အသိုင်းအဝိုင်းရဲ့ အလိုကျ သင်္ဘောသားဘဝကိုပဲ ရွေးချယ်ခဲ့ရတယ်။

'ကျွန်တော် အခုအချိန်ရောက်မှတော့ ဘယ်သူ့ကိုမှလည်း အပြစ်မတင်ချင်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော် နောက်ဘဝတစ်ခုကို ကူးချင်တဲ့စိတ် မရှိတော့ပါဘူးဗျာ၊ မိမိစိတ်တိုင်းကျ ပုံဖော်ခွင့်မရတဲ့ ဘဝတစ်ခုကို ထပ်ပိုင်ဆိုင်ရမှာ ကြောက်တယ်။ စိတ်ဓာတ်ကျပြီး ဘဝတစ်ခုကို မပိုင်ဆိုင်ချင်တော့တဲ့ သူရကို အားပေးဖျောင်းဖျပြီး ကျွန်တော် အပေါ်ထပ်



ကိုတက်ခဲ့တယ်။ အပေါ်ထပ်ကိုရောက်တော့ ဘုရားခန်းလို့ထင်ရတဲ့ အခန်းကြီးတစ်ခုထဲမှာ လက်နောက်ပစ်ပြီး ဘယ်ပြန်ညာပြန် လျှောက်နေတဲ့ လူတစ်ယောက်ကို တွေ့တယ်။

'သြော်··· ခုနက အောက်မှာ ဦးဘောဂနဲ့ စကားပြောနေတာ ဘယ်သူများလဲလို့ မင်းကိုး···။' သူက ကျွန်တော့်ကိုမြင်တော့ အထင်သေးတဲ့မျက်လုံးတွေနဲ့ကြည့်ရင်း ပြောတယ်။ သူက ရပ်ကွက်ထဲက အင်မတန်မှအောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးလေ။ မိဘတွေရဲ့ ချမ်းသာကြွယ်ဝတဲ့ အရှိန်အဝါအောက်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်မှုအကြီးအကျယ်ရနေတဲ့ သူတစ်ယောက်ပေါ့။ ဟိုးတစ်လောက သူ အရက်တွေမူးပြီး ကားမှောက်လို့ ဆုံးသွားတယ်လို့ ကြားရတာပဲ။

'အစ်ကိုက ဘာဖြစ်လို့ ဘဝမကူးသေးဘဲ ဒီအိမ်ကြီးထဲမှာ လာနေနေရတာလဲ'

ကျွန်တော့်ရဲ့အမေးကို သူက တော်တော်နဲ့မဖြေပါဘူး။ သူ့ဘာသာသူ တစ်ယောက်တည်း စဉ်းစားနေဟန်နဲ့ အကြာကြီးရပ်ပြီး မျက်နှာကျက်တွေကို ငေးနေပါတယ်။ တော်တော်ကြာမှ···

'နောက်ဘဝတစ်ခုမှာ ဒီလိုအောင်မြင်မှုမျိုးကို ဒီလို မြန်မြန်ဆန်ဆန်နဲ့ ရဖို့ဆိုတာ သေချာပါ့မလား။ ဒီဘဝက ငါ့မိဘတွေလို အစစအရာရာပြီးပြည့်စုံတဲ့သူတွေရဲ့ ဝမ်းထဲမှာ ငါပြန်သန္ဓေတည်ရဖို့ကရော သေချာပါ့မလား။ ဘာမှ မသေချာဘူး'

'အစ်ကိုက စီးပွားရေးလုပ်ငန်းတွေမှာ အရမ်းစွန့်စားတယ်လို့ နာမည်ကြီးနေပြီး အခုမှ ဘာဖြစ်လို့ ဒီလောက်တွေဝေနေရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မတူဘူးလေကွာ၊ စီးပွားရေးလုပ်တယ်ဆိုတာ ငွေနဲ့ အလောင်းအထပ် လုပ်ရတာကွ၊ အခုဟာက ဘဝ၊ ဘဝ၊ ဘဝတစ်ခုလုံး လောင်းကြေးထပ်လိုက်ရမှာ၊ သေသေချာချာစဉ်းစားရမယ်ကွ'

သူ့ရဲ့ တလွဲတချော်အတွေးအခေါ်တွေကို နားထောင်လိုက်ရတော့ ကျွန်တော် တော်တော်စိတ်ပျက်သွားတယ်။ ခေါင်းကို တသွင်သွင်ခါယမ်းရင်း သူ့ကို ကျွန်တော် ပြောလိုက်မိတယ်။

'ကံကြမ္မာရဲ့ ကစားပွဲက အရှည်ကြီးဗျ၊ နောက်ပြီး အဲဒီကစားပွဲရဲ့ ထူးခြားချက်က တဒင်္ဂလေးကိုကြည့်ပြီး ကြိုက်ရာအကွက်မှာ ကြိုက်သလောက် ဝင်လောင်းလို့မရတဲ့ အချက်ပဲ။ အစ်ကို ဘယ်အချိန်မှသွားသွား အစ်ကိုသွားရမယ့် နေရာတစ်ခုကတော့ ဘယ်တော့မှမပြောင်းလဲတဲ့ နေရာတစ်ခုအဖြစ် အဆင်သင့်ရှိနေပြီးသားပဲ' ကျွန်တော် စကားမဆုံးခင်မှာပဲ သူက ကြားဖြတ်ပြီး ဝင်မေးတယ်။ သူ့ကြည့်ရတာ တော်တော့်ကို မကျေမနပ်ဖြစ်နေပုံပဲ။ 'ငါတို့မှာ ရွေးချယ်ခွင့်မရှိတော့ဘူးလား၊ ရှိရမှာပေါ့ကွ'

'ရွေးချယ်ခွင့်မရှိတာ မဟုတ်ဘူး။ ရွေးချယ်ပြီးသားဖြစ်နေတာ။ ကျွန်တော်တို့ ကုန်လွန်ဖြတ်သန်းပြီးခဲ့တဲ့ ကျွန်တော်တို့ရဲ့ အတိတ်နေ့ရက်တွေထဲက နေထိုင်၊ ဆုံးဖြတ်၊ လုပ်ကိုင်မှုတွေအားလုံးက အဲဒီ နောက်ဘဝဆိုတာတွေကို ရွေးချယ်ခဲ့ပြီးသားဖြစ်နေခဲ့တာ။ အခုမှလာပြီး ဘယ်ဘဝကိုသွားရရင် ကောင်းမလဲလို့ စဉ်းစားနေလို့ကတော့ အပိုပဲ။ တကယ်တမ်းက အစ်ကို အခု စဉ်းစားသလိုမျိုး မသေခင်ကတည်းက ကျွန်တော်တို့ စဉ်းစားခဲ့ကြရမှာ' ကျွန်တော်ပြောတဲ့ စကားတွေရဲ့ အဓိပ္ပာယ်ကို သူနားလည်လား၊



နားမလည်ဘူးလားဆိုတာ သူကိုယ်တိုင်ပဲသိမှာပါ။ ကျွန်တော်ကတော့ သူ့ကိုကျောခိုင်းပြီး အောက်ထပ်ကို ဆင်းလာခဲ့ပါပြီ။ ကျွန်တော်ပြောတဲ့စကားတွေကို အောက်ထပ်ကနေ နားထောင်နေခဲ့တဲ့ သူရက ကျွန်တော့်အနားကို ရောက်လာပါတယ်။ ပြီးတော့ 'ကျွန်တော် ဒီအိမ်ကြီးထဲက ထွက်တော့မယ်။ ကျွန်တော် နောက်ဘဝတစ်ခုကို ရဲရဲဝံ့ဝံ့သွားပြီး လျှောက်စရာရှိတဲ့လမ်းကို ပြတ်ပြတ်သားသားဆက်လျှောက်တော့မယ်'

ဒီလိုနဲ့ သူရနဲ့ ကျွန်တော် အိမ်ဖြူကြီးကို ကျောခိုင်းပြီး နောက်ဘဝတစ်ခုဆီသွားဖို့ အဆင်သင့်ပြင်လိုက်ကြတယ်။ 'ဒါပဲပေါ့ကွာ။ သူဌေးပဲဖြစ်ဖြစ်၊ ခွေးပဲဖြစ်ဖြစ်ပေါ့။ ငါတို့ကိုယ်တိုင်ရွေးချယ်ထားခဲ့တဲ့ မနက်ဖြန်တွေဆီကို ငါတို့ မတွန့်မဆုတ်ဘဲ လျှောက်ရဲရမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



**ဘဝမကူးချင်သူများ**

MELODYMAUNG said...

မဂ္ဂဇင်းမှာ ရွေးချယ်ဖော်ပြခြင်းခံခဲ့ရတဲ့ နောက်ထပ် ဝတ္ထုတိုလေးများရှိသေးရင် တင်ပေးပါဦး။ ဖတ်ချင်ပါသေးတယ်။

Test said...

အတွေးအခေါ် သိပ်ကောင်းတဲ့ စာလေးပဲ။ ဘာမှ ရှုပ်ရှုပ်ထွေးထွေးကြီးမဟုတ်ဘဲ လူတွေ သတိမထားမိတာလေးကို ပညာပါပါရေးထားတာ သဘောကျတယ်။ ဆက်ရေးပါ။ အားပေးနေကြပါတယ်။

Maydarwii said...

အဲဒီစာကို ဖက်ရှင်အင်းမေ့ချ်မှာ ဖတ်ရတယ်။ ကလောင်နာမည်ကို စာလုံးပေါင်းမှားနေတာလည်း ကျွန်မ သတိထားမိတယ်။ ကိုနေဘုန်းလတ်ရဲ့ ဂျီတော့ခ်မှာတွေ့ရင် ပြောဦးမလို့ပဲ။ မတွေ့လို့။ ခုခေတ် စာနယ်ဇင်းတွေက အဲဒီလိုပါပဲ။ အမှားကင်းတာ ခပ်ရှားရှားနော်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ရဲ့စာလေး စာမျက်နှာပေါ်မှာ ဖတ်ရတာတော့ ကြည်နူးမှာပါပဲ။ အမှားကင်းတဲ့စာ ဖတ်ရတယ်ဆိုရင်တော့ အကောင်းဆုံးပေါ့နော်။



ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော် said...

Really thanks to all for reading my posts and leaving comments for me.

ကျွန်တော်လွတ်ကျခဲ့တဲ့ မြို့တော် said...

>melodymaung ....မဂ္ဂဇင်းမှာဖော်ပြခံရတဲ့ ဝတ္ထုတိုဆိုရင်တော့ သိပ်မရှိဘူး အစ်မရဲ့...

စိစစ်ရေးက ပယ်တဲ့ဝတ္ထုတွေ ဖတ်ချင်တယ်ဆိုရင်တော့ အများသား... ဟား... ဟား... ဟား...

>test ....အခုလိုအားပေးတဲ့အတွက် ကျေးဇူးပါဗျာ။ ဆက်ရေးမှာပါ။ အဲဒီအတွက်တော့ စိတ်သာချဗျို့...

>maydarwii ဒီလိုပါပဲ အစ်မရယ်... မှားတတ်ပါတယ်။ မှားတာကို ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှမနေပါဘူး။ ဒါပေမဲ့ စာရေးသူတွေကို နည်းနည်းလေး လေးစားမှုရှိစေချင်တဲ့သဘောပါ။ စာတွေကို တိကျတဲ့ သတ်မှတ်ချက်တွေနဲ့ သေသေချာချာလေးကိုင်တွယ်စေချင်တဲ့သဘောပါ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဘီလူးတစ်ကောင်ရဲ့ ကကြိုး

ကောင်းကင်ပြာကို နောက်ခံထားပြီး တိမ်လွှာဖြူဖြူတွေက မသိမသာလွင့်ပါးနေကြတယ်။ သိပ်မကြာခင်အချိန်က ဒီကောင်းကင်ပြာကြီးကို သူမော့ကြည့်နေခဲ့တာကို ပြန်သတိရလိုက်တယ်။ အဲဒီတုန်းက ကောင်းကင်ပြာကြီးက အနက်။ ပြီးတော့ ကြယ်မှုန်ကြယ်မွှားလေးတွေက တလက်လက်။ ပြီးတော့ လမင်းကြီးက ဝိုင်းစက်စက်။ အခုတော့ ကောင်းကင်ပြာက အပြာ တိမ်ခိုးတိမ်မျှင်တွေက ပါးပါးလွှာလွှာ။ နေခြည်နုနုလေးတွေက လည်း ယဉ်ယဉ်ကလေးဖြာလို့။ သူဘာကိုမှဆက်မတွေးတော့ဘဲ အဲဒီ ကောင်းကင်ရှုခင်းလေးကိုပဲ ငေးနေမိတယ်။ အဲဒီအချိန်မှာ အဲဒီအချိန် အခိုက်အတန့်လေးမှာ…

အသံ… သာယာညှင်းပျောင်းတဲ့အသံ။ ဘယ်ကမှန်းမသိပေမယ့် သူ့နှားစည်ကို စည်းချက်ကျကျ ရိုက်ခတ်နေတဲ့အသံ။ အဲဒီ ကြည်မြမြအသံကို ပိုပြီးပီသစေဖို့ နားစွင့်လိုက်တဲ့အချိန်မှာပဲ ခုနက ခပ်ပါးပါးပြေးနေတဲ့ တိမ်လွှာပါးပါးလေးတွေထဲက လက်ခနဲ တစ်ချက်ဖြစ်သွားတယ်။ ဘာလဲ

www.burmeseclassic.com



နားကိုဖွင့်ထားရင်းက အကြည့်အာရုံကိုလည်း ပိုပြီးစူးနစ်အောင် မြင့်လိုက်တဲ့အခါ... ဟုတ်တယ်။ အဲဒါ ယိမ်းထိုးလှုပ်ရှားနေတဲ့ သန်လျက်တစ်လက်ပဲ။ သန်လျက်ကြီးပဲလား။ ဟင့်အင်း... မဟုတ်ပါဘူး။ အဲဒီသန်လျက်ကို တစ်ယောက်ယောက်က ကိုင်ထားတယ်။ ပထမတော့ ဝိုးတဝါးဝါးပဲ။ ဒါပေမဲ့ တဖြည်းဖြည်းပြတ်သားလာတယ်။ ဘယ်သူလဲ။ ကြည်လင်ပြတ်သားလာတဲ့မြင်ကွင်းကို သရုပ်ခွဲဖို့ သူ အာရုံတွေကို လိုတာထက်ပိုပြီး စုစည်းလိုက်တယ်။ ဘယ်သူလဲ။

ဘီလူး။ သိပ်ဟုတ်တာပေါ့။ ဒါဟာ ဘီလူးတစ်ကောင်ပဲ။ တိတိကျကျထပ်ပြောရရင် အစိမ်းနုရောင်ဘီလူးတစ်ကောင်ပဲ။ ပိုပြီးတိတိကျကျထပ်ပြောရရင် သာယာညင်ပျောင်းတဲ့သံစဉ်နဲ့ ခမ်းနားပြေပြစ်တဲ့ ကကွက်တွေကို ပေါင်းစပ်ပြီး အံ့ဩစရာကောင်းတဲ့ ကကြိုးတစ်ခုကို လွတ်လွတ်လပ်လပ်ကနေတဲ့ အစိမ်းနုရောင်ဘီလူးတစ်ကောင်။

'ဟာ...'

လက်တစ်ဖက်က သန်လျက်။ နောက်လက်တစ်ဖက်က တင်းတင်းဆုပ်ထားတဲ့ လက်သီး။ အဲဒီလက်နှစ်ဖက်ကို အနုပညာမြောက်စွာ ချိုးဆစ်ဝှေ့ယမ်းလိုက်တိုင်းမှာ နေရဲ့အလင်းနဲ့ သန်လျက်ကိုထိတွေ့ပြီး တလက်လက်ဖြစ်သွားပုံက သိပ်ကိုလှလွန်းတယ်။ ခြေထောက်အနင်းအကြွ အဖိအဖော့၊ ပြီးတော့ ကိုယ်လိုသလိုရွေ့နေတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတို့ရဲ့ အရွေ့... လှတယ်။ ဘာလို့လှနေမှန်းမသိအောင်ကို လှတယ်။ နောက် မျက်နှာ။ ဘီလူးရဲ့ ပြုံးနေတဲ့မျက်နှာ။ အထူးသဖြင့် နှုတ်ခမ်းလွှာရဲ့ အစွန်းနှစ်ဖက်က ဖြူဝင်းတောက်ပနေတဲ့ အစွယ်နှစ်ချောင်း။ အဲဒီအစွယ်တွေနဲ့ပဲ နူးညံ့စွာ



ပြုံးလိုက်တဲ့ အပြုံးတစ်ပွင့်။ အာ... အဲဒါ ဘီလူးအစစ်ရော ဟုတ်ရဲ့လား။ ဘီလူးက ကတယ်။ သူက ငေးတယ်။ သူကငေးတယ်။ ဘီလူးက ကတယ်။ ဘီလူးကနေတာကို သူသိပေမယ့် သူငေးနေတာကို ဘီလူးသိချင်မှ သိလိမ့်မယ်။ ဒါက ကိစ္စမရှိပါဘူး။ ကိစ္စရှိတာက ဘီလူးတစ်ကောင်ကနေတာကိုကြည့်ပြီး ဖြစ်လာတဲ့ သူ့စိတ်ထဲက ဒွိဟတွေပေါ့။ ကနေတဲ့ဘီလူး။ ဒီထက်ပိုတာက သူ့စိတ်ထဲမှာ လှနေတဲ့ဘီလူး။ သူသိဖူးတဲ့ဘီလူးက ခက်ထန် ကြမ်းတမ်းမှုတို့ရဲ့ ပြယုဂ်။ ဒေါသတရားတွေကို ဘယ်တော့မှ မထိန်းချုပ်တဲ့၊ အမြဲတမ်းသုန်မှုန်စူပုပ်နေတဲ့ သတ္တဝါ။ အခုတော့ သူက ပြုံးလို့။ အစွယ်ကြီးတကားကားနဲ့ ပြုံးလို့။ သူသိခဲ့ဖူးတဲ့ ဘီလူးက ကတဲ့အခါမှာတောင် လက်သီးလက်မောင်းတန်း၊ သန်လျက်ကြီးတရမ်းရမ်းနဲ့ လောဘ ဒေါသမာန်မာနတွေကို အထင်းသားမြင်ရနိုင်တဲ့ အကွက်တွေနဲ့ ခြေဝါးဆောင့်ဆောင့် ကတတ်သူ။ အခုတော့ သူက နူးညံ့ပြေပြစ်စွာ ကလို့။ လှပပျော့ပျောင်းစွာ ကလို့။ သူ့အတွေးတွေ ဒွိဟတွေနဲ့ ဖရိုဖရဲဖြစ်နေပေမယ့် ဘီလူးကတော့ ကကောင်းနေတုန်း။ ဘာပဲဖြစ်ဖြစ် ကြည့်လို့ကောင်းတာကတော့ သေချာတယ်။ ပြီးတော့ တစ်ခါမှ မခံစားရဖူးတဲ့ ခံစားမှုတစ်ခုကို ခံစားနေရတာလည်း သေချာတယ်။ အတွေးတွေကို ခဏချိုးပြီး သူ ကောင်းကင်ကို မော့ကြည့်နေမိတယ်။ တေးသံသာက တဖြည်းဖြည်း သူ့နဲ့ဝေးလာတယ်။ နောက်ဆုံး တေးသွားက လုံးဝတိတ်သွားသလို ဘီလူးလည်း သူ့အမြင်အာရုံထဲကနေ လုံးဝပျောက်ကွယ်သွားတယ်။

'ဟင်...'

ရင်ဘတ်ထဲ မှိုသိပ်ထားတဲ့ ခံစားချက်တနင့်တပိုးကို သူရှိုက်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ အဲဒီသက်ပြင်းရှည်ကြီးရဲ့အဆုံးမှာပဲ သူ့မျက်လုံးတွေ ပွင့်ထွက်သွားတယ်။ မျက်စိရှေ့မှာက မီးချောင်းရဲ့ အလင်းရူးရူး။

'ဩော်… ဒါ အိပ်မက်ပဲ'

လန့်နိုးခဲ့တာမဟုတ်ပေမယ့် အိပ်မက်ကတော့ ပြီးသွားခဲ့ပြီ။ သူ့ရင်ထဲမှာတော့ ဘီလူးတစ်ကောင်ရဲ့ ကကြိုး၊ အဲဒီဘီလူးရဲ့ နှုတ်ခမ်းပေါ်က အစွယ်နဲ့ အပြုံး၊ ခက်ထန်ကြမ်းတမ်းမှုနဲ့ နူးညံ့သိမ်မွေ့မှု၊ ရူးရှထက်မြက်မှုနဲ့ အေးမြလှပမှု၊ ဆန့်ကျင်ဘက်တွေရဲ့ မျှတစွာပေါင်းစပ်မှုက အလှတရားတစ်ခု မွေးဖွား။ ပြီးတော့ အဲဒီအလှတရားကပဲ ခံစားချက်အသစ်တစ်ခုကို လူငယ်တစ်ယောက်ရဲ့ နှလုံးသားထဲကနေ ချူချပေးလိုက်သလို။

ဟုတ်တယ်။ အချို့အိပ်မက်တွေက အိပ်မက်ထက်ပိုတယ်။



ဘီလူးတစ်ကောင်ရဲ့ ကကြိုး

kokoseinygn said...

စာလာဖတ်သွားတယ် ညီလေး
အောင်မြင်ပါစေကွာ

လရောင်ချို said...

ဟုတ်တယ်… အချို့အိပ်မက်တွေက အိပ်မက်ထက်ပိုတယ်…

စိတ်ကူးချိုချိုများ said...

အိပ်မက်ဆိုတာ… ကိုယ်ကြိုမျှော်လင့်လို့ မရတဲ့ ပြကွက်တစ်ခုပဲ… ဒါပေမဲ့ မရေရာဘူး မသေချာပါဘူး… လန့်နိုးသွားတဲ့အချိန်မှာ ဘာမှရေရေရာရာ ဆုပ်ကိုင်ပြီး ပြန်ပြလို့မရတာ အိပ်မက်ပဲ။

Seinn Mya Linn Thit said...

'ဘီလူးတစ်ကောင်ရဲ့ ကကြိုး'

Myat Pan Nwe (မြတ်ပန်းနွယ်) said...

ကျွန်မ စာလာဖတ်သွားပါတယ်။

ခင်မင်စွာဖြင့်
မြတ်ပန်းနွယ်

www.burmeseclassic.com

www.burmeseclassic.com



Sophie said...

ရောက်ခဲ့တယ် အစ်ကို။

kopainglay said...

ကောင်းလိုက်တဲ့ ရေးသားချက်ဗျာ။ ဘီလူးကိုတောင် လှပအောင် ဖွဲ့ဆိုတတ်တယ်။ လေးစားပါတယ် အစ်ကို။ ဘားကမ့်ပွဲမှ သိလိုက်ရတဲ့ ညီငယ် ကိုပိုင်လေး။

waiwaisoe 07 said...

ဘီလူးတစ်ကောင်ရဲ့ ကကွက်နဲ့ အပြုံးက မျက်လုံးထဲ ကွင်းကွင်း ကွက်ကွက် ပေါ်လာတယ်။

Z@! said...

ဘီလူးဆိုတာ ရက်စက်ကြမ်းကြုတ်တယ်လို့ပဲသိခဲ့တဲ့ ကျွန်တော်တို့ အတွက် သူ့ရဲ့ကကွက်တွေက အိပ်မက်ထဲမှာတင်မက အပြင်မှာလည်း လှပနေစေချင်တယ်။ တချို့အိပ်မက်တွေကို အပြင်မှာ တကယ်ဖြစ်စေချင် တဲ့အခါမှာ အဲဒီအိပ်မက်ကို အိပ်မက်ဆိုတာထက် တကယ်ဖြစ်စေချင်တယ်။ ဘာပဲပြောပြော ဘီလူးလက်ခမောင်းခတ်ခဲ့တဲ့အချိန်တွေကို ပြန်မရောက် စေချင်တော့ဘူး။



အမတငယ် said...

အစ်ကိုရေ လာဖတ်သွားပါတယ်ရှင်။

စံပယ်ဖြူ (Jasmine White) said...

စာလာဖတ်သွားပါတယ်။ နောင်အားရင် လာဖတ်ပါဦးမယ်။

ကျွန်မရဲ့ blog မှာ ကိုနေဘုန်းလတ်ရဲ့ ဆိုက်ကို link ထားမယ် နော်။

အချိန်ရရင် သွားဖတ်ကြည့်နိုင်ပါတယ်။

မအားတာရယ်၊ စိတ်လေတာတွေရယ်ကြောင့် ပို့စ်တွေများများ တော့ မတင်ဖြစ်ပါဘူး။

ခင်မင်လေးစားစွာဖြင့်

NTTH

□ □ □

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ကူးမယဉ်ဝံ့တဲ့သူ

'မင်းဟာ ငါ့အပေါ်မှာ ကျေးဇူးတွေအများကြီးရှိခဲ့ဖူးတယ်။ ဟိုးရှေးရှေးက ဘဝတစ်ခုတုန်းကပေါ့ကွာ။ အဲဒီတော့ အခု ငါက မင်းကို ကျေးဇူးဆပ်ဖို့လာခဲ့တာပဲ။ အခု ငါက အမျိုးအမည်ဖော်ပြလို့မရတဲ့ ဘုံတစ်ခုမှာ တော်တော်အစွမ်းထက်တဲ့သူတစ်ယောက် ဖြစ်နေတယ်ကွ၊ အဲဒါကြောင့် ငါလည်း မင်းကို ကျေးဇူးဆပ်စရာတွေ ရှိနေသေးတယ်ဆိုတာကို သတိရပြီး မင်းဆီကို ရောက်လာတာပဲ။ ရော့… ဒီဆေးပုလင်းလေးကို သောက်လိုက်၊ ပြီးတာနဲ့ မင်း တစ်ခုခုကိုစိတ်ကူးယဉ်လိုက်ရင် အဲဒီစိတ်ကူးယဉ်နေတဲ့ ကာလထဲကို မင်း ချက်ချင်းရောက်သွားလိမ့်မယ်။ မင်း အတိတ်ကိုပဲ ပြန်သွားချင်သလား။ ဒါမှမဟုတ် အနာဂတ်ထဲကိုပဲ ကျော်သွားချင်သလား။ မင်းသွားချင်တဲ့ ကာလတစ်ခုကို စိတ်ကူးယဉ်ပြီး တလိုက်။ မင်း အဲဒီကာလထဲကို မင်းပြန်ရောက်သွားလိမ့်မယ်။ ပြီးရင် အဲဒီကာလကနေ ပြီး မင်းပြန်အသက်ဆက်လို့ရပြီ။ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်နော်၊ ဒီဆေးပုလင်းက တစ်ခါသောက်စာပဲ'

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူး။ ဒါပေမဲ့ သူက ကျွန်တော့်ကို ကျေးဇူးဆပ်ချင်လို့ဆိုပြီး သူ့လက်ထဲက ဆေးရည်ပုလင်းလေးကို အတင်းထိုးပေးနေတယ်။ ကျွန်တော် ဘာလုပ်ရမလဲ။ လက်ရှိဘဝကြီးကို ဘယ်လိုမှ မကျေနပ်နိုင်မယ့်အတူတူ သူပြောသလို အတိတ် ဒါမှမဟုတ် အနာဂတ်တစ်ခုခုထဲကို စိတ်ကူးယဉ်ပြီး အမြန်ခုန်ကူးလိုက်ရင် ကောင်းမယ်လို့ တွေးမိပြီး သူပေးတဲ့ ဆေးပုလင်းလေးကို ကျွန်တော် ယူပြီး မော့သောက်လိုက်တယ်။

'အေး… ဟုတ်ပြီ။ မင်းသွားချင်တဲ့ ဘဝတစ်ခုကိုသာ စိတ်ကူးယဉ်ပြီး အမြန်သွားပေတော့ သူငယ်ချင်းရေ၊ ငါလည်း မင်းကို ကျေးဇူးဆပ်လိုက်ရလို့ ကျေနပ်သွားပြီ၊ သွားပြီဟေ့'

'ဝုန်း… ဒုန်း'

'ဝုန်း'ဆိုတာက ခုနက လူ မီးခိုးလုံးကြီးဖြစ်ပြီး ပြန်ပျောက်သွားတဲ့အသံပါ။ 'ဒုန်း'ဆိုတာက ကျွန်တော် ခုတင်ပေါ်က ပြုတ်ကျတဲ့အသံ။

'ဒေါက်… ဒေါက်… ဒေါက်'

'ဟေ့ကောင် ဘာဖြစ်တာလဲ'

'ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး စည်သူ၊ ငါ အိပ်မက်မက်ပြီး ခုတင်ပေါ်က ပြုတ်ကျတာပါ'

စိုးရိမ်တကြီးနဲ့ လှမ်းမေးတဲ့ တစ်ဖက်ခန်းက သူငယ်ချင်းကို အိပ်မက်မက်တယ်လို့သာ ပြောလိုက်ရပေမယ့် ကျွန်တော့်ရဲ့ လက်ထဲမှာ ကိုင်လျက်သားလေးဖြစ်နေတဲ့ ပုလင်းအလွတ်လေးက ဒါအိပ်မက်မဟုတ်ဘူးလို့ ကျွန်တော့်ကို ပြောနေသလိုပဲ။ ငါ ညကများ ဒီပုလင်းလေးကို ကိုင်ပြီး



အိပ်ခဲ့မိသလား။ ကျွန်တော် ပြန်စဉ်းစားကြည့်တယ်။ မဟုတ်ဘူး။ ဒီပုလင်းလေးက ဘယ်မှာမှ ရှာလို့မရနိုင်တဲ့ တြိဂံပုလင်းသေးသေးလေးပဲ။ တစ်ခါမှလည်း ငါ့အခန်းထဲမှာ မတွေ့မိပါဘူး။ ဒါဆို ဒီပုလင်းထဲက ဆေးရည်တွေကို ငါ တကယ်ပဲ သောက်ခဲ့မိပြီလား။ ကျွန်တော် အဲဒီလိုတွေးမိပြီး ပုလင်းလေးကို နမ်းကြည့်လိုက်တယ်။

'အား… မွှေးလိုက်တာ'

တစ်ခါမှ မရှူရှိုက်ဖူးတဲ့ မွှေးရနံ့တစ်ခုက ဒီပုလင်းလေးထဲမှာ အရင်က ထူးဆန်းတဲ့ဆေးရည်တစ်မျိုးမျိုး ရှိနေခဲ့တယ်ဆိုတဲ့အချက်ကို ထောက်ခံနေသလိုပါပဲ။ သေချာပြီ။ ဟိုလူပေးခဲ့တဲ့ ဆေးရည်တွေကို ငါ တကယ်သောက်လိုက်မိပြီ။ ဒါဆို ဟိုလူပြောသွားတာတွေကလည်း တကယ်ပဲပေါ့။ ကျွန်တော် အဲဒီလို ယုံကြည်လိုက်ပြီးတာနဲ့ နည်းနည်းတော့ ပျော်သလိုလိုဖြစ်သွားတယ်။ ဒီဘဝမှာ မနေချင်တာနဲ့ အတော်ပဲလို့လည်း ကျေနပ်နေမိတယ်။ ဒါပေမဲ့ ကျွန်တော် မစဉ်းစားမဆင်ခြင်ဘဲ အလောသုံးဆယ်နဲ့ ဘဝတစ်ခုခုကို စိတ်ကူးမယဉ်လိုက်မိဖို့ကို အရမ်းသတိထားနေရတယ်။

ဒါ ငါ့အတွက် အထူးအခွင့်အရေးပဲ၊ ဒီအခွင့်အရေးမျိုးကို နောက်ထပ်တစ်ခေါက် ဘယ်လိုမှ ထပ်ရနိုင်တော့မှာ မဟုတ်ဘူး။ အဲဒီတော့ ငါ သေသေချာချာစဉ်းစားရမယ်။

ကျွန်တော် မျက်နှာကို ကမန်းကတန်းသစ်၊ ကော်ဖီတစ်ခွက်ဖျော်၊ နောက် ပက်လက်ကုလားထိုင်ပေါ် ထိုင်ချပြီး ကျွန်တော့်ရဲ့စဉ်းစားခန်းကို စလိုက်တယ်။ အတိတ်တွေထဲကို ပြန်သွားပြီး ပစ္စုပ္ပန်ကို ပြန်ပြင်ယူရင် ကောင်းမလား။ ဒါမှမဟုတ် ပစ္စုပ္ပန်ကိုကျော်သွားပြီး အနာဂတ်ထဲပြေးဝင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် ကောင်းမလား။ စဉ်းစားရင်း စဉ်းစားရင်း ကျွန်တော်တစ်ယောက်တည်း အချင်းများနေတယ်။

'အရမ်းကိုခေတ်မီတိုးတက်ပြီး အချိန်တိုင်း အချိန်တိုင်း ဆန်းပြားတဲ့ တီထွင်မှုတွေ ထပ်ထပ်ဖြစ်နေတဲ့ ဒီကမ္ဘာကြီးမှာ အနာဂတ်တစ်ခုတည်းကိုသာ ငါခုန်ကူးလိုက်ရင် ငါ့ရဲ့အသိဉာဏ်တွေနဲ့ ငါ့ရဲ့ဗီဇစိတ်တွေက နောက်ကျကျန်နေခဲ့ပြီး ခေတ်နဲ့ အံဝင်တော့မယ်မထင်ဘူး။ နောက်ပြီး ဘာတွေဖြစ်နေမယ်မှန်းမသိတဲ့ အနာဂတ်တစ်ခု၊ ကိုယ့်ရဲ့ ဖန်တီးစီမံထားမှုတွေ ဘာမှ ပါမနေတဲ့ အနာဂတ်တစ်ခုထဲကို အချောင်သမားစိတ်ဓာတ်မျိုးနဲ့ ခုန်ဝင်ကျေနပ်လိုက်ဖို့လည်း ငါ့စိတ်က မသန့်ဘူး'

ကျွန်တော် အဲဒီလိုစဉ်းစားလိုက်မိတော့ အနာဂတ်သစ်တစ်ခုထဲကို စိတ်ကူးယဉ်ပြောင်းလိုက်မယ်ဆိုတဲ့ အတွေးတွေ နည်းနည်းပျော့သွားကြတယ်။ ဒါဆို အတိတ်နေ့ရက်တစ်ခုထဲကို ပြန်သွားပြီး လက်ရှိပစ္စုပ္ပန် အခြေအနေတွေကို တတ်နိုင်သလောက် ပြန်ပြောင်းပစ်နိုင်ဖို့ ကြိုးစားရင်ရော။ ကြီးနိုင်ငယ်ညှဉ်းစိတ်ဓာတ်တွေနဲ့ လူလူချင်း မစာမနာ မညှာမတာ ချုပ်ချယ်နှိပ်ကွပ်နေမှုတွေ၊ သဘာဝရဲ့ သယံဇာတတွေနဲ့ ကမ္ဘာ့ရဲ့ နေရာဒေသတွေကို သူပိုင်တယ်၊ ငါပိုင်တယ်နဲ့ သတ်ဖြတ်လုယက်နေကြတာတွေ၊ လူမျိုးရေးမုန်းတီးမှုတွေနဲ့ လူသားအချင်းချင်း သူသေကိုယ်သေ ဆင်နွှဲနေကြတဲ့ စစ်ပွဲတွေ၊ အဲဒီလို အခြေအနေတွေကို ကျွန်တော် ဘယ်လိုများ ပြောင်းလဲပေးနိုင်မလဲလို့ စဉ်းစားနေခဲ့မိတာ ကြာပေါ့။

'ဟုတ်တယ်၊ ဒီအကြံ ကောင်းတယ်။ ငါအတိတ်တွေထဲကို ပြန်သွားမယ်'



သေသေချာချာစဉ်းစားတွေးတောပြီးတဲ့နောက်မှာ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချနိုင်ခဲ့ပေမယ့် နောက်ထပ်စဉ်းစားရ မယ့်ကိစ္စတွေက တစ်ခုပြီးတစ်ခု ကျွန်တော့်ခေါင်းထဲကို ထပ်ပြီးဝင်လာတယ်။

အတိတ်တွေထဲကို ပြန်သွားတာကတော့ ဟုတ်ပါပြီ။ ဘယ်ကာလအထိ ပြန်သွားမှာလဲ၊ ဒီစစ်ပွဲတွေ၊ သတ်ဖြတ်မှုတွေ၊ မငြိမ်းချမ်းမှုတွေ၊ မုန်းတီးမှုတွေရဲ့ အစက ဘယ်မှာလဲ။ ဘယ်ကနေ စပြီး ပြင်ရမှာလဲ၊ တစီတတန်းကြီးဝင်လာတဲ့ မေးခွန်းတွေက ကျွန်တော့်ကို တော်တော်ဦးနှောက်ခြောက်သွားစေကြတယ်။ ပထမဆုံး စဉ်းစားမိတာက အာဒမ်နဲ့ ဧဝတို့ရဲ့ ခေတ်အထိပြန်သွားပြီး သူတို့စားလိုက်မိတဲ့ ပန်းသီးပင်ကို သွားခုတ်မယ်ပေါ့။ ဒါပေမဲ့ ကျွန်တော် စဉ်းစားကြည့်တယ်။ အဲဒီကာလကိုသာ ကျွန်တော်တစ်ယောက်တည်း ပြန်ရောက်သွားရင် ဧဝကို အာဒမ်နဲ့ အပြိုင်လုမိပြီး လူ့သမိုင်းရဲ့ ပထမဆုံးသော ကြာကူလီရယ်လို့ မှတ်တမ်းတင်ခံလိုက်ရနိုင်တယ်လို့။

'မဖြစ်သေးပါဘူး၊ ကိုယ်ကလည်း ပုထုဇဉ်ဆိုတော့ စိတ်ထိန်းနိုင်မှာ မဟုတ်ဘူး'

အဲဒါနဲ့ ကျွန်တော် ထပ်စဉ်းစားတယ်။ ကျွန်တော့်ရဲ့ အဓိကဆန္ဒက စစ်ပွဲတွေကို ရပ်ဆိုင်းစေဖို့၊ ငြိမ်းချမ်းရေးရှိဖို့၊ လူလူချင်းစာနာနားလည်ကြဖို့၊ ဒါဆို စစ်ပွဲတွေရဲ့အစက ဘာလဲ။ ကမ္ဘာဦးကတည်းက ကျောက်လက်နက်ပစ္စည်းတွေနဲ့ ချခဲ့ကြတာပဲ။ အစားအသောက်ကို လုကြတယ်။ မိန်းမကို လုကြတယ်။ နေရာဒေသတွေကို လုကြတယ်။ မီးကို လုကြတယ်။ ဒါတွေဟာ ကမ္ဘာဦးကတည်းက ရှိခဲ့တဲ့ မပြေလည်မှုတွေပဲ။ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်နေကြတာကိုတော့ ရပ်သွားအောင် ငါလုပ်နိုင်မယ် မထင်ဘူး။

ဒါပေမဲ့ လူတွေ အစုလိုက်အပြုံလိုက် မသေရအောင် အင်အားကြီးတဲ့ လူသတ်လက်နက်တွေကို မတီထွင်ဖြစ်အောင် ငါလုပ်မယ်။ အဲဒီအတွေးကို တွေးမိတော့ တိုက်တေနီယမ် Titanium သတ္တုကနေ အဏုမြူဗုံးအထိ အဆင့်ဆင့်ရှာဖွေတွေ့ရှိခဲ့ကြတဲ့ သိပ္ပံပညာရှင်များစွာထဲက အခရာကျတဲ့ သိပ္ပံပညာရှင်ကြီး အဲလ်ဗက် အိုင်းစတိုင်း Albert Einstein ရဲ့ မျက်နှာကြီးကို သွားမြင်ယောင်မိတယ်။ သိပ္ပံပညာရှင်တွေကတော့ ပညာရှင်တွေပီပီ အစစအရာရာကို အသေးစိတ် စူးစမ်းလေ့လာကြရင် တစ်ခုပြီးတစ်ခု ရှာဖွေတွေ့ရှိကြ၊ နောက် သူတို့ရဲ့ တွေ့ရှိမှုတွေကို လူသားတွေဆီကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ချပြကြ။ အဲဒီမှာ လူသားတွေရဲ့ ဖောက်လွှဲဖောက်ပြန် စိတ်သန္တာန်တွေကြောင့် သူတို့ရဲ့ရှာဖွေတွေ့ရှိမှုတွေဟာ လူတွေကို အစုလိုက်အပြုံလိုက် သေစေမယ့် ကမ္ဘာဖျက်လက်နက်ကြီးတွေ ဖြစ်သွားကြ။ ဒါတွေဟာ မငြိမ်းချမ်းခြင်းတွေအားလုံးရဲ့ အစပဲလို့ ကျွန်တော် တွေးမိတယ်။ သဘာဝတရားကြီးထဲကနေ စစ်ထုတ်ယူထားတဲ့ စွမ်းအင်တွေနဲ့ သဘာဝတရားကြီးရဲ့ အချိုးညီနေမှုတွေကို ပြန်ဖျက်ဆီးပစ်နေတာ။ လူသားအချင်းချင်း တိုက်ခိုက်သတ်ဖြတ်ဖို့အတွက် လူသတ်လက်နက်တွေအဖြစ် အသုံးပြုနေကြတာတွေ ရပ်သွားဖို့ သိပ္ပံပညာဆိုတာကြီးကိုပဲ အမြစ်က ရှာဖြတ်ပစ်ရရင် ကောင်းမလားလို့လည်း ပြန်စဉ်းစားမိပြန်သေးတယ်။ အဲဒီလိုတော့လည်း မဟုတ်သေးပါဘူး။ သိပ္ပံပညာက ပေးတဲ့ ကောင်းကျိုးတွေကလည်း အများကြီးရှိတာပဲလေ။ ဒါပေမဲ့ သိပ္ပံပညာရှင်တွေအနေနဲ့ မတီထွင်ရရင် မနေနိုင်



တာက လွဲလို့ဆိုတဲ့ စိတ်ကလေးတွေကိုတော့ အထိန်းအကွပ်ကလေးနဲ့ ထားသင့်တယ်လို့ ကျွန်တော် တွေးမိတယ်။ ကျွန်တော် အဲဒီလို ဟိုဟိုဒီဒီ လျှောက်တွေးနေရင်း ဘယ်အချိန်ကာလကို ပြန်သွားရမလဲဆိုတာ မဆုံးဖြတ်နိုင်ဘဲဖြစ်နေတာနဲ့ ရေမိုးချိုး အဝတ်အစားလဲပြီး အပြင်ကို ထွက်လာခဲ့တယ်။ ရွာတယ်ဆိုရုံလေး ရွာနေတဲ့ မိုးဖွဲဖွဲလေးတွေအောက်မှာ လျှောက်သွားရင်း ဒီကိစ္စကို ဘယ်သူနဲ့ သွားတိုင်ပင်ရရင် ကောင်းမလဲလို့ ကျွန်တော်စဉ်းစားနေမိတယ်။ အဲဒီအချိန်မှာပဲ…

'ဘားလမ်း ဆူးလေအပေါ်လမ်း'

'ကျို… ဒုန်း'

မှတ်တိုင်မှာ ရပ်ပြီး လူခေါ်နေတဲ့ ဟိုင်းလတ်ကားလေးကို ဒေဝူးကားကြီးက ဘရိတ်ပေါက်ပြီး နောက်ကနေ ဝင်ဆောင့်တယ်။ ခုနက ဟိုင်းလတ်ကားလေးရဲ့နောက်မှာ တွယ်ပြီး လူခေါ်နေတဲ့ စပယ်ယာလေးရဲ့အသံ ထာဝရပျောက်ကွယ်သွားတယ်။ အဲဒီအနိဋ္ဌာရုံမြင်ကွင်းကို ဝိုင်းကြည့်နေကြတဲ့ လူတွေရဲ့ကြားကနေ အသံတစ်သံ ထပ်ထွက်လာတယ်။

'ခါးပိုက်နှိုက်ဗျို့၊ ခါးပိုက်နှိုက်၊ ဟိုမှာ ပြေးပြီ၊ လိုက်၊ လိုက်'

ခါးပိုက်နှိုက်နောက်ကို ပြေးလိုက်သွားကြပြီး အမိမှာ ဝိုင်းပြီးဆုံးမနေကြတဲ့ လူအုပ်ကြီးကို ကျွန်တော် မျက်နှာလွှဲပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်လာခဲ့တယ်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့တဲ့ ပြုသူအသစ် ဖြစ်သူအဟောင်းဆိုတဲ့ ဩဝါဒလေးကို ကျွန်တော် ပြန်ကြားယောင်နေမိတယ်။ ကျွန်တော် ကိုယ့်အတွေးနဲ့ကိုယ် ဆက်လျှောက်လာနေတုန်းမှာပဲ…

'မောင်လေး၊ မောင်လေး၊ မောင်လေး ဘာသွေးအမျိုးအစားလဲ

www.burmeseclassic.com



ဟင်၊ အစ်မသားလေး ဆေးရုံမှာ သွေးအသည်းအသန်လိုနေတာ၊ အဲဒါ သွေးလှူရှင်အဆင်သင့်ရှိမနေလို့၊ ဖြစ်နိုင်ရင် အစ်မကို ကူညီပါလား မောင်လေးရယ်၊ အစ်မသားလေးက O သွေးပါ'

'စိတ်မကောင်းပါဘူး အစ်မရယ်၊ ကျွန်တော်က AB သွေးပါ'

စိတ်ပျက်အားလျှော့သွားတဲ့မျက်နှာနဲ့ လှည့်ထွက်သွားတဲ့ ကလေးရဲ့မိခင်ကို ငေးကြည့်နေရင်း ကျွန်တော်တို့ရဲ့ ရင်ခုန်နှုန်းတွေ မြန်လာတယ်။ ဒါဟာ သဘာဝပဲလား။ ကမ္ဘာလောကကြီးရဲ့ ဖြစ်ပျက်နေမှုတွေထဲမှာ မလိုလားအပ်တဲ့ ဖြစ်စဉ်တွေ ရောယှက်ပါဝင်နေခြင်းဟာ ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်တဲ့ သဘာဝတစ်ရပ်လား။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ပြီး ဂြိုဟ်တုက လွှင့်နေတဲ့ သတင်းတွေကို ကြည့်နေရင်း သတင်းတစ်ခုက ကျွန်တော့်မျက်စိရှေ့ကို ရောက်လာတယ်။ လန်ဒန်မှာ ဗုံးပေါက်လို့တဲ့။ လူ ၅၀ ကျော်သေပြီး အများအပြားဒဏ်ရာရကြတယ်တဲ့။ နောက်ပြီး ဗုံးခွဲမယ့်သူအမှတ်နဲ့ အပြစ်မဲ့တဲ့ ဘရာဇီးလူမျိုး လျှပ်စစ်လုပ်သားတစ်ဦးကို မှားယွင်းပြီး ခေါင်းကို သေနတ်နဲ့ ၆ ချက်ပစ်သတ်လိုက်ကြသတဲ့။ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးဆိုတဲ့စကားကို ပါးစပ်ဖျားလေးကနေ ပြောနေကြတဲ့သူတွေရဲ့ ရင်ထဲက အမုန်းမီးတောက်တွေကို ကျွန်တော် ဝမ်းနည်းစွာပဲ မြင်တွေ့လိုက်ရတယ်။ အဲဒီအဖြစ်အပျက်တွေအားလုံးကို မြင်တွေ့လိုက်ရပြီးတဲ့နောက်မှာ ကျွန်တော် ပထမဦးဆုံး သွားစဉ်းစားမိတာက ကံကြမ္မာဆိုတဲ့စကားလုံးပဲ။ ကမ္ဘာလောကကြီးရဲ့ ကံကြမ္မာကို လူတွေကပဲ ဖန်တီးပြဋ္ဌာန်းနေကြတာပဲ။ လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကိုယ်ရေးပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနေကြတာဆိုပေမယ့် အဲဒီလူတစ်ဦးတစ်ယောက်စီရဲ့ ကံကြမ္မာတွေ



အားလုံး ဝိုင်းသက်ရောက်မှုကြောင့် ကမ္ဘာလောကကြီးရဲ့ ကံကြမ္မာဟာ ဒီအခြေအနေအထိကို ရောက်ခဲ့ရတာပဲလို့ ကျွန်တော် မြင်လာတယ်။ ဒါဆို ကမ္ဘာလောကကြီးရဲ့ ကံကြမ္မာကို ပြောင်းလဲပစ်ချင်ရင် လူတိုင်းရဲ့စိတ်တွေကို ငါပြောင်းရမှာပါလား။

သေသေချာချာစဉ်းစားကြည့်မှ ကျွန်တော့်ရဲ့ အချိုးအဆကြီးမားလွန်းတဲ့ မတန်မရာမျှော်လင့်ချက်ကြီးကို ကြောက်လန့်တကြား ပြန်မြင်လိုက်ရတယ်။ အဲဒီလိုနဲ့ ညနေစောင်းအချိန်မှာ ကျွန်တော် ဘုရားပေါ်ကို ခြေဦးလှည့်ခဲ့တယ်။ ငြိမ်းချမ်းအေးမြတဲ့ဘုရားရိပ်မှာ ခိုနေရင်း ဗုဒ္ဓမြတ်စွာဟောကြားခဲ့တဲ့ တရားတော်တွေဆီကို စိတ်က ရောက်သွားတယ်။ အစရှိခဲ့တဲ့ အရာတိုင်းဟာ အဆုံးသတ်လို့ထင်ရတဲ့ ပုံရိပ်ယောင်အဆုံးမှတ်တွေနဲ့ မလွဲမသွေကြုံကြရပြီး နောက်ထပ်တစ်ဖန် နောက်ထပ်တစ်ဖန် ပြန်လည်ဖြစ်တည်လာကြဦးမှာပဲ။ ဒါဆို... ကမ္ဘာကြီးကရော အဆုံးတစ်ခုဆီသွားပြီး အသစ်တစ်ဖန်ပြန်မွေးဖွားဖို့အတွက် အရှိန်ယူနေတာလား။ ကျွန်တော့်ရဲ့အတွေးတွေ ရီဝေမှုန်ဝါးလာတယ်။ ဘယ်လောက်ပဲပြင်ပြင် တစ်နေ့နေ့မှာတော့ ပျက်ရမှာပဲဆိုတဲ့ သဘောတရားကို ကျွန်တော် ဘာလို့မေ့ထားခဲ့မိပါလိမ့်။ ကိုယ်ကိုယ်တိုင်ရေးထွင်းခဲ့တဲ့ ကိုယ့်ကံကြမ္မာရဲ့ စာသားတွေကိုတောင် လုံးစေ့ပတ်စေ့ မသိနိုင်ခဲ့တဲ့ကောင်က ကမ္ဘာလောကကြီးရဲ့ ကံကြမ္မာကို ပြောင်းလဲပစ်ဖို့ကြိုးစားချင်တယ်တဲ့။ ကျွန်တော့်ရဲ့စိတ်တွေ အသေးငယ်ဆုံး ကျုံ့ဝင်သွားတယ်။ လက်ရှိဘဝကို တန်ဖိုးထားပြီး လက်ရှိအချိန်တွေကိုပဲ အကောင်းဆုံးဖြစ်အောင် အသုံးချရမယ်ဆိုတဲ့အသိကို အလိုလိုရလိုက်တယ်။ ပစ္စည်းတစ်ခုကို ပြင်သလို ပိုနေတာတွေကို ဖြတ်ပြီးလဲဖို့ရာ မဖြစ်နိုင်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ဖြစ်လာမယ့် အသစ်တွေကိုပဲ စစ်ယူဖို့ ကြိုးစားရတော့မှာပေါ့။

ဗုဒ္ဓမြတ်စွာဘုရားကို ရင်ထဲက ပေါက်ဖွားလာတဲ့ ကြည်ညို စိတ်တွေနဲ့ ဦးသုံးကြိမ်ချပြီး ကျွန်တော့်အခန်းလေးဆီကို ကျွန်တော်ပြန်လာခဲ့တယ်။ ညက ဖြစ်ခဲ့တဲ့ အိပ်မက်လိုလိုအဖြစ်အပျက်နဲ့ သောက်ခဲ့တဲ့ ဆေးပုလင်းလေးအကြောင်းကို မေ့လိုက်တယ်။ ငြိမ်းချမ်းရေးအတွက် ဒြပ်မဲ့ လက်နက်တွေ အပြည့်အဝတပ်ဆင်ပြီး ယုံကြည်ထားတဲ့လမ်းကနေ ကျွန်တော်ခရီးဆက်မယ်။ ကျွန်တော့်ရဲ့ခြေလှမ်းတွေက ရောက်တဲ့ခရီးတိုကောင်းတိုနေလိမ့်မယ်။ ရှိုင်းစိုင်းပြင်းထန်တဲ့ မုန်တိုင်းတွေလည်း စဲချင်မှ စဲကြလိမ့်မယ်။ ဒါပေမဲ့ စိတ်ဓာတ်တွေကို အဖြူစင်ဆုံးထားပြီး မဆုံးသေးတဲ့ခရီးကို အခုအတိုင်းပဲ ပဈ္ဈုပ္ပန်တည့်တည့်မှာ ကျွန်တော်ဆက်လျှောက်နေဦးမယ်။ တစ်ခုတော့ ရှိတယ်။ အဲဒီနေ့က စပြီး ကျွန်တော်ဟာ သောက်ခဲ့မိတယ်လို့ ယုံကြည်ထားခဲ့တဲ့ ဆေးပုလင်းလေးကြောင့် စိတ်ကူးယဉ်ရမှာကို ကြောက်နေတဲ့လူတစ်ယောက် ဖြစ်သွားခဲ့တယ်။

ပိတောက်မြေမဂ္ဂဇင်း၊

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ



**စိတ်ကူးမယဉ်ဝံ့တဲ့သူ**

Ko Phyoe said...

ဟီး... ဟီး... ငါလည်း စိတ်ကူးမယဉ်ရဲတော့ဘူး။ ကြောက် ကြောက်။

MELODYMAUNG said...

နာကတော့ စိတ်ကူးယဉ်မှာပဲ (ယဉ်ယဉ်လေးနဲ့ ရူးတော့မရူးပါ) စိတ်ကူးတွေ ရှိုင်းရင်သာ မကောင်းတာမဟုတ်လား:P

Zin Ko Latt said...

စည်သူက ဘယ်က ဘယ်လို ပါလာတာတုံး။

❒ ❒ ❒

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာနှင့် ကိန်းဂဏန်းများ

လူသားတို့နေရာ လောကကမ္ဘာမှာ ကိန်းဂဏန်းတွေ ခုံညားထည်ဝါစွာနဲ့ အတူတကွကျင်လည်ခဲ့ကြရာက တစ်နေ့မှာ သူတို့အချင်းချင်း စကားများကြပါတယ်။ ပြဿနာရဲ့အစကတော့…

'ငါ့ရဲ့ရှေ့မှာ ဘာမှမရှိဘူးဆိုတဲ့စကားက ငါ့ရဲ့အရည်အချင်းကို ဖော်ပြနေတာပဲကွ၊ လူတိုင်းရဲ့ လိုချင်တောင့်တမှုတိုင်းမှာ ငါက ရှေ့ဆုံးက ပါနေတာ မင်းတို့အားလုံးအမြင်ပဲ မဟုတ်လား၊ ကျောင်းတွေမှာဆိုရင်လည်း အဆင့်တစ်ကို အလုအယက်၊ ပြိုင်ပွဲတွေမှာဆိုလည်း ပထမဆိုတာကို အလုအယက်။ ငါ့ရဲ့ဂုဏ်ဟာ လူ့လောကကြီးမှာ ဘယ်လောက်မြင့်တက်နေတယ်ဆိုတာ မင်းတို့ ကြည့်ကြစမ်းပါဦး'

တစ်ရဲ့စကားကြောင့် ကိန်းဂဏန်းတွေအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်။ သူတို့ဟာ မာနတက်နေတဲ့ တစ်ရဲ့စကားကို လက်မခံချင်ကြပေမယ့် ငြင်းဆန်ဖို့လည်း ခက်နေကြတယ်လေ။ သူတို့တွေအားလုံး ဘာလုပ်ကြရင် ကောင်းမလဲလို့ အပြင်းအထန် စဉ်းစားနေကြရင်း မလိုလား

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာ နောက်ဆက်တွဲပြဿနာတွေဟာ ဆက်ဆက်ပြီးပေါ်ပေါက်လာပါတော့တယ်။

'အစ်ကိုကြီးတစ်ဟာ ကိန်းဂဏန်းတွေအားလုံးထဲမှာ အကြီးမြတ်ဆုံးဆိုတာကို ကျွန်တော်လက်ခံယုံကြည်ပါတယ်။ အစ်ကိုကြီးကို မရနိုင်တဲ့သူတွေအတွက် အားပေးနှစ်သိမ့်ရာအဖြစ် ကျွန်တော်ရှိနေခြင်းဟာလည်း လူ့လောကကြီးအတွက် ဆုလာဘ်ကောင်းတစ်ခုပါပဲ။ လူသားတို့ရဲ့ စိတ်အာရုံထဲမှာ အစ်ကိုကြီးရဲ့နောက်က ကြီးမြတ်မှုသင်္ကေတတစ်ခုအဖြစ် ရှိနေရခြင်းကိုပဲ ကျွန်တော် ဂုဏ်ယူကျေနပ်လို့ မဆုံးပါဘူး'

'အကြီးမြတ်ဆုံးဆိုတဲ့ ဂုဏ်ကို မရနိုင်တော့တဲ့ နှစ်ဟာ ရေနစ်သူဝါးကူထိုးဆိုသလိုပဲ မောဟန့်ထဲနစ်နေတဲ့ တစ်ကို နားလည်အောင်ရှင်းပြနားချဖျောင်းဖျဖို့ မကြိုးစားဘဲ အနှစ်မဲ့စကားလုံးတွေကို မာယာတွေနဲ့သိကုံးပြီး ဒုတိယအကြီးမြတ်ဆုံးဆိုတဲ့ ဂုဏ်ကို အမိအရယူလိုက်ပါတယ်။ သုံးဟာလည်း နှစ်နဲ့ ထပ်တူနီးပါးတူတဲ့စကားကို ချီးမြှင့်မြှောက်ပင့်မှုတွေ ဖောဖောသီသီနဲ့ ထပြောပြန်ရော။ ဒါဟာ အင်မတန်မှဆိုးရွားတဲ့ လွဲချော်မှုတစ်ခုပေါ့။ နဂိုကတည်းက အသိစိတ်ပျောက် သွေးနားထင်ရောက်နေတဲ့ တစ်ဟာ နှစ်နဲ့ သုံးတို့ရဲ့ ထောက်ခံအားပေးမှုတွေကြောင့် ပိုလို့တောင် ရောင့်တက်လာပါတော့တယ်။ အခြားကိန်းဂဏန်းတွေခမျာလည်း ကမ္ဘာပျက်လုမတတ်အောင်ကို ပွက်လောရိုက်ကုန်ကြပါပြီ။ တစ်၊ နှစ်နဲ့ သုံးတို့က သူတို့ရဲ့ ဂုဏ်သိက္ခာနဲ့ အရည်အချင်းတွေကို ကရားရေလွှတ် တတွတ်တွတ်ပြောနေနိုင်သလောက် သူတို့မှာတော့ ဘာမှထူးထူးခြားခြား ဂုဏ်ယူဝံ့ကြွားစရာမရှိရကောင်းလားဆိုပြီး ခြောက်နဲ့ ခုနစ်တို့ဟာ ရှက်ရှက်နဲ့ အဝေးတစ်နေရာ



ဆီကိုပြေးထွက်သွားကြပါတော့တယ်လေ။ လေးကလည်း သူညီလေးတစ်ယောက်လို ချစ်ခဲ့ရပေမယ့် သူ့နဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သွားတဲ့သုံးကို မျက်ရည်တဝဲဝဲနဲ့ ကြည့်ရင်း…

'အဲဒီစိတ်အလျှင်ရဲ့ ဂနာမငြိမ်မှုဟာ ချစ်ခြင်းမေတ္တာ၊ အကြင်နာတရားတွေကိုတောင် မှေးမှိန်သွားအောင် စွမ်းဆောင်နိုင်တယ်နော်' ဆိုတဲ့ စကားကို တစ်ကိုယ်တည်းရေရွတ်နေတော့တယ်။

ငါးကတော့ ကိန်းဂဏန်းတွေ့ရဲ့ အလယ်မှာရပ်ရင်း ခေါင်းကို တဗျင်းဗျင်းကုတ် စိတ်တွေရှုပ်နေရဲ့။

'ဖြစ်နိုင်ရင်လေ ငါ့ကိုယ်ငါ ညီမျှခြင်းတစ်ခုအဖြစ်တောင် ပြောင်းလဲပစ်လိုင်ချင်သေးတယ်ကွာ၊ အဲဒါမှ ကိန်းဂဏန်းတွေအားလုံး ညီမျှ… ခွဲခြားမှုတွေ လျော့ကျသွားမှာ'

ငါးရဲ့စကားကို ထောက်ခံတဲ့ ကိုးက သူ့ရဲ့အတွေ့အကြုံနဲ့ အမြင်ကို ဝင်ပြောပြန်တယ်။

'ဟုတ်တယ်ကွ၊ အရင်ကဆို ငါလည်း ငါ့ကိုယ်ငါ တန်ဖိုးအကြီးဆုံးဆိုပြီးတော့ စိတ်ကြီးတွေဝင်ခဲ့တာ၊ ငါ့ရဲ့အရှေ့ကို ဒသမလေးရောက်မလာသေးခင်အထိပေါ့ကွာ၊ တကယ်တော့ ငါတို့အားလုံးရဲ့ တန်ဖိုးဟာဘယ်လိုမှ ကြိုမမြင်နိုင်တဲ့ အကြောင်းတရားတွေအပေါ်မှာ လုံးလုံးလျားလျားမူတည်နေရရှာတဲ့ ခပ်ပါးပါးမသေချာမှုတစ်ခုပါပဲ'

တစ်ဟာ ကိုးရဲ့စကားကို ဇွတ်အတင်းဝင်ငြင်းပါတယ်။ သူရရှိထားတဲ့ ကြီးမြင့်မှုတစ်ခုကို ဘာမှမသေချာပါဘူးလို့ ပြောလိုက်တဲ့အတွက်လည်း ဒေါသူပုန်ထသွားတယ် ထင်ပါရဲ့။

www.burmeseclassic.com



'ဘာလို့မသေချာရမှာလဲ၊ အခုဆို တစ်လောကလုံးလိုလိုရဲ့ အတွေးတွေထဲမှာ ကျွန်တော်တို့ပဲရှိနေတာ မဟုတ်ဘူးလား၊ သူတစ်ပါးရဲ့ ဂုဏ်ယူစရာကောင်းတဲ့ အောင်မြင်မှုတစ်ခုကို အသိအမှတ်မပြုနိုင်လောက်အောင်ကို ခင်ဗျားတို့ရဲ့စိတ်ဓာတ်တွေ နိမ့်ကျလွန်းနေပါလား'

အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့ ကိုးဟာ တစ်ရဲ့ ဖြစ်ပျက်နေမှုကို ကိုယ်ချင်းစာမိပုံပေါ်ပါတယ်။ သူလည်း တစ်ချိန်က အဲဒီလိုပဲဖြစ်ခဲ့တာလေ။ အဲဒီမှာ တစ်ချိန်လုံး ဘာမှမပြောဘဲငြိမ်နေတဲ့ သုညက ကိုးကို တစ်ချက်ပြုံးပြပြီး…

'ဘာမှမပူပါနဲ့ အစ်ကိုကြီးရယ်၊ ဒီလိုကိစ္စမျိုးက ဖြစ်တတ်ပါတယ်၊ ခုနက အစ်ကိုငါးပြောသလိုပဲ မနက်ဖြန်တွေက တစ်ကို ကောင်းကောင်းကြီး ပညာပြသွားပါလိမ့်မယ်'

အဲဒီအချိန်မှာ တစ်၊ နှစ်နဲ့ သုံးတို့ဟာ လူပုံအလယ်မှာ ဂုဏ်ယူဝံ့ကြွားလို့ ကောင်းနေတုန်းပါ။ အဲဒီလိုနဲ့ နေ့ရက်တွေ အတိုင်းအတာတစ်ခုအထိ ကြာသွားခဲ့တယ်။

❖ ❖ ❖

တစ်နေ့မှာ တစ်ဟာ အခြားကိန်းဂဏန်းတွေရဲ့ ရှေ့ကို ပြန်ရောက်လာပါတယ်။ သူ့ရဲ့မျက်နှာက ညှိုးငယ်လို့။ သူ့ရဲ့အဝတ်အစားတွေကလည်း မီးကျွမ်းထားသလိုမျိုး အငွေ့တလူလူထွက်လို့။ ဘယ်လိုမနှစ်မြို့စရာတွေနဲ့ များ တွေ့လာခဲ့ရသလဲဆိုတာ ဘယ်သူမှမသိနိုင်ပါဘူး။ တစ်ဟာ အားလုံး



ရဲ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ချုံးပွဲချငိုပါတော့တယ်။ အားလုံးကလည်း သူဘာတွေဖြစ်လာပြီး ဘာများပြောမလဲဆိုတာကို စိတ်ဝင်တစားနားစွင့်နေကြပါတယ်။

'အပူတွေလာလာဟပ်တာခံရလွန်းလို့ ကျွန်တော်ဖြင့် သေတော့မယ်ဗျာ၊ ဟီး… ဟီး… ဟီး…'

အဲဒီအချိန်မှာ နှစ်နဲ့ သုံးတို့ဟာလည်း မျက်ရည်ပေါက်ကြီးငယ်ကျပြီး ပြေးလာကြပါတယ်။ ကိုးက စိုးရိမ်တကြီးနဲ့ လှမ်းမေးပါတယ်။

'ဟ… ဘယ်လိုဖြစ်လာကြတာလဲ၊ သေသေချာချာလည်း ပြောပြကြပါဦး'

ကိန်းဂဏန်းတွေအားလုံး ရုတ်ရုတ်သဲသဲဖြစ်သွားကြပြီး သူတို့ဘာတွေဖြစ်လာကြတယ်ဆိုတာကို အားလုံးက သိချင်စိတ်ပြင်းပြနေကြလေရဲ့။ တစ်က မျက်ရည်တွေကို သုတ်ဖယ်ပစ်နေရင်း စကားဆက်တယ်။

'ကျွန်တော့်ကို အပြင်းအထန်လိုချင်နေကြတဲ့သူတွေရဲ့ တပ်မက်ခြင်းအပူတွေ၊ ကျွန်တော့်ကို ပိုင်ဆိုင်ထားကြသူတွေရဲ့ ဆုံးရှုံးကြရမှာကို ကြောက်ရွံ့နေကြတဲ့ အပူတွေ၊ နောက်ပြီး ကျွန်တော့်ကို လက်လွှတ်ဆုံးရှုံးလိုက်ရသူတွေရဲ့ ဝေဒနာအပူတွေ ကျွန်တော့်ကို လာလာဟပ်နေတာ ကျွန်တော်ဘယ်လိုမှ မခံစားနိုင်တော့ဘူးဗျာ။ နောက် သူတို့တွေလေ ဘာမဟုတ်တဲ့ သတ်မှတ်ချက်လေးတစ်ခုအတွက်နဲ့ စိတ်ဓာတ်တွေ တဖြည်းဖြည်းယိုင်နဲ့လာကြပြီး လူစင်စစ်ကနေ ဝံပုလွေတွေလိုဖြစ်ဖြစ်သွားကြတာ ကျွန်တော်ကြည့်ရင်းနဲ့ ကြောက်လာပြီဗျာ'

တစ်ဟာ စကားကို ပြောပြီးပြီးချင်းပဲ ရှိုက်ကြီးတငင်နဲ့ ထပ်ငို

www.burmeseclassic.com



ပါတော့တယ်။ နှစ်နဲ့ သုံးတို့ကလည်း မျက်ရည်တွေကို ကမန်းကတန်းသုတ်ပြီး မျက်နှာငယ်လေးတွေနဲ့ . . .

'ကျွန်တော်တို့လည်း သူ့လိုပါပဲ၊ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ မီးလောင်ရာလေပင့်သူတွေလို့ ထင်လာမိတယ်၊ ကျွန်တော်တို့ လူတွေနဲ့ အဝေးဆုံးကို ထွက်ပြေးသွားချင်နေပြီဗျာ'

နှစ်ရဲ့စကားကို အားလုံးက ဆိတ်ဆိတ်နေခြင်းအားဖြင့် ထောက်ခံခဲ့ကြတယ်။ အဲဒီအချိန်မှာ သုညဟာ မပြောမဆိုနဲ့ အားလုံးရဲ့ရှေ့ကို ထွက်လာပြီး စကားတစ်ခွန်းကို ပြောပါတယ်။

'လူတွေကလည်း သူတို့ဘာသာသူတို့နေရင် ကောင်းကြတယ်၊ ကျွန်တော်တို့ကလည်း ကိုယ့်ဘာသာကိုယ်နေရင် ဘယ်သူ့ကိုမှ ဒုက္ခမပေးကြဘူး၊ အခုအဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် လူတွေနဲ့ ကျွန်တော်တို့ ပေါင်းစပ်လိုက်ခြင်းဟာ ကောင်းကျိုးတွေထက် ဆိုးကျိုးတွေကို ပိုဖြစ်စေတယ်ဆိုတာ ရှင်းနေပါပြီ။ အဲဒီတော့ နှစ်ပြောသလိုပဲ လူတွေနဲ့ အဲဒီတော့ နှစ်ပြောသလိုပဲ လူတွေနဲ့အဝေးဆုံးဆိုတဲ့ နေရာကို ထွက်သွားဖို့ ပြင်ဆင်ကြတာဟာ အားလုံးအတွက် အကောင်းဆုံးဖြစ်ပါလိမ့်မယ်'

အဲဒီနေ့တွင်းချင်းပါပဲ ကိန်းဂဏန်းတွေအားလုံးဟာ လူသားတို့ကမ္ဘာကနေ အပြီးအပိုင်ထွက်ခွာသွားခဲ့ကြပါတယ်။ ဘယ်သူ့ ဘယ်သူနဲ့မှ မပေါင်းစပ်တော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက်တစ်ခုနဲ့ပေါ့။

❖ ❖ ❖



အဲဒီလို အဲဒီလိုနဲ့ လူသားကမ္ဘာဟာ ငြိမ်းချမ်းအေးမြစွာနဲ့ ထောင်စုနှစ်များစွာကို ဖြတ်သန်းကျော်လွန်ပြီးတဲ့နောက်တစ်နေ့မှာ အာကာသလွန်းပျံယာဉ်တစ်ခုကနေပြီး ကမ္ဘာကို သတင်းတစ်ခုလှမ်းပို့ပါတယ်။ 'အမည်မသိ ဂြိုဟ်တစ်ခုကနေ ကိန်းဂဏန်းတွေကို ပြန်လည်ရှာတွေ့ခဲ့ပြီ'တဲ့။ ဟိုးအဝေးမှာ ငှက်ဆိုးထိုးသံတွေနဲ့အတူ တိမ်ညိုလက်တစ်ဆုပ်ဟာ အနာဂတ်ကို လှမ်းအုပ်ဖို့ ဦးတည်လို့လာနေရဲ့။

နေဘုန်းလတ်

www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာနှင့် ကိန်းဂဏန်းများ

demO kittO said...

It's cool Bro...!

❒ ❒ ❒


www.burmeseclassic.com

www.burmeseclassic.com

## သက်ရှိကွက်လပ်များ

လက်ဖက်ရည်ဆိုင်ထဲကို သူဝင်လိုက်တဲ့အချိန်မှာပဲ အသက် ၁၃ နှစ်လောက်သာရှိဦးမယ့် ကောင်လေးက သူ့အနားကို ရောက်လာပြီး မေးတယ်။

'ဘာသောက်မလဲ အစ်ကို'

'ပေါ့စိမ့်တစ်ခွက်လုပ် ညီလေးရာ'

သူ့ဆီက အဖြေတစ်ခုကို ရတာနဲ့ ကောင်လေးက အဖျော်ဆရာကြားအောင် လှမ်းအော်လိုက်တယ်။

'ရှယ် ပေါ့စိမ့် ဝမ်း'

သူ စားပွဲဝိုင်းတွေ တစ်ခုပြီးတစ်ခုကို မလစ်ဟင်းရအောင် ဝန်ဆောင်မှုတွေပေးနေတဲ့ ကောင်လေးကို လိုက်ငေးရင်း ဟိုဟိုဒီဒီတွေ တွေးနေမိတယ်။

'ဟော့... ရှင်းမယ်၊ ဘယ်လောက်ကျလဲ'

အလွတ်နီးပါးရနေပြီဖြစ်တဲ့ ကိန်းဂဏန်းတွေကို ကောင်လေး စိတ်ထဲကနေပဲ သွက်သွက်လက်လက်ပေါင်းလိုက်တာ သိပ်မကြာလိုက်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



'၉၀၀ ပါ၊ ဆေးလိပ်တစ်လိပ် ထပ်ယူလိုက်ပါလား၊ တစ်ထောင်ဖြစ်သွားအောင်'

ကောင်လေးက အလုပ်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ သွက်သွက်လက်လက်လုပ်နေတယ်။ သူကသာ သက်ပြင်းတွေခိုးခိုးချရင်း စိတ်ထဲကနေ ကဗျာလေးတစ်ပုဒ် ဖန်ဆင်းနေမိတယ်။

❖ ❖ ❖

အိမ်အပြန်လမ်းမှာ လိုင်းကားတွေမရှိတော့လို့ ကြားကားတစ်စီးစီး အလာကို သူစောင့်နေမိတယ်။ အဲဒီအချိန်မှာပဲ ၁၀၅ နံပါတ် ကားတစ်စီး သူ့ရှေ့ကို ထိုးဆိုက်လာတယ်။

'တာမွေ၊ တာမွေ၊ တစ်ယောက် ၁၅ဝိ/- တည်းနော်၊ သူများလို ၂၀ဝိ/- မတောင်းဘူး'

ကောင်လေးရဲ့အသက်က ရှိလှ ၁၂ နှစ်ပေါ့။ စပယ်ယာလုပ်နေတာကိုများ တကယ့်ကို ဝါရင့်ကြီးတစ်ယောက်လို။ ပတ်ဝန်းကျင်မှာရှိတဲ့ အခြားလူကြီးစပယ်ယာတွေရဲ့ ပေါက်တတ်ကရစကားလုံးတွေကလည်း တစ်ခါတစ်ခါ အဲဒီကောင်လေးရဲ့ ပါးစပ်ဖျားက ထွက်ထွက်ကျလာသေးတယ်။

'××× ××× ×××'

လူကြီးတစ်ယောက်က ငါးရာတန်တစ်ရွက်ထုတ်ပေးတော့...

'အစ်ကိုကြီး ၅ဝိ/- တန်တစ်ရွက်လောက်ထည့်ပေးလေ၊ ကျွန်တော် ၄၀ဝိ/- ပြန်အမ်းလိုက်မယ်။ နှစ်ဦးနှစ်ဖက် အဆင်ပြေတာပေါ့'



ကောင်လေးက ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးပဲ။ ကျွန်တော့်မှာသာ ရင်ထဲက ကဗျာတစ်ပုဒ်အတွက် စကားလုံးတွေထပ်ပြီးထွက်ကျလာတယ်။

## သက်ရှိကွက်လပ်များ

စာတွေအော်ကျက်နေရမယ့် မင်းတို့နှုတ်ဖျားက
တူးတီးပေါ့ကျတဲ့
တာမွေ တာမွေ တစ်ယောက် ၁၅ဝိ/- ပဲတဲ့
ညီလေးရယ် ဝမ်းရေးဆိုတဲ့စကားလုံးအောက်မှာ
မင်းတို့ရဲ့အနာဂတ်တွေ ပျောက်
မင်းတို့ရဲ့ စိတ်ထဲမှာတော့
ငွေစတွေကသာ မင်းတို့ဘဝတွေရဲ့ တည်ဆောက်ရာပေါ့
အပေါင်း အနုတ် အမြှောက် အစား
ကိန်းဂဏန်းအက္ခရာတွေများစွာကို
ကိုယ်လိုရာအသုံးချနိုင်ဖို့
တွက်ချက်ရွတ်ဆိုနေရမယ့်အစား
မင်းတို့နှုတ်ဖျားက
ဖန်တစ်ရာတေနေတဲ့ ဈေးနှုန်းတွေကို
အသေမှတ်ထားတဲ့ ဈေးတွက်နဲ့ တွက်
မင်းတို့ရဲ့ နောက်တစ်နေ့မနက်ဟာလည်း
ဒီလိုမပြည့်စုံတဲ့ ဝဲဂယက်တစ်ခုပဲနော်

www.burmeseclassic.com

www.burmeseclassic.com



စာသင်ကျောင်းတွေက မင်းတို့ကို မျှော်နေတယ်
ကျောင်းတက်ခေါင်းလောင်းသံတွေက မင်းတို့ကိုခေါ်နေတယ်
ဆရာ၊ ဆရာမတွေက မင်းတို့ကိုမျှော်နေတယ်
စာသင်ခုံတွေက မင်းတို့ကိုခေါ်နေတယ်
နိုင်ငံရဲ့အနာဂတ်ကို
မျိုးဆက်သစ်တွေရဲ့လက်ထဲကို အပ်ဖို့
လူကြီးသူမတွေခမျာလည်း
မျက်ရည်စို့စို့နဲ့
မင်းတို့ကို မျှော်လင့်နေကြရဲ့။



သက်ရှိကွက်လပ်များ

N3 said...

I like your poem.

little moon siad...

ကဗျာလေးကိုဖတ်ပြီး စိတ်မကောင်းဖြစ်သွားတယ်။ လက်ဖက်ရည်ဆိုင်မှာ၊ ဘတ်စ်ကားတွေ၊ မြို့ပတ်ရထားတွေပေါ်မှာ၊ ကျုံးကျော်ရပ်ကွက်တွေပေါ်မှာ၊ ရွှေပြည်သာ လှိုင်သာယာ အလုပ်ခွင်တွေထဲမှာ ဘဲကျောင်း၊ ကျွဲကျောင်း၊ လယ်သူရင်းငှားလုပ်နေရသူလေးတွေ··· ကိုယ်တို့မျက်ကွယ်မှာ အများကြီး အများကြီးရှိဦးမှာ။

Mr.Pooh @ မောင်ပွတ် siad...

ကျွန်တော် ရန်ကုန်မှာရှိကတည်းက အစ်ကိုရေးရဦးမယ်ဆိုပြီး ပြောပြောနေတဲ့ အကြောင်းအရာလေးပါ။ ခုမှ ဖတ်ရတယ်။ မအိမ်ချမ်းမြေ့ ပြောခဲ့တဲ့စကားလေးပဲ သတိရတယ်။ 'ရင်နာနေတယ်' တဲ့လေ။ ကျွန်တော်တို့အားလုံး ရင်နာနေကြပြီ။

ညီညီ(သံလွင်) said...

ကဗျာလေး အရမ်းကောင်းတယ်။ မင်းကဗျာကို ဖတ်ပြီး ထူးအိမ်သင်ရဲ့ သီချင်းကို ကြားယောင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



Anonymous said...

ငိုချင်တယ် = '(

MELODYMAUNG said...

အရေးအသား သရုပ်ဖော်ရော ကဗျာကပါ ရင်ထဲကို တန်းထိသွားတယ်။ အဲဒီကလေးတွေက ကိုယ်နဲ့ အမျိုးမတော်ပေမယ့် ရင်နာသလိုခံစားရတယ်ကွာ။ တတ်နိုင်သလောက် အဲလို ကွက်လပ်လေးတွေကို တို့တွေတတ်နိုင်သလောက်ဖြည့်ဖို့ ကြိုးစားစွမ်းဆောင်နေပေမယ့်လည်း တစ်ဦးတစ်ယောက်ချင်းအားနဲ့ပဲဆိုတော့လည်း...

Anonymous said...

Like your writings. They awake us to do something good for our society.

ဂျစ်တူး - gyit-tu said...

ခံစားသွားတယ် နေဘုန်းလတ်ရေ။

ခင်မင်းဇော် said...

ဟုတ်လိုက်လေ နေဘုန်းလတ်ရေ...

အစ်မလည်း တစ်နေ့က အသားကင်ဆိုင်မှာ ကလေးငယ်ငယ်လေး ၁၀ နှစ်ရွယ်လောက်ကလေးက အသားကင်ဖို့ မီးဖိုကို မ,လာတာမြင်တော့



သားသမီးချင်း ကိုယ်ချင်းစာမိတယ်။ ဒီအရွယ် မိဘရင်ခွင် မိဘအရိပ်အောက်မှာ နေရမှာလေ။ တိုင်းတစ်ပါးမှာ ကိုယ်နားမလည်တဲ့စကားနဲ့ ခိုင်းနေတာကို သေချာမှတ်နေတဲ့ ကလေးလေးရဲ့မျက်လုံးတွေကို ခုထိ ရင်ထဲကမထွက်သေးဘူး။ တကယ်ပဲ ရင်နာရပါတယ်။ အစ်မတို့တွေ သူတို့လေးတွေအတွက် အများကြီးကြိုးစားပေးရဦးမယ်... တာဝန်လို့ ခံယူထားပါတယ်။

mu2ng said...

မြန်မာပြည်မှာတော့ size နဲ့ ဂိုက်စုံပါပဲကွယ်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော့်ခန္ဓာနဲ့ အခြားလူ

နိုင်ငံတကာရုပ်သံလိုင်းများစွာထဲမှာ ယုံချင် ယုံ၊ မယုံချင် နေ Believe it or notဆိုတဲ့ ချန်နယ်တစ်ခုရှိတယ်။ ကြည့်ဖူးတဲ့သူတွေကတော့ သိကြပါလိမ့်မယ်။ အဲဒီချန်နယ်မှာ ယုံဖို့ခက်တဲ့ တကယ့်အဖြစ်အပျက်လေးတွေအကြောင်း ရိုက်ပြတတ်တယ်ဆိုတာကိုလေ။ အခုလို စကားဦးသန်းနေရတာကလည်း အကြောင်းရှိပါတယ်။ ကျွန်တော့်မှာ ခင်ဗျားတို့အားလုံး ပြောပြချင်တဲ့ ကိုယ်တွေ့အဖြစ်အပျက်တစ်ခု ရှိတယ်။ ပြီးတော့ ကျွန်တော်က ပြောပြတဲ့အခါမှာလည်း ခင်ဗျားတို့ ယုံကြည်ဖို့ ခက်နေလိမ့်မယ်။ အဲဒါကြောင့် ကျွန်တော်ရေးပြတာတွေကို ဆက်ဖတ်တဲ့အခါ အထက်မှာ ကျွန်တော် စကားဦးသန်းခဲ့သလိုပဲ ယုံချင် ယုံ၊ မယုံချင် နေဆိုတဲ့ တီဗွီချန်နယ်လေးကို ရုပ်လည်းမမြင်၊ အသံလည်းမကြားဘဲ စကားလုံးတွေကို ဖတ်ရှုပြီး ခံစားနေတယ်လို့ သဘောထားပေးဖို့ပါ။ ပြီးရင် အဲဒီရုပ်သံလိုင်းရဲ့ အမည်လေးအတိုင်း ယုံချင်လည်း ယုံလိုက်၊ မယုံချင်လည်း နေလိုက်ပေါ့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်တော့ အိပ်မက်တစ်ခုကနေ စရမှာပဲ။ အိပ်နေတုန်းမြင်မက်လို့သာ အိပ်မက်လို့ ခေါ်လိုက်ရတာ။ တကယ်တမ်း အဲဒီညက ကြုံလိုက်ရတဲ့ မြင်မက်မှုရဲ့ ပြတ်သားထင်ရှားနေပုံမျိုးက တကယ်အပြင်မှာ ဖြစ်နေခြင်းနဲ့ ဘာမှမခြားသလိုပဲ။ အဲဒီညတုန်းကတော့ အဲဒီအိပ်မက်ဟာ အိပ်စက်ခြင်းနယ်နိမိတ်ထဲကနေ ရှင်သန်နိုးထခြင်းနယ်ပယ်ထဲအထိ ကူးစပ်နွယ်ယှက်လာလိမ့်မယ်လို့ ကျွန်တော် ဘယ်ထင်ခဲ့မှာလဲဗျာ။ အိပ်မက်ဆိုတာ အိပ်မက်ပဲမဟုတ်လား။ ထားပါ။ အိပ်မက်အကြောင်းကို ဆက်ရရင် ကျွန်တော်တစ်ယောက်တည်း ရှိနေတယ်ဆိုတာ သေချာလွန်းမက သေချာတဲ့ အခန်းလေးထဲမှာ သူ့ကိုတွေ့လိုက်ရတယ်။ သူဟာ လူတစ်ယောက်ပဲ။ ဒီအခန်းလေးထဲမှာ ကျွန်တော်တစ်ယောက်တည်းရှိနေတယ်ဆိုတဲ့ အမှန်တရားဟာ ဘယ်လောက်ပဲ သေချာခဲ့ပါတယ်ပြောပြော ဒီအခန်းလေးထဲကို အခြားသူတစ်ယောက်ယောက်က အချိန်မရွေးရောက်လာနိုင်ပြီး အဲဒီသေချာမှုကို ဖျက်ဆီးပစ်လိုက်နိုင်တာပဲ။ ဟုတ်တယ်။ အဲဒါကို ကျွန်တော် လက်ခံတယ်။ အဲဒီလိုမျိုး ဖြစ်နိုင်ချေကိုလည်း ကျွန်တော် မျှော်လင့်ထားပြီးသားပါ။ ဒါပေမဲ့ အခုဟာက ကျွန်တော် တွေ့လိုက်ရတဲ့သူဟာ အခြားသူမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင် ဖြစ်နေတာပဲ။ ဒီနေရာမှာ နည်းနည်းထပ်ရှင်းဖို့လိုလိမ့်မယ်ထင်တယ်။ ကျွန်တော်နေရတဲ့ အခန်းလေးထဲမှာ မှန်မရှိဘူး။ အဲဒီတော့ ကျွန်တော့်ကိုယ် ကျွန်တော် မှန်ရဲ့အကူအညီနဲ့ ပြန်မြင်ခွင့်မရှိဘူး။ ဒါပေမဲ့ အခု ကျွန်တော်က ကျွန်တော့်ကို ပြန်တွေ့နေရတယ်ဆိုတော့ ဒါ မဖြစ်နိုင်ဘူး။ တကယ်တမ်းကျတော့ သူက သူ၊ ကျွန်တော်က ကျွန်တော်ပဲ။ ကျွန်တော်ကိုယ်တိုင်ရဲ့ အရှိတရားက သူဟာ ကျွန်တော်မဟုတ်ဘူး



ဆိုတဲ့ အဖြေပဲ။ အဲဒီတော့ ခုနကပြောခဲ့တဲ့စကားကို ပြန်ပြင်ပြောရရင် ကျွန်တော်တွေ့လိုက်ရတဲ့သူက အခြားသူမဟုတ်ဘဲ ကျွန်တော့်မျက်နှာနဲ့ လူဖြစ်နေတယ်ဆိုရင် ပိုမှန်လိမ့်မယ်။ အဲဒီလိုတွေ့လိုက်တဲ့အခါ… ကျွန်တော်က စပြီး သူ့ကို ပြုံးပြလိုက်သလား၊ သူကပဲ စပြုံးပြတာလား။ ဒါမှမဟုတ် နှစ်ယောက်စလုံး ပြိုင်တူပြုံးပြမိကြသလားဆိုတာကို ပြောရခက်ပေမယ့် သေချာတာကတော့ တစ်ယောက်ကို တစ်ယောက် ပြုံးပြနှုတ်ဆက်ဖြစ်ကြတယ်ပေါ့။ ပြီးမှ ကျွန်တော်က တအံ့တသြနဲ့ စမေးလိုက်တယ်။

‘ခင်ဗျားက ဘယ်သူလဲ’

‘ငါက ညီလတ်လေ’

‘ကျုပ်က ညီလတ်ပဲ၊ ခင်ဗျားဟာ ဘယ်လိုလုပ်ပြီး ညီလတ်ဖြစ်နိုင်မှာလဲ’

‘အဲဒါကတော့ မင်းရဲ့ ထင်မြင်ယူဆချက်ပဲလေ၊ ဒါပေမဲ့ ငါရှိနေတာကလည်း အသေအချာပဲ မဟုတ်လား’

သူက ကျွန်တော့်မျက်နှာကို ယူတပ်ထားရုံ မကဘူး။ ကျွန်တော့်ရဲ့နာမည်ကိုပါ သူ့ကိုယ်ပိုင်အဖြစ် ယူမှည့်ထားလိုက်သေးတယ်။ ကျွန်တော့်မျက်နှာနဲ့ ကျွန်တော့်နာမည်ကို ပိုင်ရုံနဲ့တော့ သူ့ကို ကျွန်တော် နောက်တစ်ယောက် ဖြစ်ခွင့်မပေးနိုင်ပါသေးပါဘူးလို့ တွေးပြီး ကျွန်တော် ထပ်မေးလိုက်တယ်။

‘ညီလတ်ရဲ့ ညာဘက်လက်သူကြွယ်အရင်းနားမှာ မှဲ့တစ်လုံးရှိတယ်၊ ခင်ဗျားမှာ ရှိလို့လား’

သူက ကျွန်တော့်ကို ညာဘက်လက်သူကြွယ်ထောင်ပြတယ်။ သူထောင်ပြတဲ့ လက်သူကြွယ်ရဲ့ အရင်းမှာ မှဲ့နက်လေးတစ်လုံး။

www.burmeseclassic.com

www.burmeseclassic.com



'ညီလတ်ရဲ့ ပခုံးမှာ ဆိုင်ကယ်မှောက်တုန်းက ရခဲ့တဲ့ ဒဏ်ရာရဲ့ အမာရွတ်တစ်ခုရှိတယ်'

သူက အင်္ကျီကိုချွတ်ပြီး ကိုယ်ကို တစောင်းလှည့်ပြတယ်။ သူ့မှာလည်း အမာရွတ်ရှိတယ်။ စိတ်ကသိကအောက်ဖြစ်မှုရဲ့ အတိုင်းအဆ ပမာဏက တဖြည်းဖြည်းကြီးလာတယ်။

'ညီလတ်ရဲ့ ညာဘက်ခြေသလုံးအနောက်ဘက်မှာ အမှတ်တစ်ခု ရှိသေးတယ်'

သူက ဂျင်းဘောင်းဘီကို ခေါက်တင်လိုက်ပြီး ခြေထောက်ကို မြှောက်ပြပြန်တယ်။ ဒီကောင်ဟာ ဘာကောင်လဲ။ ကျွန်တော့်မျက်နှာ၊ ကျွန်တော့်နှာမည်ပါ မကဘူး။ ကျွန်တော့်ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို ပုံတူကူးယူထားတာပဲ။

'ငါလည်း ညီလတ်၊ မင်းလည်း ညီလတ်၊ လောကကြီးမှာ ညီလတ်နှစ်ယောက်ရှိနေတော့ရော ဘာဖြစ်သေးလို့လဲကွာ၊ မင်းလည်း စိတ်ကြိုက်မင်းနေ၊ ငါလည်း ငါ့စိတ်ကြိုက် ငါနေမှာပေါ့'

အဲဒါတော့ လုံးဝမဖြစ်နိုင်ဘူး။ သူဘာတွေကို ကြိုက်တတ်တယ်ဆိုတာကို ကျွန်တော် မသိဘူး။ သူက ကျွန်တော်အဖြစ်နဲ့ သူ့စိတ်ကြိုက်တွေ လျှောက်လုပ်တဲ့အခါ သူရော ကျွန်တော်ပါ ဘယ်သူလုပ်သလဲဆိုတာကို သိနေပေမယ့် တခြားသူတွေကတော့ ဘယ်သိနိုင်မှာလဲ။ တကယ်တမ်းက သူက သူ၊ ကျွန်တော်က ကျွန်တော်ဆိုပေမယ့် လူတွေရဲ့ အမြင်မှာက သူကလည်း ကျွန်တော်၊ ကျွန်တော်ကလည်း ကျွန်တော်ပဲဖြစ်နေမှာ။

'မဖြစ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ ညီလတ်နှစ်ယောက်ရှိနေလို့လည်း



မဖြစ်ဘူး၊ ခင်ဗျားက ကျုပ်ခန္ဓာကိုယ်နဲ့ လုပ်ချင်တာတွေ လျှောက်လုပ်နေလို့လည်း မရဘူး၊ ဟေ့လူ··· နေဦးလေ၊ ကျုပ်စကားမဆုံးသေးဘူးဗျ၊ နေဦး'

အိပ်မက်က အဲဒီမှာ ဆုံးတယ်။ ဒါပေမဲ့ အဖြစ်အပျက်ကတော့ မဆုံးသေးဘူး။ သူက ခပ်ရှင်းရှင်းပြောရရင် ကျွန်တော့်ခန္ဓာနဲ့ သူက အိပ်မက်ရဲ့နယ်နိမိတ်စည်းကို သူ့သဘောနဲ့သူ ကျော်ခွပြီး ကျွန်တော့်ရဲ့ လက်တွေ့ဘဝထဲ အသေအချာကို ရောက်ချလာတော့တယ်။

'ညီလတ်ရယ်၊ နင် အဲဒီလိုတော့ မလုပ်သင့်ပါဘူး၊ ပြေပြေလည်လည်ပြောရင် ရရဲ့သားနဲ့၊ အခုတော့···'

'ကြော့··· နင် ဘာတွေပြောနေတာလဲ၊ ငါနားမလည်ဘူး'

'သွားစမ်းပါဟာ၊ အခုမှလာပြီး မသိချင်ယောင် ဆောင်မနေစမ်းပါနဲ့၊ နွေးမို့လို့ပေါ့၊ တခြားသူသာဆို ကိုယ်ထိလက်ရောက်စော်ကားမှုနဲ့ အခုလောက်ဆို နင် အချုပ်ထဲရောက်နေလောက်ပြီ'

'ဘာ···'

❖ ❖ ❖

'ကိုညီလတ် ကျွန်တော်တို့နဲ့ စခန်းခဏလောက် လိုက်ခဲ့ပါ'

'ဗျာ··· ဘယ်လိုဖြစ်လို့လဲဗျ'

'မနေ့က ခင်ဗျားရိုက်လိုက်လို့ ခေါင်းကွဲသွားတဲ့ လူရဲ့ မိဘတွေက တိုင်ချက်ဖွင့်ထားလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… မဟုတ်ဘူး၊ ကျွန်တော် ရှင်းပြပါရစေဦး'

'စခန်းရောက်မှ ရှင်းပါ'

❖ ❖ ❖

'မင်းဘယ်သူလဲ၊ ငါ့ခုတင်ပေါ် ဘယ်လိုရောက်နေတာလဲ'

'အောင်မယ်… သူပဲ ခေါ်တုန်းက ခေါ်ထားပြီးတော့ အခုမှ ဘာဖြစ်နေရတာလဲ'

'အာ… မင်းကို ငါ မခေါ်ပါဘူး၊ ငါ ဒါမျိုးတွေ စိတ်မဝင်စားဘူး'

'ရှင် အူကြောင်ကြောင်မလုပ်နဲ့နော်၊ ရော့… ရော့… ပိုက်ဆံ၊ မင်းပြန်ပါတော့နော်'

ပထမတော့ ဘာတွေဖြစ်နေမှန်းကို အသေအချာမသိဘူးဖြစ်နေတယ်။ နောက်တော့မှ တဖြည်းဖြည်းနဲ့ ရိပ်မိလာတယ်။ ဒါတွေဟာ ဒီကောင့်ကြောင့်ပဲဖြစ်ရမယ်လို့။ အဲဒီလို ရိပ်မိမိလိုက်ချင်းပဲ ကျွန်တော် သူ့ကို လိုက်ရှာတယ်။ ခက်တာက အိပ်မက်ထဲမှာလို သူ့ကို အပြင်မှာ မျက်နှာချင်းဆိုင် ဆုံခွင့်မရတာပဲ။ သူနဲ့ အပြင်မှာဆုံဖို့ ကြိုးစားတိုင်း တစ်နည်းမဟုတ် တစ်နည်းနဲ့တော့ လွဲချော်နေတာချည်းပဲ။ အဲဒီလိုနဲ့ သူ့ကို ရှာမတွေ့လေလေ သူ တကယ်ရောရှိရဲ့လားဆိုတဲ့ သံသယစိတ်က ဝင်ပြီး နေရာယူလေလေ ဖြစ်လာတယ်။ ကျွန်တော် လုပ်လေ့လုပ်ထမရှိတဲ့အလုပ်တွေ၊ ကျွန်တော်လုပ်ဖို့တောင် စိတ်မကူးတဲ့ အလုပ်တွေကို ဒီကောင် လျှောက်



လျှောက်လုပ်လို့ နောက်က လိုက်ရှင်းရတဲ့ပြဿနာတွေ တစ်စတစ်စနဲ့ ပွထများပြားလာတယ်။ ဒီကောင့်ကို ရှာတွေ့မှဖြစ်တော့မယ်။ နို့မို့ဆို ဒီပေါက်တတ်ကရအလုပ်တွေ ကျွန်တော်ကပဲ လိုက်လုပ်နေသလိုလို ပတ်ဝန်းကျင်က မြင်လာရုံတင် မကဘူး။ ကျွန်တော်ကိုယ်တိုင်ကပါ အဲဒီလိုများဖြစ်နေသလားလို့ ယုံကြည်မိသွားနိုင်တယ်။ အဲဒီလိုဖြစ်သွားလို့ကတော့ သွားပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဒီကောင်လျှောက်လုပ်နေသမျှ လုပ်ရပ်တွေက ကျွန်တော့်ရဲ့ အသိတရားအရ မလုပ်ရဘူးလို့ ကျွန်တော့်ကိုယ်ကျွန်တော် တားမြစ်ထားတဲ့ အလုပ်တွေချည်းပဲ။ နောက်ပြီး အဲဒီလို ကိုယ်ကျင့်တရားပျက်ယွင်းတယ်လို့ ကျွန်တော်ယူဆထားတဲ့ အလုပ်တွေကို ဘယ်သူပဲလုပ်လုပ် နောက်ဆုံး ကျွန်တော်ကိုယ်တိုင်က လုပ်မိဦးတော့ အဲဒီလိုလုပ်မိတဲ့သူကို ကျွန်တော့်အနေနဲ့ ခွင့်လွှတ်ဖို့ခဲယဉ်းတာပဲ။ ဆိုတော့ကာ ဒီကိစ္စတွေကို ကျွန်တော်မလုပ်ခဲ့ဘူးဆိုတဲ့ အမှန်တရားကို သေချာစေဖို့ ဒီကောင့်ကို ကျွန်တော် တွေ့မှဖြစ်တော့မယ်။

တွေ့ချင်စိတ် ပြင်းပြနေလွန်းလို့ မြင်တွေ့ရတာလို့ပဲ ဆိုရလိမ့်မယ်။ ဒါပေမဲ့ သူနဲ့ ကျွန်တော့်ရဲ့ နောက်ထပ်တစ်ခါ တွေ့ဆုံခြင်းကလည်း အပြင်လောကမှာမဟုတ်ဘဲ အိပ်မက်တစ်ခုတည်းမှာပဲ ဖြစ်နေတာက ခက်တယ်။ ဘာပဲဖြစ်ဖြစ် တွေ့ပြီဆိုမှတော့ ပြောစရာရှိတာပြောပြီး ရှင်းစရာရှိတာကို အပြတ်ရှင်းရတော့မှာပဲလို့ ကျွန်တော် စိတ်က ဆုံးဖြတ်လိုက်တယ်။

'ခင်ဗျား ပေါက်ကရတွေ လျှောက်လုပ်နေတာက အကြောင်းမဟုတ်ဘူး၊ ခင်ဗျားလုပ်သမျှကို ကျုပ်လုပ်တယ်ထင်ပြီး အခုဆို လူတော်တော်များများက ကျုပ်ကို ရောင်ဖယ် ရှာင်ဖယ်လုပ်နေကြပြီဗျ၊ ခင်ဗျား လုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်စမ်းပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'စိတ်လျှော့ပါဦး ကိုယ့်လူရာ၊ တကယ်တမ်းကျတော့ မင်းက မင်း၊ ငါက ငါ တခြားစီဖြစ်တည်နေတာဆိုပေမယ့် မင်းနဲ့ ငါ့ကြားမှာ သိပ်ကိုသေချာတဲ့ အဆက်အစပ်တစ်ခုတော့ ရှိနေတယ်ကွ၊ ငါ့သဘောဆန္ဒအရတော့ အခု လုပ်နေတာတွေက ငါကြိုက်လို့ လုပ်နေတာဖြစ်တဲ့အတွက် ပြင်ဖို့၊ ရပ်လိုက်ဖို့ သဘောထားမရှိဘူး။ အေး... တစ်ခုတော့ရှိတယ်၊ မင်းက မင်းနဲ့ ငါ့ကြားမှာရှိတဲ့ အဆက်အစပ်ကို တွေ့အောင်ရှာနိုင်ပြီး အဲဒါကို အသုံးချနိုင်ခဲ့တယ်ဆိုရင်တော့ မင်းကိုယ်တိုင်က ငါ့လုပ်ရပ်တွေကို တားနိုင်လာလိမ့်မယ်။ အဲဒီလိုမဟုတ်ဘဲ ဒီအတိုင်းဆက်လွှတ်ထားမယ်ဆိုရင်တော့ ငါ့ရဲ့ မင်းဘဝအပေါ် လွှမ်းမိုးထားမှုတွေက တဖြည်းဖြည်းစိပ်လာပြီး မင်းကိုယ်တိုင် ပျောက်ဆုံးသွားလိမ့်မယ်'

ဒီတစ်ခါ အိပ်မက်က တိုတယ်။ သူ အဲဒီလိုပြောပြောပြီးချင်းပဲ ကျွန်တော် အိပ်မက်ကနေ ထိတ်လန့်တကြားလန့်နိုးလာခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် ပျောက်ဆုံးသွားလိမ့်မယ်တဲ့။ သူပြောခဲ့တဲ့ အဲဒီ နောက်ဆုံးစကားက ကျွန်တော့်နားထဲမှာ ပဲ့တင်ထပ် မြည်ဟည်းနေတယ်။ သေချာနားစိုက်ထောင်တော့ အသံက ကျွန်တော့်ရဲ့အသံပဲ။ သူနဲ့ ကျွန်တော့်ကြားက အဆက်အစပ်တဲ့။ အဲဒါကို ကျွန်တော် ဘယ်လိုရှာရမလဲ။ ပြဿနာတစ်ခု ရှင်းလို့မပြီးသေးခင်မှာပဲ နောက်ထပ်ပြဿနာတစ်ခုက ထပ်ရောက်လာတယ်။ သူပြောသွားတယ်။ သူကတော့ ရပ်တန့်မှာမဟုတ်ဘူးတဲ့။ သူ့ကို ရပ်တန့်ပစ်နိုင်တဲ့သူက ကျွန်တော်ကိုယ်တိုင်ပဲတဲ့။ ဒီအတိုင်းသာ ဆက်လွှတ်ထားရင် ဒီအတိုင်းသာ ဆက်လွှတ်ထားလိုက်မယ်ဆိုရင် ကျွန်တော်ကိုယ်တိုင် ပျောက်ဆုံးသွားရလိမ့်မယ်တဲ့။ ကြားနေရပြန်ပြီ။ အဲဒီအသံ။ သူ့အသံ။ ကျွန်တော့်အသံ။ ကျွန်တော်ကိုယ်တိုင်ရဲ့ အသံ။



ကျွန်တော် ကြံ့ရာမရဖြစ်နေတုန်းမှာပဲ သူ့ရဲ့လုပ်ရပ်တွေ ထပ်ထပ်ပြီးပေါ်လာတယ်။ ကျွန်တော် ဂရုတစိုက် ဆောက်တည်ပျိုးထောင်နေတဲ့ ကျွန်တော့်ရဲ့ဖြစ်တည်မှုထဲကို သူ စိတ်ရှိတိုင်း လျှောက်လုပ်နေတဲ့ လုပ်ရပ်တွေရဲ့ အကျိုးဆက်တွေက တတိတိနဲ့ နေရာယူ လိုက်စားလာတော့တယ်။

'ညီလတ်က တော်တယ်နော်၊ ဒါပေမဲ့ အရမ်းမာန်တက်တယ်၊ ပြီးတော့ မောက်မာတယ်'

'သာမန်အချိန်မှာ စကားပြောချိုသာသလောက် အရက်ကလေးကို ဝင်သွားပြီဆို သိပ်သွေးဆိုးတာပဲ၊ ရိုင်းလည်း သိပ်ရိုင်းတယ်'

'ဒီကောင်က စိတ်ကောင်းဝင်နေလို့သာ ငြိမ်နေတာ၊ စိတ်ဖောက်လာပြီဆိုရင် တွေ့ကရာမိန်းမ ရှောင်တော့တာ မဟုတ်ဘူး၊ ညည်း ကျပ်ကျပ်သတိထား'

'မင်းကိုငါ နားကိုမလည်တော့ဘူး ညီလတ်၊ မင်းက ကိစ္စတော်တော်များများကို ဆင်ခြင်တွေးဆပြီး လုပ်သလောက် တစ်ခါတစ်ခါကျတော့လည်း မင်းလုပ်ရပ်တွေက ဆင်ခြင်တုံတရား ကင်းမဲ့လွန်းတယ်ကွာ'

'သားလတ် မင်းစိတ်အလိုလိုက်တာတွေများလွန်းနေပြီနော်၊ နည်းနည်းပါးပါးလည်း သတိလေးဘာလေး ထားဦး'

ပထမတော့ ကျွန်တော် ရှင်းပြဖို့ကြိုးစားသေးတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့အဖြစ်အပျက်က ယုံကြည်နိုင်လောက်တဲ့ အနေအထားရဲ့ အခြားတစ်ဖက်မှာ ရောက်နေတယ်ဆိုတာကို သိမြင်လာပြီးတဲ့နောက် ရှင်းပြခြင်းအလုပ်ကို ရပ်တန့်ပစ်လိုက်ပြီး သူ့ကို ရပ်တန့်ပစ်ဖို့ကိုပဲ ဖိဖိကြိုးစားနေမိတယ်။ အချိန်ကာလတွေ ဖြတ်သန်းလွန်မြောက်ခဲ့ခြင်းနဲ့အတူ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အခိုင်အမာ သိမြင်လာခဲ့တာတစ်ခုက သူရော ကျွန်တော်ရောဟာ တစ်ယောက်ကို တစ်ယောက် အပြီးသတ်ချေမှုန်းပြီး အပြတ်အသတ် အနိုင်ယူလိုက်ဖို့ဆိုတာ တစ်ဘဝစာကာလတစ်ခုတည်းနဲ့ မလုံလောက်နိုင်ဘူးဆိုတာပဲ။ နောက်ပြီး သူ ပုံတူရယူထားနိုင်တဲ့ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ကြီးအပေါ်မှာပဲ ကျွန်တော့်ရဲ့အရှိတရားကို ကျွန်တော်က တည်ဆောက်ဖန်တီးယူနေမယ်ဆိုရင် သူက အချိန်မရွေး အဲဒီဖြစ်တည်မှုအရှိတရားကို လိုက်လံဖျက်ဆီးပစ်နေဦးမှာ သေချာတယ်။ အဲဒီတော့ ကျွန်တော် ဘာလုပ်ရမလဲ။ အဖြေက အခုထက်အထိတော့ ဝေဝါးနေဆဲပဲ။

သူနဲ့ ကျွန်တော်နဲ့ကြားက အဆက်အစပ်။ အခုတော့ အဲဒါကို ကျွန်တော် ရှာတွေ့ခဲ့ပြီထင်ပါတယ်။ ဒါပေမဲ့ အဲဒါကိုအသုံးချပြီး သူ့လုပ်ရပ်တွေကို ရပ်တန့်ပစ်နိုင်ဖို့တော့ ဆက်ကြိုးစားရဦးမယ်။ အခုအထိတော့ ၅၀-၅၀ အဆင့်မှာပဲ ရှိပါသေးတယ်။ သူက ကျွန်တော့်ဘဝကို လုံးလုံးလျားလျားလွှမ်းမိုးသွားပြီး ကျွန်တော် ပျောက်ဆုံးသွားမှာလား။ ကျွန်တော်က သူ့လုပ်ရပ်တွေကို အပြီးအပိုင်ရပ်တန့်ပစ်လိုက်နိုင်ပြီး ကျွန်တော်လိုလားတဲ့ ဖြစ်တည်မှုပုံစံနဲ့ ကျွန်တော့်ဘဝကို ကျွန်တော့်စိတ်တိုင်းကျ ဖန်တီးတည်ဆောက်နိုင်မလား။ ဒါမှမဟုတ် သူ့ကို ကျွန်တော် လုံးဝဖယ်ထုတ်ပစ်လို့မရဘဲ သူဟာ ကျွန်တော့်အတွက်ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ်နဲ့ ကျွန်တော့်ဘဝထဲ အမြဲတမ်း ပေါင်းစပ်တည်ရှိနေမှာလား။ အခုအချိန်အထိတော့ ဘယ်အခြေအနေကမှ ကျွန်တော့်အတွက် မပြတ်သားသေးဘူး။

ကျွန်တော့်အဖြစ်အပျက်ကတော့ ဒါပါပဲဗျာ။ ယုံချင်လည်း ယုံ၊ မယုံချင်လည်း နေပိုင်ခွင့် ခင်ဗျားတို့အားလုံးမှာ ရှိပါတယ်။ ဒါပေမဲ့ သေချာတာကတော့ တစ်နေ့နေ့ပေါ့။ ခင်ဗျားတို့တွေလည်း ကျွန်တော့်လိုပဲ ကိုယ့်ခန္ဓာနဲ့ တခြားလူတစ်ယောက်ရှိနေပြီလို့ ယူဆလာရတဲ့အခါမျိုးတွေမှာ ကျွန်တော် အခုပြောခဲ့တာတွေကို ယုံကြည်လာနိုင်မှာပါ။ အဲဒီအခါ ခင်ဗျားတို့နဲ့ ခင်ဗျားတို့ရဲ့ခန္ဓာနဲ့ တည်ရှိနေတဲ့ အခြားလူတွေရဲ့ကြားက အဆက်အစပ်ကို ခင်ဗျားတို့ကိုယ်တိုင်က ရှာဖွေဖို့လိုအပ်လာပြီဆိုမှ ခင်ဗျားတို့ ကျွန်တော့်ကို ပြန်သတိရလိမ့်မယ်။ အဲဒီအခါ ကျွန်တော် ရှာဖွေတွေ့ရှိခဲ့တဲ့ သူနဲ့ ကျွန်တော့်ရဲ့ကြားက အဆက်အစပ်အကြောင်းကို ခင်ဗျားတို့ သိချင်တယ်ဆိုရင် ကျွန်တော်က လိုလိုလားလားနဲ့ကို အသေးစိတ်ပြောပြချင်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က လူတိုင်းကို ဖြစ်တည်မှု ပျောက်ဆုံးနေတဲ့ ဘဝတစ်ခုနဲ့ ရှင်သန်နေကြရတာမျိုး မဖြစ်စေချင်ဘူးလေ။

နေဘုန်းလတ်



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်တော့်ခန္ဓာနှင့် အခြားလူ

pay kat kat kaungmalay said...

အစ်ကိုရေ သေသေချာချာလေးကို ဖတ်ရှုခဲ့ပါတယ်ရှင်။

Mr.Questions said...

ဝတ္ထုကတော့ ကိုဘုန်းလူရဲ့ ဝတ္ထုနဲ့ ဆင်သလိုပဲ အစ်ကို။

ဒါပေမဲ့ အစ်ကိုပေးချင်တဲ့ Message ကို ကျွန်တော် အသည်းအသန်ရှာနေမိတယ်။ ရေးတေးတေးတော့ သဘောပေါက်သလိုရှိတယ်။ ဘာပဲဖြစ်ဖြစ် အစ်ကို တင်သမျှကို ဖတ်နေပါသည်။

point said...

ငါ၏ငါ့အရှင်

ငါ၏ငါ့သခင်

ငါ့ကိုယ်ငါ

ငါမသိ။

သူကတော့

ငါ့ကိုသိ

သူသိတာ

အလွန်များ

ငါ ဒုက္ခရောက်စေသား။

အရမ်းကောင်းတဲ့ post လေးကို အားပေးသွားပါတယ်ခင်ဗျာ။



Anonymous said...

နဘလ

လုပ်ချလိုက်ပြန်ပြီဟာ

ကောင်းတော့ ကောင်းသား

ငါတော့ ရှုးလောက်တယ်

နင်အထဲမှာရှိတုန်း ဒီလိုပို့စ်မျိုးတွေဖတ်ဖို့ တမ်းတမိသား

ခုမှ လာဖတ်ပြီး အပ်ဟီး အတွေးတွေပွေ့ပြီး ပြန်အိပ်လိုက်ဦးမယ်။

MM

□ □ □

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## မင်းသား၊ လက်ခုပ်သံများနဲ့ ကိုယ်ဝင်ကြည့်ခဲ့တဲ့ ဇာတ်ပွဲ

အချိန်က အနက်တစ်ရောင်တည်းကို မြင်နေရလောက်အောင် မှောင်နေတာလည်း မဟုတ်ပါ။ ဒါပေမဲ့ ညီရင်းအစ်ကိုတွေတောင် ခွန်းကြီး ခွန်းငယ်ပြောဟယ် ဆိုဟယ်၊ အော်ဟယ် ဟစ်ဟယ် ဖြစ်နေကြတာကို ထောက်ပြီး ညီအစ်ကိုမသိတသိအချိန်ပဲလို့ စိတ်ထဲမှာ မှတ်ထားလိုက်တယ်။ နေက ဝင်သွားတာလား၊ ထွက်မလာသေးတာလား။ အလင်းရောင်က အမှောင်ဘက်ဆီသွားနေတာလား၊ အလင်းဘက်ဆီ ရွေ့နေတာလား။ သေချာတာကတော့ ဘာဆိုဘာမှ မရေရာသေးဘူးဆိုတာပဲ။ ပွဲခင်းထဲမှာ လူမစုံသေးပေမယ့် ပွဲကတော့ စတော့မယ်။ ဝန်းကျင်ရဲ့ မှုန်မှိုင်းရီဝေမှုနဲ့အတူ လူတိုင်းရဲ့ မျက်နှာတွေပေါ်မှာလည်း မအီမလည်ခံစားမှုတစ်ခုက တွဲခိုလို့။

နောက်ကျတော့ ဇာတ်ရုံရဲ့ နောက်နားမှာပဲ နေရာလို့မဆိုသာတဲ့ နေရာတစ်ခုကို ရတယ်။ ခြေနှစ်ချောင်းချရုံ ဇာတ်စင်ကို လှမ်းမြင်နေရရုံ။ မြင်နေရတယ်ဆိုပေမယ့် အလှမ်းနည်းနည်းဝေးသလို ဇာတ်ခုံနဲ့ ကိုယ်နဲ့ ကြားက လူအတိုးပြီးတဲ့ အဆီးအတားကလည်း နည်းနည်းကြီးတယ်။ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင်ခြင်းတွေကို ခဏတာ ကျိတ်မှိတ်မျိုချပြီး ဘာမှန်းမသိလိုက်မှာ စိုးတဲ့ စိတ်နဲ့ ကိုယ် ဇာတ်စင်ကို အားစိုက်ပြီး ကြည့်နေမိတယ်။ အပြင်အဆင် အခြယ်အသတွေက အစိမ်းရောင်နည်းနည်းကဲပေမယ့် အေးချမ်းငြိမ်သက်တဲ့ စိမ်းလန်းတောအုပ်တစ်ခုနဲ့တော့ တူမနေဘူး။ ရာသီဥတုကြောင့်ပဲ လူတွေ ပူနေတာလား။ လူတွေကြောင့်ပဲ ရာသီဥတုက ပူနေရတာလားဆိုတာကလည်း မကွဲပြားဘူး။ ဇာတ်စင်ပတ်ပတ်လည်မှာ ရှိတဲ့ အဲယားကွန်းတွေက လေအေးတွေကို တဟူးဟူးမှုတ်ထုတ်ပေးနေကြတာ အငွေ့တထောင်းထောင်းထလို့။ လူတွေက ပူလောင်နေကြပေမယ့် အဲယားကွန်းတွေရဲ့ အကူအညီနဲ့ အိုက်စပ်နေကြပုံတော့ မရဘူး။

'××× ××× ××× ×××'

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း'

ဘာပြောလိုက်မှန်းမသိတဲ့ စကားတစ်ခွန်းကို လက်ခုပ်သံတွေက လွှမ်းသွားတယ်။ လက်ခုပ်မတီးမိတဲ့ ကိုယ့်ကို ဘေးနားက လူက ဘုရှုံးလှမ်းရှုံးတယ်။ သူ့အကြည့်ကို သိသိကြီးနဲ့ မသိချင်ယောင်ဆောင်နေလိုက်ရတယ်။ စင်နောက်ကနေ ခေါင်းပေါင်းတလူလူ ပေါင်းပြီး ပုဆိုးစလေးမကာ မကာနဲ့ ထွက်လာတဲ့သူ့ရဲ့ ဟန်ပန်အမူအရာကို ကြည့်ပြီး ဒါ မင်းသားပဲလို့ မှန်းလိုက်တယ်။ အဲဒီတော့မှ ခုနက မင်းသားနာမည်ကြော်ငြာလို့ လက်ခုပ်ဝိုင်းတီးကြမှန်း ကိုယ် သဘောပေါက်တော့တယ်။

'ကြွရောက်လာကြတဲ့ ချစ်ပရိသတ်အပေါင်းတို့ မင်္ဂလာအပေါင်းနဲ့ ခညောင်းကြစေဖို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သကြောင်းပါခင်ဗျား'



စကားလုံးတွေက ပီသရုံတင်မက အသံလေးကလည်း ချိုလို့မြလို့။ အသံလေး ချိုမြရုံ မကသေးဘူး။ လက်အုပ်ကလေးချီပြီး ပရိသတ်ကို ကွေးညွှတ်ဂါရဝပြုနေပုံကလည်း တကယ့်ကို ခခယယ။ ပရိသတ်ကြီးရဲ့ နှလုံးသည်းပွတ်တွေ တစ်ချီတည်းနဲ့ ကြွေဆင်းသွားမလား မှတ်ရရဲ့။ နည်းနည်းစိတ်ဝင်စားသွားတာနဲ့ ကိုယ် လူအုပ်ကြီးထဲကို ရသလောက်ရသလောက်နဲ့ နည်းနည်း နည်းနည်းဆီ တိုးသွားရင်း ဇာတ်စင်နားရောက်အောင် ကြိုးစားနေမိတယ်။ မင်းသားလေးက တစ်ခွန်းပြောလိုက်၊ လက်ခုပ်သံတွေ စီခနဲညံသွားလိုက်၊ ဟိုနားဒီနားက လက်ခေါက်မှုတ်သံတွေ ရှီးခနဲရှီးခနဲ ထွက်လာလိုက်နဲ့ ကိုယ်ခန္ဓာတစ်ခုလုံးပါ မကဘူး။ နားထဲမှာပါ ပူစပ်ပူလောင်ဖြစ်လာတယ်။ ကိုယ် တတိတိတိုးနေပေမယ့်လည်း ဇာတ်စင်နဲ့က ဝေးသထက် ဝေးနေတုန်း။ အဲဒီအချိန်မှာပဲ ပွဲကျနေတဲ့ ပရိသတ်ကို ဇာတ်မင်းသားက သီချင်းတစ်ပုဒ် စဆိုပြီး ထိန်းလိုက်တယ်။ သီချင်းသံစထွက်လာချိန်မှာ ဩဘာပေးသံတွေ ဝေါခနဲ တစ်ချက်ဆူညံသွားပေမယ့် ခဏနေတော့ အားလုံးငြိမ်ကျသွားတယ်။

ဆူဝေပေါက်ကွဲထွက်လာတဲ့ ပတ်မကြီးသံက ခန့်ညားနေပြီးသားသီချင်းသံကို ပိုပြီးခမ်းနားသွားစေတယ်။ မင်းသားရဲ့ ပီပြင်ကြည်မြတဲ့အသံကလည်း မြူးကြွကြွ ဟန်ပန်အနုအလှတွေနဲ့ ပေါင်းလိုက်တဲ့အခါ တကယ့်ကို ပန်းလေးတစ်ပွင့်၊ သီချင်းလေးတဆိုဆိုနဲ့ ပွင့်အာလာသလိုတောင် ထင်ရရဲ့။ သီချင်းတစ်ပုဒ်သီဆိုလိုက်၊ ပြီးတော့ ခြေ၊ လက်၊ ခန္ဓာရဲ့ အချိုးအဆစ်တွေကို ကွေးညွှတ်ဆစ်ချိုးပြီး ရှင်မြူးကခုန်လိုက်နဲ့။ ပရိသတ်ခများ ပင့်သက်တွေတဖြာဖြာနဲ့ အနုအရွ အလှတို့ရဲ့ ဖမ်းစားမှုမှာ စီးမျောပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



နေကြပုံများ အတိုင်အဖောက်ကို ညီလို့။ ဆိုလိုက်၊ ကလိုက်၊ ကလိုက်၊ ဆိုလိုက် စကားလေးတွေ ပြောလိုက်၊ ပရိသတ် လက်ခုပ်သံတွေနဲ့ ဖြောင်း ဖြောင်းကို ငြိမ်သက်ခံယူလိုက်နဲ့ လူရှင်တော်မပါဘဲ မင်းသားတစ်ယောက် တည်းနဲ့ ထိန်းထားလိုက်တာ အချိန်တွေသာ ကြာသွားတယ်။ မင်းသားက တော့ မောတယ် ပန်းတယ်လို့ မရှိ။ ကိုယ်လည်း လူအုပ်ကြီးကြားထဲ တိုးသထက်တိုးလာရင်း ဓာတ်စင်နဲ့ နီးသထက်နီးလာတယ်။ ဒါမှမဟုတ် နီးသထက်နီးလာတယ်လို့ ထင်ရတယ်။

ဆိုတဲ့သီချင်းရဲ့ စာသားလေးတွေက ကောင်းလိုက်တာ။ လက် ချောင်းလေးတွေ ဆစ်ချိုးက ပြသွားတာကလည်း လှလိုက်တာ။ ကိရိယာ အကူမပါဘဲ လွှားခနဲ လွှားခနဲ ခုန်ပေါက်ကျွမ်းထိုးသွားတာကလည်း ပေါ့ ပါးသွက်လက်လွန်းလိုက်တာ။ ဒါမှ တို့မင်းသားကွဆိုတဲ့ ချီးမွမ်းမြှောက် ပင့်သံတွေများစွာက ပရိသတ်တွေကြားမှာ တီးတိုးတီးတိုးနဲ့ သောသောညံ နေတော့တယ်။ အားလုံး ဝိုင်းချီးမွမ်းရလောက်အောင်ပဲ မင်းသားက တော် လွန်းပါတယ်။ ဒါကို ကိုယ်လည်း မျက်မြင်မြင်နေရတာပဲလေ။ ဒါပေမဲ့ ဓာတ်စင်နဲ့ နည်းနည်းတော့ လှမ်းနေသေးတယ်။ ဒီလောက်တော်တဲ့ မင်းသားကို ကိုယ် အနီးကပ်တော့ သေသေချာချာကြည့်ချင်သေးတယ်။ အဲဒီအတွေးနဲ့ ရှေ့မှာကာနေတဲ့ လူအုပ်ကျပ်ကျပ်ထဲကို ကိုယ် အားနည်းနည်း စိုက်ပြီး တိုးဝင်လိုက်တယ်။ သိပ်မတိုးလိုက်ရဘူး။ ကိုယ့်ရဲ့ရှေ့မှာ စီတန်း ပြီး ပိတ်ထားတဲ့ သံဆူးကြိုးတန်းတွေနဲ့ ဆုံလိုက်ရတယ်။ ဒီနေရာမှာ ပရိသတ် ရဲ့ နေရာက ဆုံးနေပြီ။ ဒါပေမဲ့ ဓာတ်စင်နဲ့က လှမ်းမြဲလှမ်းနေတုန်း။ ပရိသတ်နဲ့ ဓာတ်စင်ကြီးနဲ့ကြားမှာ ဟင်းလင်းပြင်တစ်ခုက ပြောင်စပ်စပ်နဲ့



ခြားမြဲ ခြားနေတုန်း။ ကိုယ့်သံဆူးကြိုးတွေကို ကျော်ဖြတ်ပြီး အတင်းဝင်မယ် လုပ်တော့ ဓာတ်ပွဲစီစဉ်သူတွေ ကိုယ့်ကို လာတားတယ်။ ဒီနေရာကနေပဲ ကြည့်ခွင့်ရှိတယ်တဲ့။

မင်းသားက ဘယ်နှပုဒ်မြောက်မှန်းမသိတဲ့ သီချင်းနောက်တစ်ပုဒ် ကို ထပ်ဆိုနေပြီ။ ပြီးတော့ မမောနိုင် မပန်းနိုင် ထပ်မံကခုန်နေပြန်ပြီ။ ကိုယ့်မှာသာ ချွေးသံတရွှဲရွှဲနဲ့ ရှေ့ဆက်တိုးခွင့်မရတော့လို့ စိတ်အလိုမကျ ဖြစ်နေရတယ်။ မတတ်နိုင်ခြင်းတွေကို ထပ်မံမျိုချလိုက်ရပြန်တယ်။ ကိုယ့် ဘေးပတ်ပတ်လည်က ပရိသတ်ထဲကို ကြည့်တော့လည်း အေးရာအေး ကြောင်းနဲ့ မင်းသားရဲ့ ခြေအကွေ့၊ လက်အလှ၊ ပုဆိုးအမတွေကို ရင်သပ် ရှုမော ကြည့်မဝ ငေးမဝဖြစ်နေကြသူတွေက ခပ်များများဖြစ်နေတယ်။ မင်းသားကတော့ လှပါတယ်၊ မင်းသားဆိုတာ ကောင်းပါတယ်၊ မင်းသား ပြောနေတဲ့စကားတွေလည်း ပရိသတ်အကြိုက်တွေပါပဲ။ ဒါပေမဲ့ ကိုယ့်စိတ် ထဲမှာ ဓာတ်ခုံရဲ့ အခင်းအကျင်းနဲ့ပတ်သက်ပြီး ဘဝင်မကျဖြစ်နေမိတယ်။ ဘာလုပ်ရရင် ကောင်းမလဲ။ နောက်ဆုံး ဘယ်လိုမှ ကြံရာမရတော့မှပဲ ကိုယ့်အိတ်ကပ်ထဲက မျက်မှန်အသစ်ကလေးကို သတိရတော့တယ်။ လိုလိုမယ်မယ် ပါဝါတိုးထားတဲ့ မျက်မှန်လေးပေါ့။ ကမ္ဘာမှာ ပါဝါအမား၊ ပါဝါအပျော့တွေအပြင် စမတ်ပါဝါဆိုတာပါ ထပ်ပေါ်လာနေပြီဆိုတော့ ကိုယ်ကလည်း ကိုယ့်ရဲ့မျက်မှန်လေးကို ခေတ်နဲ့အမီ ပါဝါတွေလိုက်တိုး ရတာလေ။ ကိုယ် အဲဒီမျက်မှန်လေးကို ထုတ်တပ်လိုက်တယ်။ ကိုယ့်ရှေ့ မှာ အကွာအဝေးတစ်ခုက သိသိသာသာ ခြားထားသေးပေမယ့် မြင်နေရတဲ့ မြင်ကွင်းက အရင်ကထက် ပိုပြီး ပြတ်သားသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မြို့မေတ္တာခံယူမယ့် သားပါမို့ မိဘများက ချစ်အားပိုတယ်'

သီချင်းသံပီပီသသကို နားနဲ့ဆတ်ဆတ်ကြားနေရပေမယ့် မျက်စိရှေ့မှာ မြင်နေရတဲ့ မင်းသားရဲ့ ပါးစပ်က တုတ်တုတ်မှမလှုပ်တာ မြင်လိုက်ရတယ်။ အမြင်အာရုံကို ဒီထက်ပိုစူးစိုက်ပြီး ဇာတ်စင်ရဲ့ ဟိုဟိုဒီဒီ မျက်စိကစားကြည့်တော့ ဇာတ်စင်ရဲ့အနောက်တက်ထောင့်တစ်နေရာမှာ မည်းမည်းအရာတစ်ခုကို မြင်လိုက်ရတယ်။ ကက်ဆက်နဲ့ ဆောင်းဘောက်စ်။ သြော်… သီချင်းဖွင့်ထားတာပဲ။ တစ်ခုခုကို တဖြည်းဖြည်းနားလည်လာသလိုရှိတာနဲ့ ကိုယ့်ရဲ့အကြည့်တွေကို မင်းသားဆီ ပြန်ပို့လိုက်တယ်။ မင်းသားကတော့ ပရိသတ်သေချာမမြင်ရတဲ့ အကွာအဝေးမှာ ပြေးလွှားခုန်ပေါက် ကပြအသုံးတော်ခံနေတုန်း။

'ဟာ…'

မသေချာမှာ စိုးလို့ မျက်မှန်ကို ချွတ်ပြီး အင်္ကျီစနဲ့ သေသေချာချာ သုတ်လိုက်တယ်။ ပြီးမှ ပြန်တပ်ပြီး နောက်ထပ်တစ်ခါ ထပ်ကြည့်လိုက်တယ်။ ကိုယ့်ရဲ့အမြင်အာရုံက မလွဲပါဘူး။ လွဲနေတာက မင်းသားပါ။ မင်းသားရဲ့ ခြေ၊ လက်၊ ခေါင်း၊ ခါးနဲ့ ကိုယ်နေရာအစုံကို ချိတ်ဆွဲလှုပ်ရှားပေးနေတဲ့ ကြိုးမျှင်စလေးတွေကို ပြတ်ပြတ်ထင်ထင်ပဲ မြင်လိုက်ရတယ်။ အံ့အားသင့်သွားခဲ့ပေမယ့် ကိုယ်အံ့အားမသင့်ခဲ့ဘူး။ မင်းသားက ကကြိုးကို အဆုံးသတ်တော့မယ်။ ဆိုင်းသံက ပိုပြီးမြိုင်ဆိုင်လာတယ်။ ကကြိုးကကွက်တွေကည ရင်သပ်ရှုမောဖွယ် မြန်ဆန်သွက်လက်လာတယ်။ ကိုယ့်အတွက်တော့ ကြိုးတွေပါ မြင်နေရတဲ့အတွက် ရယ်စရာကြီးဖြစ်နေတယ်။ ပတ်မကြီးရဲ့ ဝုန်းခနဲအချက်နဲ့အတူ မင်းသားက ဖြတ်ခနဲပုံကျသွားပြီး ကကြိုး



ကို အဆုံးသတ်လိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် ကိုယ်ရှိရာဘက်ကို မျက်နှာလှည့်လို့။ အဲဒါကြောင့်လည်း ကိုယ်က အသေအချာမြင်လိုက်ရတယ်။ မင်းသားရဲ့ အသက်မဲ့တဲ့ မျက်နှာအသေ။

'ဝေး… ရှိုး… ဖြောင်း… ဖြောင်း… ဖြောင်း'က

'ဟေး… ဒါမှ တို့မင်းသားကွ'

'နောက်တစ်ပုဒ် ကပါဦး၊ နောက်တစ်ပုဒ်၊ နောက်တစ်ပုဒ်'

ဆူညံပွက်လောရိုက်နေတဲ့ အော်သံတွေကို ထားခဲ့ပြီး ကိုယ် ဇာတ်ရုံထဲကနေ လှည့်ပြန်ခဲ့တယ်။ ဘာအတွက်မှန်းမသိတဲ့ လက်ခုပ်သံတွေက ကိုယ့်နားထဲကနေ ပြန်လျှံထွက်ကျလာတယ်။ ဒီဇာတ်ပွဲကို သွားကြည့်မိခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် နင့်နင့်သီးသီးကို ပြန်အားနာနေမိတယ်။ မင်းသားရဲ့ အနအရွ၊ အလှအပတွေမှာ မိန်းမူးပြီး ကိုယ် လက်ခုပ်များ တီးမိခဲ့သေးလား။ ကိုယ်ကိုယ်တိုင်လည်း ဝေခွဲမရဖြစ်နေတယ်။ အခြားသူတွေအားလုံးကိုပါ ပြောပြချင်ပေမယ့် မပြောဖြစ်ခဲ့တဲ့ စကားတစ်ခွန်းကို ကိုယ်တစ်ယောက်တည်း ကြားရရုံ ကိုယ့်ကိုယ်ကိုယ် ပြန်ပြောဖြစ်ခဲ့တယ်။

'ကိုယ်အားပေးမယ့် မင်းသားဟာ ရုပ်သေးရုပ်မဖြစ်ဖို့တော့ လိုမယ်၊ နို့မို့ဆို လက်ခုပ်သံတွေ နမြောဖို့ကောင်းပါတယ်'လို့။

www.burmeseclassic.com

www.burmeseclassic.com



မင်းသား၊ လက်ခုပ်သံများနှင့် ကိုယ်ဝင်ကြည့်ခဲ့တဲ့ ဇာတ်ပွဲ

winlathan said...

ဟုတ်ပ။ အချိန်တွေ နှမြောဖို့ကောင်းတယ်နော်။

ပွဲတော်လာပရိသတ်တစ်ဦး said...

မင်းသားဆိုတာ ကိုယ်တတ်ကျွမ်းသော အနုပညာအစွမ်းအစနဲ့ ကိုယ့်ကို ချစ်ခင်လေးစားသော ပွဲကြည့်ပရိသတ်ကို အစွမ်းကုန်ဖျော်ဖြေ တင်ဆက်သင့်တာပေါ့။ ဒါပေမဲ့ ကိုယ့်လက်၊ ကိုယ့်အင်္ဂါအစိတ်အပိုင်းများ ကို ကိုယ့်စိတ်သွားတိုင်း ကိုယ်မပါအောင် ထိန်းချုပ်ထားသူရှိမှ ပွဲစည်မည့် အဖြစ်တော့ ရှောင်သင့်ပါတယ်။ လှည့်စားခံဖူးရင်လည်း ကိုယ့်ပရိသတ် တွေ ပါဝါတင်ထားတဲ့မျက်မှန်တပ်ပြီး မကြည့်ချင်၊ နှောင်ကြိုးမှန်သမျှ ဖြတ်ပြီး ကိုယ့်လက်ကိုယ့်ခြေ၊ ကိုယ့်အစွမ်းအစနဲ့သာ ပရိသတ်ကို ဖြေဖျော် သင့်ပါကြောင်း။ အတွေးနက်နက်၊ အရေးသွက်သွက်နဲ့ အခင်းအကျင်းတစ်ခု ကို ကွင်းကွင်းကွက်ကွက်မြင်လာအောင် ရေးသားနိုင်တဲ့ နေဘုန်းလတ်ကို လေးစားချစ်ခင်လျက်။ (ပွဲတော်လာ ပရိသတ်တစ်ဦး)

OA6 said...

ကိုနေဘုန်းလတ်ရဲ့ ဒိုင်ယာလော့ခ်တွေကို တန်ဖိုးထားနှစ်မြို့က်လို့ gtalk custom message မှာ တင်ခွင့်ပြုပါ အစ်ကို။



thurein06 said...

စိတ်ကြိုက်တွေ့တယ်ဗျာ။ စဉ်းစားဆင်ခြင်ဉာဏ် ပိုမိုရပါတယ်။ ကျေးဇူးများစွာတင်ပါတယ်။

mabaydar said...

ကိုယ်အားပေးမယ့် မင်းသားဟာ ရုပ်သေးရုပ်မဖြစ်ဖို့တော့ လိုမယ်။ နို့မို့ဆို လက်ခုပ်သံတွေ နှမြောဖို့ကောင်းပါတယ်။ ပေးချင်တဲ့ အဓိပ္ပာယ် လေးကို အဆုံးမှာ ထင်ထင်ရှားရှားဖော်ပြထားတာ ကောင်းတယ်။ ရုပ်သေး ရုပ်လို ကြိုးကိုင်ခံထားရတဲ့သူကို အားပေးရင် တဒင်္ဂလိုတာရှိတုန်းပဲ ကောင်း မယ်။ အစစ်အမှန် ဘာမှရမှာမဟုတ်ဘူး။

MANDY MAW said...

လက်ခုပ်တီးတဲ့သူက များပြီး ဘယ်လိုကနေတာလဲဆိုတာကို လေ့လာသူက နည်းသားလေနော်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



## ကွက်လပ်ဖြည့်လိုက်ရတဲ့ ကွက်လပ်

ကြာခဲ့ပြီဆိုပေမယ့် ဟိုးရှေးရှေးတုန်းကတော့ မဟုတ်ခဲ့ဘူး။ အဲဒီညနေရဲ့ နှင်းတွေ နှင့်နှင့်သီးသီးကျနေတဲ့ မြင်ကွင်းကတော့ မျက်စိမှိတ်လိုက်တိုင်း ပြန်လွမ်းနေရအောင် မှတ်မှတ်ရရရှိနေတုန်း။ ခန္ဓာကိုယ်ထဲမှာ ရှိနေတဲ့ အဖျားသွေးဟာ ဆောင်းရဲ့အေးမြမှုနဲ့ပေါင်းပြီး အရှိန်အဟုန်ပိုကောင်းလာခဲ့ခြင်းက အကြောင်းရင်းတစ်ခုများ ဖြစ်ခဲ့လေသလား။ ချမ်းလို့ပဲ လွမ်းမိသလား၊ လွမ်းလို့ပဲ ပိုချမ်းသွားသလား မသေချာဘူး။ ရင်ခွင်က လွမ်းနေတဲ့ နှလုံးသားရဲ့ အဟုန်နဲ့ တဆတ်ဆတ်တုန်နေတာလား။ ဖြစ်ရိုးဖြစ်စဉ်အတိုင်း တဒိတ်ဒိတ်ခုန်နေတာလား။ ဒါလည်း မသေချာပြန်ဘူး။ အနွေးဓာတ်တစ်ခု လိုအပ်နေပြီဆိုတဲ့ သိစိတ်ရဲ့ အမှန်တရားကို စစ်ကြောပိုင်းခြားနိုင်လောက်တဲ့ အာရုံပြတ်သားမှုကလည်း ကိုယ်နဲ့အတူ ရှိမနေခဲ့ဘူး။ ချင်းဂျာကင်အိတ်ထဲ ထိုးထည့်ထားတဲ့ လက်တွေက တွေ့သိခဲ့ဖူးတဲ့ နွေးထွေးနူးညံ့မှုတွေကို အေးစက်တုန်ယင်စွာနဲ့ တောင့်တဆာလောင်နေကြ။ ပြန်ခံစားခွင့်မရနိုင်တော့တဲ့ တချို့သောရသတို့ရဲ့ ပြင်းရှမှုကို ဘာယ်လိုနေရာမှာပြန်ရှာ

www.burmeseclassic.com

www.burmeseclassic.com



ယူရမလဲ။ အချို့အခိုက်အတန့်တွေက ပိုင်ဆိုင်ခွင့်မရခဲ့တာမျိုးဆိုရင်တောင် ပိုကောင်းလိမ့်ဦးမယ်။ ဝေးရမှန်းသိရင် မနီးချင်ခဲ့ပါဘူး ချစ်သူရယ်။ စိတ်ရဲ့ မောင်းနှင်ရာဆီ ကားကလေးက ရွေ့ပြီး ကားကလေးရဲ့ သယ်ဆောင်ရာဆီ ကိုယ်လိုက်ပါသွားလိုက်တယ်။

ဝုန်းဒိုင်းကြဲနေတဲ့ ဂီတသံတွေနဲ့ ယိမ်းထိုးတုန်ခါနေကြတဲ့ ကိုယ်ခန္ဓာတွေက ဖရိုဖရဲနဲ့ စည်းချက်ညီနေကြ။ ရောင်စုံမီးတွေ မှိတ်တစ်ခါ လင်းတစ်လှည့် ဖြစ်နေပုံကလည်း စိတ်အာရုံတို့ရဲ့ အလင်းအမှောင်နဲ့ ပရမ်းပတာကို လိုက်ဖက်ညီလို့။ ဟောဟိုက ရွှေအိုရောင်ဆံနွယ်စတွေက သူမလား။ ဟောဟိုက ယိမ်းနွဲ့လှုပ်ရှားနေတဲ့ ဖူးဖူးကြွကြွကောက်ကြောင်းတွေက သူမလား။

ချွေးစက်လေးတွေ ယိမ့်ဆင်းခိုတွဲကျလာနေတဲ့ ပါးပြင်မို့မို့ပေါ်က ပါးချိုင့်လေးက သူမလား။ တစ်ချက်တစ်ချက် လှစ်ခနဲပေါ်လာတတ်တဲ့ သွားတက်ကလေးပါတဲ့ အပြုံးတစ်ပွင့်က သူမလား။ ဟုတ်တဲ့အခါ ဟုတ်သွားပြီး မဟုတ်တဲ့အခါ မဟုတ်တော့ပြန်ဘူး။ ကိုယ့်အကြည့်တွေကို အဓိပ္ပာယ်ဖော်မိလို့ပဲလား။ ဒါမှမဟုတ် ဖြစ်ရိုးဖြစ်စဉ်ပဲလားတော့ မသိဘူး။ သူမ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ မသေချာသေးတဲ့ သူမက ကိုယ့်အနား ရောက်လာပြီး မေးတယ်။

'ရှင် ကျွန်မဆီက ဘာလိုချင်လို့လဲ'

အနွေးဓာတ် (ဟင့်အင်း) လောင်ကျွမ်းတောက်ပမှု (မဟုတ်သေးဘူး) အခါခါ အထပ်ထပ် အထွတ်အထိပ်သော ခံစားချက်တွေ (နည်းနည်းနီးစပ်လာပြီ) စိတ်ကျေနပ်မှု (နည်းနည်းဝေးသွားပြန်ပြီ)



'ငါ မင်းရဲ့အချိန်တွေကို ခဏပဲဖြစ်ဖြစ် ဝယ်ယူချင်တာပါ'

ငယ်ငယ်တုန်းက ပွဲဈေးတန်းသွားခဲ့ဖူးတာကို သတိရတယ်။ ဘာကို တကယ်လိုချင်မှန်းမသိဘဲ မြင်သမျှကို ပူဆာမိခဲ့တဲ့ ကလေးငယ်တစ်ယောက်ရဲ့ ပုံရိပ်ကို ပြန်မြင်လာတယ်။ ပွဲဈေးတန်းက ဝယ်ခဲ့တဲ့ အရုပ်တွေကတော့ ဝယ်ပြီးမှ မကြိုက်တော့ရင် ပစ်ထားလိုက်လို့ ရတယ်။ ဘဝက ပွဲဈေးတန်း မဟုတ်ဘူး။ လူတွေက အရုပ်မဟုတ်ဘူး။ ကိုယ်လည်း ကလေးမဟုတ်တော့ဘူး။

'တန်ရာတန်ကြေးက နည်းနည်းကြီးတယ်ဆိုရင်ရော'

'ကိုယ်တကယ်လိုချင်တာကို ရမယ်ဆိုရင်တော့ ဘယ်လောက်ပဲ ပေးရ ပေးရ တန်တယ်လို့ ပြောလို့ရပါတယ်၊ ဒါပေမဲ့ ခက်တာက ငါ မင်းဆီကနေ ဘာလိုချင်နေမှန်း မသိသေးတာဘဲ'

'ယောက်ျားတစ်ယောက် သိပ်လှတဲ့ သူစိမ်းမိန်းမတစ်ယောက်ဆီက လိုချင်တာ ဘာများ များများစားစားရှိနိုင်လို့လဲ'

မသိဘူး၊ ရေတွက်ကြည့်ဖို့လည်း စိတ်ကူးမရှိခဲ့ပါဘူး။ တုန်ယင်နေတဲ့ နှုတ်ခမ်းတစ်စုံ။ နွေးထွေးတင်းကျပ်တဲ့ တွဲလက်တွေ၊ မြတ်နိုးခြင်းတွေနဲ့ တရှိုက်မက်မက်ဖြစ်ခဲ့တဲ့ ပထမဆုံးသော အနမ်း။ ချစ်သူကို မြင်ရခြင်းမှာ မရောင့်ရဲနိုင်တဲ့ အကြည့်တွေ၊ ချစ်သူရဲ့အသံကို ကြားရခြင်းမှာ မတင်းတိမ်နိုင်တဲ့ အကြားတွေ၊ ပါးအပ်နားဆင်လိုက်တိုင်း ဆန်းသစ်လတ်ဆတ်နေတတ်တဲ့ မရိုးနိုင်သော ရင်ခုန်သံစည်းချက်တွေ၊ ချစ်သူနဲ့ပတ်သက်သမျှ အရာရာကို တန်ဖိုးထား ခံစားတတ်တဲ့ စိတ်တွေ၊ ချစ်သူကို ချစ်နေရလို့ ဘဝတစ်ခုလုံး ပြည့်စုံသွားတယ်ဆိုတဲ့ ဒဏ္ဍာရီဆန်ဆန် ခံစားချက်တွေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးတွေ မဆုံးသေးခင်မှာပဲ သူမဆီက စကားသံထပ်ထွက်လာတယ်။

'ကျွန်မဆုံဖူးသမျှ ယောကျ်ားလေးတွေတိုင်း ကျွန်မဆီက လိုချင်ကြတာတကော့ တစ်ခုတည်းရှိတယ်၊ ရှင်ကရော ဘာထူးနိုင်မှာလဲ'

ကိုယ်ကလည်း ယောကျ်ားတွေထဲက ယောကျ်ားတစ်ယောက်ပဲဆိုတာတော့ မှန်ပါတယ်။ ကိုယ် သူမဆီက လိုချင်တဲ့အရာကလည်း တစ်ခုတည်းဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒါဟာ အခြားယောကျ်ားတွေ လိုချင်နေတဲ့ တစ်ခုတည်းဆိုတာနဲ့ တူမလား၊ မတူဘူးလားဆိုတာတော့ ကိုယ်လည်း မသိဘူး။

ဘာပဲဖြစ်ဖြစ် သူမဟာ သူမမဟုတ်ဘူးဆိုတဲ့ အသိကို ဖယ်ထားလိုက်ရင် သူမကို သူမအဖြစ် ခံစားကြည့်လို့ရနိုင်တယ်ဆိုတဲ့ အတွေးနဲ့ ကိုယ့်ကိုယ်ကိုယ်ဖြေသိမ့်လိုက်တယ်။ ကိုယ့်အခန်းလေးဆီ အပြန်လမ်းမှာ ကိုယ်တစ်ယောက်တည်းမဟုတ်တော့ဘူးဆိုတဲ့ အသိတစ်ခုကို တွဲထားတဲ့ စာတွေကတစ်ဆင့် တွေ့ထိခံစားနေရတာကိုက တစ်ခါက ညနေခင်းရဲ့ ပျော်ရွှင်ကြည်နူးမှုရဲ့ တစ်စိတ်တစ်ဒေသကို ပြန်ရလိုက်ခြင်းပဲ မဟုတ်ဘူးလား။

'ရှင့်လက်တွေ အရမ်းပူနေတယ်'

'အင်း… ကိုယ်ဖျားနေတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ဒီတစ်ညစာပဲ ဖြစ်ဖြစ်ပေါ့၊ မင်း ငါ့ကို 'ကို'လို့ ခေါ်ပေးနိုင်မလား'

ကိုယ့်စကားကို ကြားတော့ သူမ ပြုံးတယ်။ နှုတ်ခမ်းပါးလေးကြည့်ကောင်းရုံ တွန့်ကွေးသွားပုံက တစ်မျိုးတစ်ဖုံလှနေပေမယ့် သူမလိုတော့



မျက်လုံးလေးတွေ ပိတ်မသွားဘူး။ ကိုယ့်အကြည့်ကို အမြန်ပြန်လွှဲပြီး ကားရှိရာကို လျှောက်လာခဲ့တယ်။ ကိုယ့်ကားစက်ကို နှိုးနေချိန်မှာပဲ သူက CD ခွေတွေကို တစ်ချပ်ချင်းလိုက်ကြည့်ပြီး ရွေးနေတယ်။

'သီချင်းခွေတွေကလည်း အချစ်သီချင်းတွေချည်းပဲ၊ ခုနကလို ဆူဆူညံညံသီချင်းတွေ မရှိဘူးလား'

ကိုယ် သူမရဲ့အမေးကို လျစ်လျူရှုပြီး ကိုယ်နဲ့ သူမ နားထောင်နေကျ သီချင်းခွေလေးကိုပဲ ဖွင့်လိုက်တယ်။ စတီယာတိုင်ပေါ်ကို လက်နှစ်ဖက်စလုံးတင်ထားပြီး မောင်းနေရတဲ့အဖြစ်ကို တွေးမိတော့ ကိုယ့်ရင်ဘတ်ထဲမှာ ဆို့နင့်လာတယ်။ စပီကာထဲကနေ ထွက်လာတဲ့သီချင်းသံကလည်း လိုက်ဆိုနေကျ ဆိုညည်းသံလေးရဲ့ လစ်ဟာမှုနဲ့ မပြည့်မစုံဖြစ်နေသလိုလို။

ဘေးကိုလှည့်ကြည့်တော့ သူမက လမ်းဘေးက တရိပ်ရိပ်ဖြတ်ပြေးနေတဲ့ သစ်ပင်တွေကို အကြောင်းမဲ့လှမ်းငေးလို့။ ကိုယ့်ပါးစပ်ကနေ စကားတစ်ခွန်းက ပြောသင့်၊ မပြောသင့်ကို ချိန်ဆခွင့်မရလိုက်ချိန်မှာပဲ ထွက်ကျသွားတယ်။

'ကျေးဇူးပြုပြီး ကိုယ်ကားမောင်းနေတဲ့အချိန်မှာ ကိုယ့်ရဲ့လက်တစ်ဖက်ကို ဆုပ်ကိုင်ထားပေးပါလားကွာ'

သူမက ထိုင်ခုံပေါ်ဖြန့်ပြီးချပေးထားတဲ့ ကိုယ့်ရဲ့လက်ကို လှမ်းကြည့်ရင်း တအံ့တသြဖြစ်နေတယ်။ လက်တစ်ဖက်တည်းနဲ့ ကားမောင်းတာကိုလည်း စိုးရွံ့နေပုံပဲ။

'ကိုယ် လက်တစ်ဖက်တည်းနဲ့ မောင်းနေကျပါ၊ ဂီယာထိုးတဲ့အချိန်

www.burmeseclassic.com



ကျရင်လည်း ကိုယ့်ရဲ့လက်ကို မင်းအပေါ်ကနေ အုပ်မိုးပြီး ကိုင်ထားနိုင်တာပဲလေ’

သိပ်စိတ်မပါတဲ့ ပုံစံမျိုးနဲ့ သူမက ကိုယ့်ရဲ့လက်ကို ဆုပ်ကိုင်လိုက်တယ်။ သီချင်းလေးကို လိုက်ညည်းပေးနေဖို့တော့ ထပ်မတောင်းဆိုတော့ပါဘူး။ သူမ ဒီသီချင်းတွေကို အလွတ်ရနေသလို သူမ အလွတ်ရနေမှာမှ မဟုတ်တာလေ။ ကိုယ့်အခန်းလေးရှိရာကို တက်တဲ့ လှေကားထစ်တွေရဲ့အောက်ကိုအရောက်မှာ သူမက ကိုယ်လှေကားပေါ်အတက်ကို ဆားကနေ ရပ်စောင့်နေတယ်။

‘ဒီလှေကားပဲ၊ မင်းရှေ့က တက်လေ’

‘ရှင့်အခန်း ကျွန်မမှ မသိတာ၊ ရှင် ရှေ့ကတက်ပါလား၊ အဲ… ဆောရီး၊ ကို ရှေ့ကတက်လေ’

ကိုယ် ခေါင်းခါပြလိုက်တယ်။ သူမက ခေါင်းကုတ်တယ်။ ကိုယ်က တက်ပါဆိုတဲ့သဘောနဲ့ လက်ဟန်ပြတော့ သူမ စိတ်ရှုပ်ရှုပ်နဲ့ပဲ တက်သွားတယ်။ သူမဟာ သူမ မဟုတ်ဘူးဆိုတဲ့စိတ်နဲ့ ကိုယ်လည်း ခပ်လှမ်းလှမ်းကနေပဲ လိုက်တက်လာခဲ့လိုက်**တယ်။**

‘အဲဒီအခန်းပဲ’

လှေကားထစ်တွေ တော်တော်တက်လိုက်ရတဲ့အတွက် မောသွားတဲ့ သူမက ပိတ်ထားတဲ့ အခန်းတံခါးရှေ့က လှေကားထစ်မှာ ထိုင်ချလိုက်ပြီး ကိုယ့်ကို စောင့်နေတယ်။ သူမ အမောပြေအောင် ကိုယ် ဘာလုပ်ပေးရမလဲ။ သူမ မဟုတ်တဲ့အတွက် သူမအတွက် ကိုယ့်ရဲ့အနမ်းတစ်ပွင့်က



အမောပြေစေနိုင်ပါ့မလား။ ကိုယ် သူမကို ကျော်တက်ပြီး အိတ်ကပ်ထဲက အခန်းသော့ကို ထုတ်လိုက်တယ်။ ပိတ်ထားတဲ့ သော့ခလောက်ကို ဖွင့်ဖို့ သော့တံလေးက အဆင်သင့်ဖြစ်နေပေမယ့် ကိုယ့်လက်တွေက နှလုံးသားရဲ့ တားမြစ်မှုနဲ့ တုန့်ယင်တွန့်ဆုတ်နေခဲ့တယ်။ ဒီသော့ကို ဖွင့်ပြီး ဒီအခန်းလေးထဲဝင်ဖို့ လုံလောက်တဲ့တက်ကြွမှုမျိုး ကိုယ့်နှလုံးသားမှာ ကင်းမဲ့နေတယ်။ ကိုယ့်လက်တွေထဲ စီးနေတဲ့ သွေးတွေကလည်း လိုအပ်တဲ့ ဆူပွက်မှုမျိုးကို မရလို့ အေးစက်အားမဲ့နေကြ။

‘ကိုယ် တံခါးဖွင့်နေတဲ့အချိန်မှာ ကိုယ့်အနောက်ကနေ သိုင်းဖက်ထားပေးပါလား’

ဒီတစ်ခါတော့ ကိုယ့်ရဲ့ တောင်းဆိုမှုကြောင့် သူမ အလန့်တကြားဖြစ်သွားတယ်။ ထိုင်နေရာကနေ ဆတ်ခနဲခုန်ထပြီး ဝင်းဝင်းတောက်နေတဲ့ ဒေါသမျက်လုံးတွေနဲ့ စိုက်ကြည့်ရင်း ပြောတယ်။

‘ရှင် ဘယ်လိုလူလဲ၊ တောင်းဆိုမှုတွေကလည်း များမှများ၊ နောက်ပြီး ဘာတွေမှန်းကို မသိဘူး၊ ကျွန်မ စိတ်မရှည်တော့ဘူးနော်’

သူမရဲ့ ဒေါသထွက်နေပုံကိုကြည့်ပြီး ကိုယ် နည်းနည်းအံ့သြသွားတယ်။ အခုအချိန်အထိ ကိုယ့်ရဲ့တောင်းဆိုမှုတွေထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိပါးစေတဲ့အပြုအမူမျိုး ဘာတစ်ခုမှ မပါသေးတာလေ။ ပြီးတော့ ဒီလောက်အသေးအဖွဲလိုက်လျောရမှုလေးတွေကို သူမလို မိန်းကလေးတစ်ယောက်က ဘာကြောင့်များ တွန့်ဆိုနေရတာလဲ။

‘တကယ်တမ်း ကိုယ် မင်းဆီက တောင်းဆိုချင်တာ၊ မင်းဆီက

www.burmeseclassic.com

www.burmeseclassic.com



နေ လိုချင်တာ တစ်ခုတည်းပါ။ အဲဒါ ဘာလဲဆိုတော့ မြတ်နိုးမှုပဲ၊ ကိုယ် အခု မင်းကို တောင်းဆိုနေမိတဲ့ ကိုယ့်ကို 'ကို'လို့ ခေါ်တာ၊ ကားမောင်းနေတုန်း ကိုယ့်လက်ကို ဆုပ်ကိုင်ထားတာ၊ ကိုယ့်အခန်းတံခါးဖွင့်နေတုန်း နောက်ကနေ ဖက်ထားတာမျိုးတွေဟာ မင်းသာ ကိုယ့်ကို ချစ်မြတ်နိုးတယ်ဆိုရင် အလိုလိုဖြစ်လာနိုင်တဲ့အရာတွေပါ။ ဒါတွေဟာ အသေးအဖွဲကိစ္စလေးတွေဆိုပေမယ့် နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာမှာရှိနေတဲ့ ချစ်ခြင်းမေတ္တာဆီကနေ ပေါက်ဖွားရှင်သန်လာတဲ့ အပြုအမူလေးတွေဖြစ်တာကြောင့် ကိုယ့်အတွက်တော့ သိပ်ကိုအရေးပါပါတယ်၊ နောက်ပြီး အခုအချိန်မှာ ကိုယ့်အတွက် သိပ်ကိုလိုအပ်နေတယ်'

ကိုယ် သော့ဖွင့်နေရင်း အနောက်ကနေ သိုင်းဖက်ထွေးပွေ့လိုက်မယ့် လက်တစ်စုံရဲ့ နွေးထွေးနူးညံ့မှုကို စောင့်မျှော်ငံ့လင့်မိပေမယ့် ကိုယ်မျှော်လင့်သလို ဖြစ်မလာခဲ့ဘူး။ အခန်းလေးထဲကို ကိုယ်ဝင်တော့ သူမကလည်း လိုက်ဝင်လာတယ်။ သူ့အထဲကို ဝင်ရောက်လာတဲ့ လူနှစ်ယောက်ရဲ့ နှလုံးသားတွေဟာ အမြတ်နိုးဆုံး တွယ်တာမှုတွေနဲ့ ထိစပ်နှယ်ယှက်ထားတဲ့ နှလုံးသားတစ်စုံဖြစ်မနေခဲ့တာကြောင့် အခန်းလေးရဲ့ ကြိုဆိုနှုတ်ဆက်မှုက သိပ်ကို ခြောက်သွေ့အေးစက်လွန်းနေသလိုပဲ။

'ရှင်က ဘဝကို ဂျစ်စော jigsaw ကစားတဲ့ ကားချပ်တစ်ခုလို များ ထင်နေတာလား၊ ပုံစံတူတဲ့ အပိုင်းအစတွေကို အံဝင်ခွင်ကျဖြည့်လိုက်ရုံနဲ့ အရာရာဟာ အရင်ကအတိုင်း ပြန်လည်ပြည့်စုံသွားလိမ့်မယ်လို့ မျှော်လင့်နေတာလား'



ကိုယ် ဘယ်လိုမှထင်မထားတဲ့ စကားတွေကို သူမဆီကနေ ကြားလိုက်ရတယ်။ ဟင့်အင်း… ကိုယ် အဲဒီလို မမျှော်လင့်ပါဘူး။ ကိုယ်တစ်ယောက်တည်းရဲ့ ပြန်လိုချင်စိတ်သက်သက်နဲ့ တစ်ခါက နေ့ရက်တွေကို ပြန်ရဖို့ မတတ်နိုင်ဘူးဆိုတာ ကိုယ် သိပါတယ်။ ကိုယ် ဘာမှပြန်မဖြေရသေးခင်မှာပဲ သူမက စကားကို ဆက်ပြောတယ်။

'ရှင်ကိုယ်တိုင်ကကျတော့ ကျွန်မကို ကျွန်မအဖြစ်တောင် အသိအမှတ်မပြုဘဲနဲ့များ ကျွန်မဆီက ချစ်မြတ်နိုးမှုတစ်ခုကို လိုချင်တယ်ဆိုတော့ ရှင့်ရဲ့တောင်းဆိုမှုက မတရားလွန်းရာကျမနေဘူးလား'

ကိုယ့်စိတ်တွေ အလန့်တကြားဖြစ်သွားတယ်။ ချက်ချင်းဆိုသလိုပဲ သူမဟာ သူမဖြစ်သွားတယ်။ ခဏနေတော့ သူမဟာ သူမ မဟုတ်တော့ပြန်ဘူး။ ဟုတ်တယ်။ သူမဟာ သီးခြားမိန်းကလေးတစ်ယောက်ပဲ။ မဟုတ်ဘူး။ သူမဟာ သူမနဲ့တူတဲ့ မိန်းကလေးတစ်ယောက်ပဲ။ အင်း… သူမဟာ သူမနဲ့တူတဲ့ သီးခြားမိန်းကလေးတစ်ယောက်ပဲ။ ကိုယ်အိပ်ပျော်မနေပါဘဲ အိပ်မက်ကနေ လန့်နိုးလာခဲ့တယ်။

'ရှင့်အတွက် မိန်းကလေးတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို လိုအပ်နေသလို ကျွန်မအတွက်လည်း ကမ္ဘာလောကကြီးရဲ့ အသိအမှတ်ပြုမှုကို လိုအပ်နေတယ်၊ ဘယ်သူကမှ ဘယ်တုန်းကမှ ကျွန်မရင်ထဲက ခံစားချက်ကို၊ ကျွန်မကိုယ်တိုင်ရဲ့ အရှိတရားကို အသိအမှတ်မပြုခဲ့ကြဘူး၊ ရှင် အခု ပြောနေတဲ့ ချစ်မြတ်နိုးမှုဆိုတဲ့ စကားကိုလည်း စကားလုံးတွေအဖြစ်နဲ့ အခါခါကြားခဲ့ဖူးပေမယ့် အဲဒါတွေဟာလည်း အဖြည့်ခံတစ်ယောက်ဆီက

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့ ခဏတာ သာယာမှုအတွက် အကုန်အကျသက်သာတဲ့ ပေးချေမှု ပုံသဏ္ဌာန်တစ်ခုဆိုတာထက် မပိုခဲ့ပါဘူး။ အခုနေအချိန်များ ကျွန်မလိုအပ်နေတဲ့အရာကိုသာ ရှင့်ဆီက ရခဲ့ရင် ကျွန်မ ရှင့်ကို ဘယ်သူ့အပေါ်မှာမှ မထားခဲ့ဖူးတဲ့ ချစ်ခြင်းမျိုးနဲ့ ချစ်မိလိမ့်မယ်ထင်ပါတယ်'

ကိုယ် ဆွံ့အတိတ်ဆိတ်နေမိ။ ကိုယ့်ရင်ထဲမှာ အလွမ်းတွေမရှိတော့ဘူး။ သတိရခြင်းတွေ မရှိတော့ဘူး။ ကိုယ့်ရဲ့ ရင်ခုန်သံစည်းချက်တွေ မြန်နေတုန်းဆိုပေမယ့် ကီးချိန်းသွားတဲ့ သံစဉ်တစ်ခုလို ခြားနားသွားခဲ့ပြီ။ ကိုယ့်ရှေ့မှာ ရပ်နေတဲ့ သူမဟာ ကိုယ့်ရဲ့ တစ်ခါကသူမ လုံးဝမဟုတ်တော့ဘူး။ စိတ်ဒဏ်ရာတွေ၊ နာကျင်ခံစားရမှုတွေနဲ့ ပြည့်နှက်နေတဲ့ သနားစရာမိန်းကလေးတစ်ယောက် ဖြစ်သွားခဲ့ပြီ။ ကိုယ် သူမကို ဒီအခန်းလေးဆီ ခေါ်လာခြင်းရဲ့ အဓိကရည်ရွယ်ချက်က ကိုယ့်ရင်ထဲက ကွက်လပ်ကို ခဏတာဖြည့်စွက်ဖို့ဆိုတဲ့ အချက်ကနေ သူမရင်ထဲက ကွက်လပ်ကို ဖြည့်ပေးချင်တဲ့ စိတ်ဆန္ဒဆီ ပြောင်းလဲသွားခဲ့ပြီ။

'ကိုယ် မင်းအတွက် ဘာလုပ်ပေးရမလဲ'

သူမရဲ့ပါးပြင်ပေါ် လိမ့်ဆင်းကျလာတဲ့ မျက်ရည်စတွေကို ကိုယ် ညင်ညင်သာသာ သုတ်ဖယ်ပေးနေမိတယ်။ သူမဟာ ကိုယ့်ညီမလေးအရွယ် သာသာပဲ ရှိသေးတာပဲ။ ရှိုက်ငိုနေတဲ့ သူမကို ကိုယ့်ရဲ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်လိုက်ပြီး ကိုယ် တိုးတိုးလေးထပ်မေးလိုက်တယ်။

'ကိုယ် မင်းအတွက် ဘာလုပ်ပေးရမလဲ ညီမလေးရယ်'

သူမက ကိုယ့်ကို အားကိုးတကြီးပြန်ဖက်ထားတဲ့ လက်တွေကို ဖြေလျော့ပြီး ကိုယ့်ကို မော့ကြည့်ရင်း တိုးတိုးလေးပြန်ဖြေတယ်။



'သိပ်မများပါဘူး အစ်ကိုရယ်၊ ကျွန်မကို ကျွန်မအဖြစ်နဲ့ပဲ ဆက်ဆံပေးဖို့ပါ'

ကိုယ့်ကို မော့ကြည့်နေတဲ့ သူမရဲ့ နဖူးပြင်လေးပေါ်ကို ကိုယ့်ရဲ့ အနမ်းတစ်ပွင့် ညင်ညင်သာသာကြွေဆင်းသွားတော့တယ်။

❒ ❒ ❒

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## ဒေါလာ ၂၀

အလုပ်တွေအရမ်းများနေတာနဲ့ ဒီနေ့လည်း ထုံးစံအတိုင်း သူ အိမ်ကို နောက်ကျမှပြန်ရောက်တယ်။ အိမ်ပြန်ရောက်ရောက်ချင်းမှာပဲ အိမ်ပေါက်ဝမှာ သူ့ကို ထိုင်စောင့်နေတဲ့ ၅ နှစ်အရွယ် သားငယ်က သူ အိမ်ပေါ်မရောက်သေးခင်မှာပဲ ပြောတယ်။

'သား အဖေ့ကို တစ်ခုလောက်မေးချင်လို့ပါ'

'မေးလေ သားရဲ့၊ ဘာများတုံး'

'အဖေ အလုပ်လုပ်တာ တစ်နာရီကို ဘယ်လောက်ရလဲဟင်'

သူ့သားရဲ့ အမေးကြောင့် မောပန်းတကြီးနဲ့ ပြန်လာတဲ့သူ နည်းနည်းဒေါသထွက်သွားတယ်။

'အဲဒါ မင်းအလုပ်လား၊ ဘာလို့ ငါ့ကို ဒါတွေလာမေးနေရတာလဲ'

သူက စိတ်ဆိုးတကြီးနဲ့အော်လိုက်ပေမယ့် သားငယ်က စိတ်လျှော့မသွားဘဲ မျက်နှာငယ်လေးနဲ့ ထပ်မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သားသိချင်လို့ပါ အဖေရဲ့၊ အဖေ အလုပ်လုပ်တာ တစ်နာရီကို ဘယ်လောက်ရတယ်ဆိုတာသာ ပြောပြပါ'

'မင်းဒီလောက်သိချင်နေရင်လည်း ငါပြောပြမယ်၊ ငါ တစ်နာရီကို ဒေါ်လာ ၂၀ ရတယ်ကွာ'

သူ့အဖြေကိုကြားတော့ သားက ခေါင်းငိုက်စိုက်ကျသွားတယ်။ နောက်တော့ သူ့ကို မဝံ့မရဲမော့ကြည့်ပြီး...

'ဒါဆိုရင် သားကို ၁၀ ဒေါ်လာလောက် ခဏချေးပါလား အဖေရယ်'

သူ့သားက အဲဒီလိုပြောတော့ သူ တော်တော်စိတ်ရှုပ်သွားတယ်။

'ဘာမှအဓိပ္ပာယ်မရှိတဲ့အလုပ်တွေလုပ်ဖို့ ဒါမှမဟုတ် အရုပ်တစ်ရုပ်ဝယ်ဖို့အတွက် ဒီပိုက်ဆံကိုတောင်းတယ်ဆိုရင်တော့ မင်း ကိုယ့်အခန်းထဲကိုယ်ပြန်။ ကိုယ့်အိပ်ရာမှာ ကိုယ်သွားအိပ်ပြီး မင်း ဘာကြောင့် ဒီလောက်တစ်ကိုယ်ကောင်းဆန်ရသလဲဆိုတာကို ကိုယ့်ဘာသာကိုယ် ပြန်တွေးကြည့်နေစမ်း။ သွား... သွား...။ တစ်နေ့လုံး မောပန်းတကြီးနဲ့ အလုပ်တွေသိမ်းကျုံးလုပ်နေရတာ ငါ့မှာ ဒီလို ကလေးကလားကိစ္စတွေအတွက် အချိန်မပေးနိုင်ဘူး'

သူ အဲဒီလို စိတ်ဆိုးမာန်ဆိုးနဲ့ အော်လိုက်တော့ သားက ဘာမှပြန်မပြောဘဲ အခန်းထဲဝင်သွားပြီး တံခါးကိုပိတ်ထားလိုက်တယ်။ သူကတော့ အခုအချိန်အထိ သူ့သားမေးတဲ့ မေးခွန်းကို တစိမ့်စိမ့်တွေးပြီး ဒေါသတွေ တလိပ်လိပ်တက်နေတုန်းပါပဲ။ ဒီကလေး ဒီပိုက်ဆံလေးလိုချင်တာနဲ့များ သူ့ကို ဒီလိုမေးခွန်းမျိုး ဘာကြောင့်မေးရတာလဲလို့ သူတွေးနေမိ



တယ်။ တစ်နာရီကျော်ကျော်လောက်ကြာတော့ သူနည်းနည်းစိတ်ပြေစပြုလာတယ်။ အဲဒီအခါကျတော့မှ သူ့သား တစ်ခုခုကိုဝယ်ဖို့ ပိုက်ဆံတကယ်လိုအပ်နေလို့ သူ့ဆီက ပိုက်ဆံတောင်းတာပဲဖြစ်မယ်လို့ သူသွားစဉ်းစားမိတယ်။ အရင်ကဆို သားက ဘယ်တုန်းကမှ ပိုက်ဆံကို များများစားစားတောင်းတတ်တာမဟုတ်ဘူးလေ။ အဲဒါနဲ့ သူ သားရဲ့အခန်းနားကိုသွားပြီး တံခါးကို ဆွဲဖွင့်လိုက်တယ်။

'သား အိပ်နေပြီလား'

'အဖေ သားကိုပြောလိုက်တာ လွန်သွားတယ်ကွာ၊ ဒီရက်ပိုင်းအဖေလည်း အလုပ်အရမ်းများနေတာနဲ့ သားကိုလည်း ခဏခဏအော်မိတယ်၊ ရော့... ရော့... ဒီမှာ သားလိုတဲ့ ၁၀ ဒေါ်လာ'

သူ့စကားကိုကြားတော့ သားက အိပ်ရာထဲကနေ လူးလဲထပြီး အော်တယ်။

'ဟေး... ဒါမှ တို့ဖေဖေကွ'

နောက်ပြီး သားက ခေါင်းအုံးလေးကို လှန်၊ အောက်ကနေ ငွေစအချို့ကို ဆွဲထုတ်ပြီး ရေနေတယ်။ ဒါကိုမြင်တော့ ပိုက်ဆံတွေရှိနေရက်သားနဲ့ သူ့ဆီကနေ တောင်းရပါ့မလားလို့ တွေးမိပြီး သူ ဒေါသထွက်သွားတယ်။

'မင်း ပိုက်ဆံတွေရှိနေရက်သားနဲ့ ဘာလို့ ငါ့ဆီကနေ ထပ်တောင်းရတာလဲကွ၊ ငွေရှာရတာ လွယ်တယ်များမှတ်နေလား၊ မင်းတို့တွေ တော်တော်ခက်တာပဲ'

'သားမှာရှိတဲ့ပိုက်ဆံနဲ့ မလောက်လို့ပါ ဖေဖေ၊ အခုတော့ လောက်သွားပြီ၊ သားလုပ်ချင်တာ လုပ်လို့ရပြီ'

www.burmeseclassic.com

www.burmeseclassic.com



'မင်းက ဘာလုပ်ချင်လို့လဲကွ'

'အဖေ အခု သားမှာ ဒေါ်လာ ၂၀ ရှိပြီ၊ အဖေ့ရဲ့ အချိန်တစ်နာရီလောက် သားကိုရောင်းပါလား အဖေ၊ မနက်ဖြန် တစ်နာရီလောက်စောပြီး အိမ်ကိုပြန်ခဲ့ပါ၊ သား အဖေနဲ့ ညစာအတူတူစားချင်လို့ပါ'

သူ ဘာပြန်ပြောရမှန်းမသိအောင်ကို စွန့်အသွားတယ်။

❖ ❖ ❖

BURMESE CLASSIC .com

သူငယ်ချင်းတစ်ယောက် လှမ်းပို့ပေးတဲ့ Power Point Slide Show လေးကို ဘာသာပြန်ထားတာဖြစ်ပါတယ်။ နားလည်မှုဆိုတဲ့ စကားလုံးဟာ လူမှုဆက်ဆံရေးနယ်ပယ်တွေမှာ အင်မတန်မှကို အရေးပါပါတယ်။ မိဘနဲ့ သားသမီးဆက်ဆံရေးမှာလည်း ဒီနားလည်မှုဆိုတဲ့စကားနဲ့ပတ်သက်ပြီး ပြောစရာတွေ ရှိနေပါတယ်။ မိတိုင်းမှာ သူတို့ရဲ့ သားသမီးတွေကို အကောင်းဆုံးထောက်ပံ့ပေးချင်တဲ့စိတ်တွေ ရှိနေတယ်ဆိုတာ သေချာပါတယ်။ စိတ်ရှိသလိုပဲ မိဘတွေဟာ ပေးဆပ်မှုတွေအထပ်ထပ်နဲ့ သူတို့သားသမီးတွေရဲ့ဘဝကို အစွမ်းကုန်မြှင့်တင်ပေးနိုင်ဖို့ ကြိုးစားကြပါတယ်။ မိဘလုပ်သူတွေဟာ အလုပ်တွေကို အစွမ်းကုန်ကြိုးစားလုပ်ကြပြီး သားသမီးတွေရဲ့ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အဓိကလိုအပ်တဲ့ ငွေကြေးဥစ္စာကို အသည်းအသန်ရှာဖွေကြလေ့ရှိပါတယ်။ ဒါပေမဲ့ လွဲချော်မှုတချို့တစ်ဝက်နဲ့အတူ မိဘတွေရဲ့ အထောက်အပံ့တွေ၊ ပံ့ပိုးမှုတွေဟာ အရာမရောက်ဖြစ်သွားရတာမျိုးတွေ ရှိလာပါတယ်။ ဘာဖြစ်လို့ပါလဲ။



မိဘတွေနဲ့ သူတို့ရဲ့ကလေးတွေ ဘာကိုအမှန်တကယ်လိုအပ်နေတယ်ဆိုတာကို နားလည်သဘောပေါက်လို့ပဲ လိုပါတယ်။ စည်းစိမ်ဥစ္စာတွေအလျှံပယ်နဲ့ မိဘမေတ္တာငတ်နေကြရရှာတဲ့ ကလေးငယ်တွေ၊ ခေတ်မီဆန်းသစ်တဲ့ ကစားစရာတွေအပုံအပင်နဲ့ အလယ်မှာ မိဘတွေ အိမ်ပြန်အလာကို စောင့်မျှော်နေကြရရှာတဲ့ ကလေးငယ်တွေ၊ ဟင်းအမယ်အစုံအလင်နဲ့ ပြည့်ပြည့်စုံစုံခင်းကျင်းပြင်ဆင်ထားတဲ့ ထမင်းဝိုင်းကြီးအလယ်မှာ မိဘတွေနဲ့ ညစာအတူစားခွင့်ကို တောင့်တနေကြရတဲ့ ကလေးငယ်တွေ၊ အိစက်ညက်ညောတဲ့ ဖဲမွေ့ရာကြီးပေါ်မှာ မိဘတွေပြောပြမယ့် အိပ်ရာဝင်ပုံပြင်တွေကို မျှော်လင့်နေကြရတဲ့ ကလေးငယ်တွေ လောကကြီးထဲမှာ ဒီလိုပုံရိပ်တွေကို ကျွန်တော်တို့ တွေ့နေရခြင်းဟာ မိဘနဲ့ သားသမီးတွေကြားက နားလည်မှုလွဲချော်ခြင်းတွေရဲ့ အကျိုးဆက်တွေပါပဲ။ ဖြည့်ဆည်းပေးမှုတွေ ဘယ်လောက်ပဲများများ အဲဒါတွေဟာ လိုအပ်မှုတွေနဲ့ ထပ်တူကျမနေဘူးဆိုရင် ဒါတွေဟာ ဘာမှအရာမရောက်တဲ့ အပိုစာသားတွေပဲဖြစ်နေမှာပါ။ ကျွန်တော်ကတော့ အလုပ်တွေအရမ်းများနေကြတဲ့ မိဘတွေကို သူတို့ရဲ့ ကလေးငယ်တွေကိုယ်စား တစ်ခုလောက်တောင်းဆိုချင်ပါတယ်။ တန်ဖိုးကြီးလှတဲ့ ကိုယ့်ရဲ့ တစ်နေ့တာအချိန်တွေထဲက နည်းနည်းလောက်ဖြစ်ဖြစ်ကို ကလေးတွေအတွက် ပေးဖြစ်အောင် ပေးကြပါလို့။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လာ ၂၀

Yan said...

ကောင်းလိုက်တဲ့မေတ္တာသရုပ်ဖော်ဓာတ်လမ်းလေးဗျာ။

ကိုနေဘုန်းလတ်က တစ်ခါဆို ဆိုသေလာက်ရေးတာ ကျွန်ခဲ့တယ်။

ကျွန်တော့်ရင်ထဲမှာတောင် ဆို့တို့တို့ဖြစ်သွားတယ်။

Two Thumbs Up!

:D

ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော် said...

သူငယ်ချင်းတစ်ယောက် လှမ်းပို့ထားတဲ့ slide show လေးကို ကျွန်တော် ဘာသာပြန်ထားတာဗျ။

ဘယ်သူရေးထားတာလဲတော့ မသိဘူး။

Saturngod said...

ကြိုက်တယ်ဗျာ… အရမ်းကြိုက်တယ်… အရမ်းကောင်းတယ်…

mgthantzin said...

ခံစားမှုကို ဆွဲယူသွားနိုင်တဲ့ Post လေးတစ်ခုပါပဲ။



Min Thu said...

great translation and touching!:)

ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော် said...


Thanks for us comments.

❐ ❐ ❐

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# သဲနှင့် ကျောက်သား

သူငယ်ချင်းနှစ်ယောက် သဲကန္တာရတစ်ခုကိုဖြတ်ပြီး ခရီးတစ်ခုကို အတူတူသွားကြတယ်။ လမ်းမှာ တစ်ယောက်နဲ့ တစ်ယောက် အကြောင်းအရာတစ်ခုနဲ့ပတ်သက်ပြီး ငြင်းခုံနေကြရာကနေ ကတောက်ကဆဖြစ်ကြပြီး တစ်ယောက်က တစ်ယောက်ရဲ့မျက်နှာကို လက်သီးနဲ့ထိုးလိုက်တယ်။ အထိုးခံရတဲ့သူက ဘာမှတော့ပြန်မပြောပါဘူး။ ဒါပေမဲ့ သဲကန္တာရထဲက သဲပြင်ပေါ်မှာ ဒီလိုရေးလိုက်တယ်။

'ဒီနေ့ ငါ့ အခင်မင်ဆုံးသူငယ်ချင်းက ငါ့ကိုထိုးတယ်' တဲ့။

ဒီလိုနဲ့ သူတို့တွေ ခရီးဆက်ကြတယ်။ ခရီးကလည်း ကြမ်း၊ သူတို့မှာပါတဲ့ ရေတွေကလည်း တစ်စက်မှမကျန်အောင်ကို ခန်းကုန်ကြပြီ။ အဲဒီအချိန်မှာပဲ ခြောက်သွေ့ပူပြင်းလွန်းတဲ့ သဲကန္တာရအလယ်မှာ စိမ်းလန်းအေးမြတဲ့ အိုအေစစ်လေးတစ်ခုကို သွားတွေ့လိုက်တယ်။ ပျော်ရွှင်လွန်းတဲ့စိတ်နဲ့ ဘာကိုမှ သတိမရကြတော့ဘဲ ပစ္စည်းတွေကို ပစ်ချ၊ အဝတ်အစားတွေကို ဆွဲချွတ်ပြီး အိုအေစစ်လေးထဲက ရေကန်ထဲကို သူတို့နှစ်ယောက်စလုံး ခုန်ချလိုက်ကြတယ်။ အဲဒီအချိန်မှာပဲ ခုနက အထိုးခံရတဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ ရေကန်ရဲ့ကြမ်းပြင်အထိကျသွားပြီး ကန်အောက်ခြေက ကျောက်ခဲတွေကြားမှာ ခြေထောက်ညပ်သွားတယ်။ သူ အသည်းအသန် ရုန်းကန်ရင်း သေလုမြောပါးဖြစ်နေချိန်မှာပဲ သူ့ရဲ့သူငယ်ချင်းက ရေအောက် ထဲငုပ်လာတယ်။ ပြီးတော့ ကျောက်ခဲတွေကိုခက်ခက်ခဲခဲဖယ်ပြီး သူ့ကို ဆွဲတင်သွားတယ်။ ကုန်းပေါ်ကိုပြန်ရောက်လို့ သူသတိရလာတဲ့အခါ သူက ကျောက်တုံးကြီးကြီးတစ်ခုကိုလိုက်ရှာပြီး အဲဒီအပေါ်မှာ သူ့ရဲ့ဓားကိုသုံးပြီး ဒီလိုရေးလိုက်တယ်။

'ဒီနေ့ ငါ့ရဲ့သူငယ်ချင်းက ငါ့ရဲ့အသက်ကို ကယ်တယ်'တဲ့။

သူ့ရဲ့လုပ်ရပ်ကို သူ့သူငယ်ချင်းက နားမလည်တာနဲ့ပဲ သူ့ကိုမေး တယ်။

'ငါ မင်းကိုထိုးတုန်းကတော့ မင်းက သဲပေါ်မှာရေးပြီး အခု ငါမင်းကိုကယ်တော့ ဘာလို့ ကျောက်တုံးပေါ်မှာရေးရတာလဲကွ'

သူ့ရဲ့အဖြေကတော့ ရှင်းပါတယ်။

'တစ်စုံတစ်ယောက်က ငါ့ကို နာကျင်အောင်လုပ်တဲ့အခါ အဲဒါကို ငါတို့က သဲပေါ်မှာမှတ်ထားရတယ်ကွ၊ ဒါမှ နားလည်ခွင့်လွှတ်ခြင်းဆိုတဲ့ လေတိုက်ခတ်လာတဲ့အခါ သူ့အလိုလိုပျောက်ကွယ်သွားမှာလေ၊ ဒါပေမဲ့ တစ်စုံတစ်ယောက်က ငါတို့ကို ကူညီဖေးမတဲ့ခါမျိုးကိုတော့ ငါတို့က ကျောက်စိုင်ကျောက်သားပေါ်မှာ မှတ်သားထားရတယ်ကွ၊ ဒါမှ ဘယ်လို လေမျိုးတိုက်ခတ် တိုက်ခတ် မပျောက်မပျက်ဘဲရှိနိုင်မှာလေ'

ကျွန်တော်တို့အားလုံး ဒီပုံပြင်ထဲက ကောင်လေးလို အဖြစ်အပျက် တွေကို ခွဲခြားမှတ်သားတတ်အောင် လေ့ကျင့်သင့်ပါတယ်။ အချို့ကျတော့



အမှတ်သည်းခြေ သိပ်ကိုကြီးကြတယ်။ ဒါပေမဲ့ အများစုဟာ သူတစ်ပါး က ကိုယ့်ကိုကောင်းခဲ့တာတွေကို ချန်ထားပြီး ကိုယ့်အပေါ်ဆိုးတာတွေကိုပဲ ရွေးချယ်အမှတ်သည်းခြေကြီးတတ်ကြပါတယ်။ အချို့ကျတော့လည်း ဒီပုံပြင် ထဲက ကောင်လေးနဲ့ ပြောင်းပြန်ပေါ့။ ကိုယ့်အပေါ် ကောင်းခဲ့တာတွေကို တော့ သဲပေါ်မှာမှတ်ထားပြီး ကိုယ့်အပေါ်ဆိုးခဲ့တာတွေကိုတော့ ကျောက် စိုင်ကျောက်သားတွေပေါ်မှာ မှတ်ထားတတ်ကြတယ်။ အခွင့်သာပြီဆိုတာနဲ့ ရှိခဲ့တဲ့ကျေးဇူးတွေကို သတိမရတော့ဘဲ ဆိုးခဲ့တာတွေအတွက် အလုအယက် ကလဲ့စားချေတတ်ကြတယ်။ ကျွန်တော်ကတော့ ဒီပုံပြင်ထဲက ကောင်လေးကို အတုယူပြီး လူသားတွေအားလုံး တစ်ယောက်ရဲ့အမှားကို တစ်ယောက်က ခွင့်လွှတ်သည်းခံကြ၊ တစ်ယောက်ရဲ့ကျေးဇူးကို တစ်ယောက်က အမြဲသတိ တရရှိနေပြီး အပြန်အလှန်ကျေးဇူးပြုကြဆိုရင်ဖြင့် သိပ်ငြိမ်းချမ်းကြလိမ့်မယ် ထင်ပါတယ်။

အပေါ်က ပုံပြင်လေးက သူငယ်ချင်းတစ်ယောက်ပို့လိုက်တဲ့ power point slide show လေးကို ဘာသာပြန်ထားခြင်းဖြစ်ပါတယ်။

❒ ❒ ❒

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တန်ဖိုး

၀၅.၀၇.၀၆ ရက်နေ့တုန်းက ရေးခဲ့ဖူးတဲ့ အက်ဆေးလေးတစ်ခုပါ။ ကျောင်းမှာတုန်းက သူငယ်ချင်းတစ်ယောက် ကျွန်တော် လက်စွပ်ဝတ်တာကို အဲဒီအက်ဆေးလေးထဲကလို ကဲ့ရဲ့ခဲ့ဖူးပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တွေးမိတာလေးတွေကို ပြန်သတိရပြီး ရေးဖြစ်ခဲ့တာပါ။ ဖတ်ကြည့်ပြီး ဝေဖန်ကြပါဦး။ ဒီအက်ဆေးလေးထဲက အိုင်ဒီယာလေးနဲ့ပတ်သက်ပြီး ကျွန်တော် ဒီ့ထက်ပိုပြီး ရေးချင်ပါသေးတယ်။ ဥပမာ တိုင်းပြည်ကို ကာကွယ်သူတစ်ယောက်ရဲ့ လက်ထဲက သေနတ်တစ်လက်နဲ့ တိုင်းပြည်ကို ဖျက်ဆီးနေသူတစ်ယောက်ရဲ့ လက်ထဲက သေနတ်တစ်လက်တို့ရဲ့တန်ဖိုး မတူညီဘူး။ သားသတ်သမားတစ်ယောက်ရဲ့ လက်ထဲက ဓားနဲ့ ခွဲစိတ်ဆရာဝန်တစ်ယောက်ရဲ့ လက်ထဲက ဓားတန်ဖိုးချင်းမတူညီနိုင်ဘူးဆိုတာမျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုး

ကျွန်တော် ၈ တန်းကျောင်းသားဘဝတုန်းက မေမေမွေးနေ့လက်ဆောင်ပေးထားတဲ့ ရွှေလက်စွပ်လေးကို ဝတ်ပြီး ကျောင်းကိုသွားခဲ့ဖူးပါတယ်။ ဘာရယ် ညာရယ် မဟုတ်ပါဘူး။ လက်စွပ်လေးကလည်း ကျွန်တော့်ရဲ့ ဘယ်ဘက်လက်သန်းကြွယ်မှာ ငြိမ်ငြိမ်လေးနေနေသလို ကျွန်တော်ကလည်း သူ့ကို သိပ်ဂရုမစိုက်ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရဲ့ လက်စွပ်ကလေးကို ဂရုစိုက်မိတဲ့ သူငယ်ချင်းတစ်ယောက်က ကျွန်တော့်ကို ပြောပါတယ်။

'ငါတို့လိုကျောင်းသားတွေအတွက်တော့ အဲဒီရွှေလက်စွပ်ဟာ ဒီဘောပင်တစ်ချောင်းလောက်တောင် တန်ဖိုးမရှိပါဘူးကွာ'

သူ ဘာသဘောနဲ့ပြောတယ်ဆိုတာ ကျွန်တော်နားမလည်ပေမယ့် သူ့စကားကြီးက သိပ်သဘာဝမကျဘူးလို့ ခံစားလိုက်မိပါတယ်။ ကျွန်တော် သူ့ကို ဘာမှပြန်မပြောဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ စိတ်ထဲမှာ စဉ်းစားမိတာက...

'ဒီလက်စွပ်နဲ့ ဘောပင်တစ်ချောင်းလိုချင်ရင် အချိန်မရွေးလဲယူလို့ရတယ်၊ လက်စွပ်ကိုလိုချင်ရင်တောင် ဒီဘောပင်နဲ့ လဲယူလို့မရနိုင်ဘူး' လို့။

အဲဒီနေ့မှာပဲ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့ ကျောင်းဆင်းချိန်မှာပါ။ မိုးတွေက သဲကြီးမဲကြီးရွာချနေတယ်။ ကျောင်းဝင်းအပြင်ဘက်ကို ကျွန်တော်တို့ ရောက်ရောက်ချင်းမှာပဲ စူးစူးရဲရဲအော်သံတစ်ခုကို ကြားလိုက်ရလို့ လှည့်ကြည့်လိုက်တော့ ကလေးငယ်တစ်ယောက် လမ်းပေါ်စီးနေတဲ့ ရေတောထဲမှာ ငိုယိုအော်ဟစ်လို့။ ကျွန်တော်တို့တစ်တွေ



အပြေးအလွှားသွားကြည့်တော့ ရေတွေဖုံးနေလို့ မမြင်ရတော့ ချိုင့်ထဲကိုနင်းမိပြီး ခြေထောက်ခေါက်သွားလို့ ကလေးရဲ့ခြေထောက်ကြီးက ယောင်ကိုင်းနေတယ်။ ကလေးကလည်း လက်ထောက်လိုက်လို့ ထင်ရဲ့။ လက်ဖျံမှာလည်း လက်ငါးလုံးလောက် ပွန်းပဲ့သွားပြီး သွေးသံရဲရဲနဲ့။ ကလေးကလည်း ငို၊ ကလေးရဲ့အမေမျက်နှာကိုကြည့်တော့လည်း ဆီးရွက်လောက်ပဲ ကျုံ့တော့တယ်။ အဲဒါနဲ့ပဲ ကျွန်တော် ကားတစ်စီးကို အမြန်တားပြီး ဆေးရုံသွားကြမယ်လို့ပြင်တော့ ကလေးအမေက မျက်နှာငယ်လေးနဲ့ ပြောတယ်။

'ပိုက်ဆံမရှိဘူး' တဲ့။

အဲဒါနဲ့ ကျွန်တော်လည်း သူတို့ကို ဆေးရုံပို့ထားခဲ့ပြီး နီးစပ်ရာ အပေါင်ဆိုင်တစ်ခုမှာ လက်စွပ်လေးကို သွားပေါင်လိုက်တယ်။ ရတဲ့ငွေနဲ့ လောက်လောက်ငငဖြစ်သွားတော့မှ ကျွန်တော်တို့လည်း စိတ်အေးရတော့တယ်။ ကလေးအမေကလည်း ကျေးဇူးတင်စကားတွေ တဖွဖွပြောရင်း ပိုက်ဆံကို တစ်နည်းနည်းနဲ့ ပြန်ဆပ်မယ့်အကြောင်းတွေ ပြောတယ်။

'ရပါတယ် အန်တီ၊ ပြန်ပေးစရာ မလိုပါဘူး'

အားလုံးပြီးဆုံးသွားတဲ့နောက်မှာ ကျွန်တော်တို့သူငယ်ချင်းတစ်စုလည်း ဆေးရုံပေါ်က ဆင်းပြီး လမ်းမပေါ်ကို ပြန်ရောက်လာကြတယ်။ မိုးက အခုတော့ သူမဟုတ်သလိုပါပဲ။ မနက်တုန်းက ကျွန်တော့်ရဲ့လက်စွပ်လေးနဲ့ပတ်သက်ပြီး ဘောပင်တစ်ချောင်းလောက်တောင် တန်ဖိုးမရှိဘူးလို့ ပြောတဲ့ သူငယ်ချင်းက ကျွန်တော့်ကို ပြန်ပြီးတောင်းပန်တယ်။ ကျွန်တော်က ဘယ်လိုမှသဘောမထားပါဘူး။ ဒါပေမဲ့ သူ့ရဲ့အမြင်တွေ ရှင်းသွားအောင် စကားတစ်ခွန်းတော့ ပြောဖြစ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

၁၅၆

'အရာဝတ္ထုတစ်ခုရဲ့ တန်ဖိုးဆိုတာ သူ့ရဲ့ပိုင်ရှင်က သူ့ကို ဘယ်လို အသုံးချသလဲဆိုတဲ့အပေါ်မှာ မူတည်တာပါကွာ'

တန်ဖိုး

Yan said...

ကြိုက်တယ်ဗျာ... အတွေးအခေါ်ရော၊ ရေးသားတင်ဆက်ပုံရော ကျစ်လျစ်တယ်၊ သိပ်သည်းတယ်။ ဆက်လက်ကြိုးစားပါဗျာ...

Yan said...

ဒါလေးကိုကြိုက်လို့ Forum ရဲ့ Novels Corner မှာ တင်ထားချင်ပါတယ်။ ခွင့်ပြုပါခင်ဗျာ...

BURMESE CLASSIC .com

ကျွန်တော်လွတ်ကျခဲ့တဲ့မြို့တော် said...

Thanks for us support, fri.

demO kittO said...

really cool post...

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အမြင်

ကျီးကန်းတစ်ကောင်က ပြောတယ်

'ကောင်းကင်ကြီးက ပြာတယ်ကွ'

ဖိုးကွက်က ကျီးကန်းရဲ့အဆိုကို ငြင်းဆန်ပြီး သူ့ရဲ့အမြင်ကို ပြောတယ်။

'ကောင်းကင်ဆိုတာ အမည်းရောင်ကြီးပါကွာ'

အဲဒီအချိန်မှာ လင်းနို့တစ်ကောင်ရောက်လာပြီး သူတို့နှစ်ကောင်စလုံးရဲ့ စကားတွေကို ပယ်ချလိုက်တယ်။

'ကောင်းကင်ဆိုတာ တကယ်မရှိပါဘူးကွာ'

လွန်ခဲ့တဲ့ ၅ နှစ်လောက်တုန်းက ရေးခဲ့ဖူးတဲ့ အတွေးအပိုင်းအစလေးတစ်ခုပါ။

အမှန်တရားဆိုတာဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ကွဲပြားဖြစ်တည်နေနိုင်တယ်ဆိုတာရယ်၊ လူတစ်ဦးချင်းစီရဲ့ အမြင်တွေဟာ သူတို့ကျင်လည်

www.burmeseclassic.com

www.burmeseclassic.com



ရာ ပတ်ဝန်းကျင်နဲ့ သူတို့ရဲ့စိတ်အခြေခံတွေအပေါ်မှာ မူတည်ပြီး မတူညီမှုတွေရှိနိုင်တယ်ဆိုတာရယ်ကို ပြောချင်တာပါ။ ဒါပေမဲ့ တစ်ခုတော့ရှိပါတယ်။ သူတို့သုံးကောင်စလုံး အဲဒီလိုဆုံကြတဲ့အချိန်မှာ ကောင်းကင်ကို မော့ကြည့်လိုက်ကြဖို့ သတိမရကြလို့ ဖြစ်ပါလိမ့်မယ်။ ကျီးကန်းနဲ့ ဇီးကွက်က ကောင်းကင်ကို ခဏလောက်ဖြစ်ဖြစ် မော့ကြည့်လိုက်ကြပြီး လင်းနို့ကိုလည်း အဖြစ်မှန်ကို ရှင်းပြနိုင်မယ်ဆိုရင် သဘောထားကွဲလွဲမှုတွေ ပျောက်ပြီး အားလုံး အမှန်ကိုမြင်သွားကြလိမ့်မယ်လို့ ယူဆရပါတယ်။ ကျွန်တော်တို့ လူတွေလည်း တစ်ခါတလေမှာ သူတို့လိုဖြစ်တတ်ကြပါတယ်။ ကျွန်တော်ပြောချင်တာကတော့ အချို့သော သဘောထားကွဲလွဲမှုတွေမှာ ကိုယ့်အယူအဆတွေကို ခဏဘေးချထားပြီး အခြားသူရဲ့ဘက်ကနေ ခဏဝင်ပြီးကြည့်ပေးနိုင်ဖို့ လိုလိမ့်မယ်ဆိုတာပါ။

နေဘုန်းလတ်

နောက်ထွက်မည့် လုံးချင်းဝတ္ထုလတ်

**နေဘုန်းလတ်**

သူ့အတွက် အနုပညာ...
ကျွန်မအတွက်တော့ ဒဏ်ရာ

“မင်း ကိုယ်ဟန်ပြပေးရုံနဲ့တော့ ငါ ဘာမှမြင်ရမှာမဟုတ်ဘူး”

“တန်ရာတန်ကြေးအဖြစ်
ရှင့်ရဲ့လက်တွေကို ကျွန်မ လိုချင်တယ်”

www.burmeseclassic.com